# မြန်မာ့အလင်း

၁၉၁၄ ခုနှစ်ကတည်ထောင်သည်။
Established 1914

၁၃၆၉ ခုနှစ်၊ ဝါခေါင်လဆန်း ၄ ရက်၊ ၂၀၀၇ ခုနှစ်၊ ဩဂုတ် ၁၇ ရက်၊ သောကြာနေ့၊ အတွဲ (၄၆)၊ အမှတ် (၁၁၆)


## စစ်မှန်သော မျိုးချစ်စိတ်ဓာတ်

* ပြည်ထောင်စု၏ မည်သည့်နေရာဒေသတွင် နေထိုင်သည် ဖြစ်စေ ခိုင်မြဲသည့် ပြည်ထောင်စုစိတ်ဓာတ်ထားရှိ မွေးမြူသွားကြရန် အလွန်အရေးကြီးသည်။
* ပြည်ထောင်စုစိတ်ဓာတ်သည်သာလျှင် တိုင်းရင်းသားအားလုံး ထာဝစဉ် ထိန်းသိမ်းစောင့်ရှောက်သွားရမည့် စစ်မှန်သော မျိုးချစ်စိတ်ဓာတ်ဖြစ်သည်။

## နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေ အင်ဒိုနီးရှားနိုင်ငံ လွတ်လပ်ရေးနေ့ သဝဏ်လွှာပေးပို့

**နေပြည်တော် ဩဂုတ် ၁၇**

၂၀၀၇ ခုနှစ် ဩဂုတ် ၁၇ ရက်တွင် ကျရောက်သော အင်ဒိုနီးရှားသမ္မတနိုင်ငံ၏ (၆၂)နှစ်မြောက် လွတ်လပ်ရေးနေ့အခါသမယ၌ ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေထံမှ အင်ဒိုနီးရှားသမ္မတနိုင်ငံ သမ္မတ ဒေါက်တာ ဆူဆီလိုဘန်းဘန်း ယူဒိုယိုနိုထံသို့ ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့သည်။

**(သတင်းစဉ်)**

## ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေး အင်ဒိုနီးရှားနိုင်ငံ လွတ်လပ်ရေးနေ့ သဝဏ်လွှာပေးပို့

**နေပြည်တော် ဩဂုတ် ၁၇**

၂၀၀၇ ခုနှစ် ဩဂုတ် ၁၇ ရက်တွင် ကျရောက်သော အင်ဒိုနီးရှားသမ္မတနိုင်ငံ၏ (၆၂)နှစ်မြောက် လွတ်လပ်ရေးနေ့အခါသမယ၌ ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဗိုလ်ချုပ်မှူးကြီး မောင်အေးထံမှ အင်ဒိုနီးရှားသမ္မတနိုင်ငံ ဒုတိယသမ္မတ မစ္စတာ ယူစွပ်ကာလာထံသို့ ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့သည်။

**(သတင်းစဉ်)**



### ဘုရင့်နောင်ရိပ်သာ၌ လက်ခံတွေ့ဆုံ

**နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ်ကြီးသူရရွှေမန်း တရုတ်ပြည်သူ့သမ္မတနိုင်ငံ တရုတ်ပြည်သူ့လွတ်မြောက်ရေးတပ်မတော် Jinan Military Region Commandမှ Political Commissar General, Liu Dongdong ဦးဆောင်သော ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့ဝင်များအား နေပြည်တော်ရှိ ဘုရင့်နောင်ရိပ်သာ၌ လက်ခံတွေ့ဆုံစဉ်။**

(သတင်းစဉ်)

## နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဝင် ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ်ကြီးသူရရွှေမန်း တရုတ်ပြည်သူ့လွတ်မြောက်ရေးတပ်မတော်မှ ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့အား လက်ခံတွေ့ဆုံ

**နေပြည်တော် ဩဂုတ် ၁၆**

ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဝင် ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ်ကြီးသူရရွှေမန်းသည် ပြည်ထောင်စုမြန်မာနိုင်ငံတော်၌ ချစ်ကြည်ရေးခရီးအလည်အပတ်ရောက်ရှိနေသည့် တရုတ်ပြည်သူ့သမ္မတနိုင်ငံ တရုတ်ပြည်သူ့လွတ်မြောက်ရေးတပ်မတော် Jinan Military Region Command မှ Political Commissar General, Liu Dongdong ဦးဆောင်သော ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့အား ယမန်နေ့ မွန်းလွဲ ၁နာရီခွဲတွင် နေပြည်တော်ရှိ ဘုရင့်နောင်ရိပ်သာ၌ လက်ခံတွေ့ဆုံသည်။

**တက်ရောက်**

ထိုသို့လက်ခံတွေ့ဆုံရာတွင် နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဝင် ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ်ကြီးသူရရွှေမန်းနှင့်အတူ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်း၊ တပ်မတော်စစ်ဘက်ရေးရာ လုံခြုံရေးအရာရှိချုပ် ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်၊ စစ်ဦးစီးအရာရှိချုပ်(ရေ) ဗိုလ်ချုပ်ဉာဏ်ထွန်း၊ စစ်ဦးစီးအရာရှိချုပ်(လေ) ဗိုလ်မှူးချုပ်ခင်အောင်မြင့်၊ ဒုတိယတပ်မတော်လေ့ကျင့်ရေးအရာရှိချုပ် ဗိုလ်ချုပ်ဇော်ဝင်း၊ တွဲဖက်စစ်ရေးချုပ် ဗိုလ်ချုပ်လှရွှေ၊ တွဲဖက်စစ်ထောက်ချုပ် ဗိုလ်ချုပ်ခင်မောင်ထွန်းနှင့် တပ်မတော်အရာရှိကြီးများ တက်ရောက်ကြပြီး ဧည့်သည်တော် တရုတ်ပြည်သူ့သမ္မတနိုင်ငံ တရုတ်ပြည်သူ့လွတ်မြောက်ရေးတပ်မတော် Jinan Military Region Command မှ Political Commissar General, Liu Dongdong ဦးဆောင်သော ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့နှင့်အတူ ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံ စစ်သံမှူး Senior Colonel, Fan Lian Feng လည်း တက်ရောက်သည်။

**(သတင်းစဉ်)**

**နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေပေါ်ပေါက်ရေးသည်မြန်မာနိုင်ငံသားအားလုံး၏တာဝန်ဖြစ်သည်။**

မြန်မာ့အလင်း
၁၉၁၄ ခုနှစ်ကတည်ထောင်သည်။
Established 1914

အယ်ဒီတာ့ အာဘော်
(၂၀၀၇ ခုနှစ်၊ ဩဂုတ် ၁၇ ရက်)

# သဘာဝပတ်ဝန်းကျင် စိမ်းလန်းစိုပြည်ရေး ကြိုးပမ်း သစ်ပင်စိုက်ပျိုးပွဲတော်များ ဆက်လက်ဆင်နွှဲ

မြန်မာနိုင်ငံ၌ မိုးရာသီကာလအတွင်း သစ်ပင်စိုက်ပျိုးပွဲတော်များ ဒေသအနှံ့ ဆင်နွှဲကျင်းပလေ့ရှိသည်။

သစ်ပင်စိုက်ပျိုးပွဲတော်များ နိုင်ငံတစ်ဝန်း နှစ်စဉ်ကျင်းပပေးခဲ့၍ ဒေသအသီးသီးတွင် သစ်တော၊ သစ်ပင်များဖြင့် စိမ်းလန်းသာယာလျက်ရှိပြီး သဘာဝပတ်ဝန်းကျင်ကို ထိန်းသိမ်းစောင့်ရှောက်ရာလည်း ရောက်ပေသည်။

ထိုသို့ သစ်ပင်များကို စိုက်ပျိုးရာတွင် အဖိုးတန်သစ်များဖြစ်သည့် ကျွန်း၊ ပျဉ်းကတိုး၊ ပိတောက်၊ သစ်ရာစသော သစ်များပါဝင်ပြီး မြန်မာနိုင်ငံအလယ်ပိုင်း အပူပိုင်းဒေသ၌ ရေဝေရေလဲ သစ်တောစိုက်ခင်းများကိုလည်း ထူထောင်ထားသည်။ ထို့အပြင် ကျေးလက်ထင်းစိုက်ခင်းများလည်း ပျိုးထောင်ထားရှိသည်။

အပူပိုင်းဒေသသည် မိုးနည်းရပ်ဝန်းဒေသဖြစ်၍ မန်ကျည်း၊ တမာ၊ ထနောင်း၊ ထန်းစသောအပင်များ စိုက်ပျိုးဖြစ်ထွန်းလွယ်သည်။ မိုးများရာဒေသများတွင် သရက်၊ အုန်း၊ ဒူးရင်း၊ ပိန္နဲ၊ ကွမ်းသီး၊ မင်းကွတ်၊ ခနိအစရှိသော သီးပင်စားပင်များ၊ အခြားပန်းအလှနှင့်အရိပ်ရပင်များ စိုက်ပျိုးဖြစ်ထွန်းသည်။

သစ်ပင်စိုက်ပျိုးခြင်းသည် ယခုဘဝတွင် လောကီကောင်းကျိုးများရရှိသကဲ့သို့ နောင်သားစဉ်မြေးဆက်အတွက် လက်ဆင့်ကမ်း အမွေခံကောင်းပေးခြင်းလည်းဖြစ်သည်။

မျက်မှောက်ကမ္ဘာတွင် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေး အလေးထားဆောင်ရွက်လျက်ရှိရာ မြန်မာနိုင်ငံ၌ တိုင်းရင်းသားပြည်သူအပေါင်းက မိမိတို့ဒေသ စိမ်းလန်းစိုပြည်သာယာရေးအတွက် သစ်တော၊ သစ်ပင်များ တိုးချဲ့စိုက်ပျိုးသွားကြရန် တိုက်တွန်းရေးသားလိုက်ရပါသည်။ ။

## ပြည်သူ့သဘောထား

* ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
* နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
* နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
* ပြည်တွင်းပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

## သရက်အသင်း(ရန်ကုန်) ဝါဆိုသင်္ကန်း ကပ်လှူမည်

**ရန်ကုန် ဩဂုတ် ၁၆**

သရက်အသင်း(ရန်ကုန်)၏ (၃)ကြိမ်မြောက် ဝါဆိုသင်္ကန်းကပ်လှူပွဲကို ဩဂုတ် ၂၆ ရက်(တနင်္ဂနွေနေ့)မွန်းလွဲ ၁နာရီတွင် အင်းစိန်မြို့နယ်(ခ/၁၀)လမ်းနှင့် ဘုရင့်နောင်လမ်းထောင့်ရှိ မြို့သစ်ဓမ္မာရုံကျောင်းတွင် သံဃာတော် ၁၀ ပါးတို့အား ဝါဆိုသင်္ကန်းနှင့် လှူဖွယ်ပစ္စည်းများကို စုပေါင်းကပ်လှူမည်ဖြစ်သည်။ သရက်မြို့နယ်သူ မြို့နယ်သားများ အသင်းဝင်သည်ဖြစ်စေ၊ မဝင်သည်ဖြစ်စေ လာရောက်ကြပါရန်နှင့် လှူဒါန်းလိုသူများသည် ဒေါ်သက်သက်ဆွေ ဖုန်း-၅၇၇၁၂၆၊ ဦးသိန်းဘော် ဖုန်း-၇၂၀၈၈၀၊ဦးမိုးခိုင် ဖုန်း-၅၇၀၀၈၁၊ ဦးနေဦး ဖုန်း-၀၉-၅၁၆၃၃၄၆၊ ဦးခင်မောင်လွင်ဖုန်း-၀၉-၅၁၀၁၀၆၀၊ ဦးလှထူးကျော် ဖုန်း-၀၉- ၈၀၃၁၈၂၅၊ ဒေါ်တင်တင်မြင့် ဖုန်း-၂၁၄၁၀၈/၇၀၃၆၄၈ နှင့် ဒေါ်မြမိုးနှင်း ဖုန်း-၆၄၃၆၀၇ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။

(က-ပ)




## ဗီယက်နမ်နှင့်စင်ကာပူ စီးပွားရေးပူးပေါင်းမှု တိုးမြှင့်မည်

**စင်ကာပူ ဩဂုတ် ၁၆**

စင်ကာပူနှင့်ဗီယက်နမ် နှစ်နိုင်ငံ အကြားစီးပွားရေး ပူးပေါင်းဆောင်ရွက်မှုများတိုးမြှင့်ဆောင်ရွက်ရန် သဘောတူညီမှုကို ဩဂုတ် ၁၃ရက်က နှစ်နိုင်ငံလက်မှတ်ရေးထိုးလိုက်ကြသည်။ အဆိုပါ သဘောတူညီချက်ကို စင်ကာပူဝန်ကြီးချုပ် လီရှန်လွန်းနှင့် ဗီယက်နမ်ဝန်ကြီးချုပ်ငုယင်တန်ဇွန်းတို့ရှေ့မှောက်တွင် နှစ်နိုင်ငံ ကိုယ်စားလှယ်များက လက်မှတ်ရေးထိုးခဲ့ကြခြင်း ဖြစ်သည်။

**စာချုပ်ချုပ်ဆို**

ဗီယက်နမ်ဝန်ကြီးချုပ် ငုယင်တန်ဇွန်းသည် စင်ကာပူနိုင်ငံသို့ နှစ်ရက်ကြာ အလည်အပတ်ခရီး ရောက်နေစဉ်အတွင်း ယခုကဲ့သို့ သဘောတူစာချုပ် ချုပ်ဆိုနိုင်ခဲ့ခြင်းဖြစ်သည်။

**တည်ဆောက်**

ထိုသဘောတူစာချုပ်၌ ဗီယက်နမ်နိုင်ငံမြောက်ပိုင်း ဘင့်နန့်ပြည်နယ်တွင် အကျယ်အဝန်း ဟက်တာ ၇၀၀ခန့်ရှိသော စင်ကာပူ-ဗီယက်နမ် စက်မှုဇုန်သစ်ကြီးတစ်ခု တည်ဆောက်ရန်လည်းပါဝင်သည်။

စင်ကာပူနှင့် ဗီယက်နမ် နှစ်နိုင်ငံတို့သည် မကြာမီနှစ်များက နှစ်နိုင်ငံ ကုန်သွယ်ရေး တိုးတက်ခဲ့ရာ နှစ်စဉ် ၈ဒေသမ၆ ရာခိုင်နှုန်းရှိခဲ့သည်။

**အမ်အင်န်အေ၊ဆင်ဟွာ**

## မေတ္တာသုတ်ကျင့်စဉ် သင်တန်းဖွင့်မည်

**ရန်ကုန် ဩဂုတ် ၁၆**

ရန်ကုန်တိုင်း ဗဟန်းမြို့နယ် အာဇာနည်လမ်းရှိ မင်္ဂလာဗျူဟာ အသင်းချုပ်တွင် ဩဂုတ် ၂၀ရက်မှ ၂၄ရက်အထိ နေ့စဉ်နံနက် ၇ နာရီမှ ၈ နာရီခွဲအထိ မေတ္တာသုတ်ကျင့်စဉ်သင်တန်းကို ဒေါက်တာတင်သိန်းလွင် (သဒ္ဓမ္မဇောတိကဓဇ)၊ ဆရာဦးအောင်ဆန်း (ဒုတိယဥက္ကဋ္ဌ၊ မေတ္တာဗျူဟာအဖွဲ့)နှင့် ဆရာဦးတင်မြင့် (ကမ္မဋ္ဌာန်းနည်းပြ)တို့က သင်ကြားပေးမည်ဖြစ်သဖြင့် မည်သူမဆို ကုသိုလ်ပြုတက်ရောက်နိုင်ကြောင်းနှင့် သင်တန်းဖွင့်ပွဲကို ဩဂုတ် ၂၀ ရက် (တနင်္လာနေ့) နံနက် ၇ နာရီတွင် ကျင်းပမည် ဖြစ်သည်။ ဩဂုတ် ၂၈ ရက် (အင်္ဂါနေ့)တွင် မင်္ဂလာဗျူဟာ အသင်းချုပ်မှ (၄၁)ကြိမ်မြောက် ဝါခေါင်လပြည့် (မေတ္တာအခါတော်နေ့) ပူဇော်ပွဲနှင့် အသံမစဲ စုပေါင်းမေတ္တာပွားများပွဲ ကျင်းပမည်ဖြစ်ရာ အသင်းချုပ် ဖုန်း-၃၇၀၉၅၈သို့ ဆက်သွယ်နိုင်ကြောင်း သိရသည်။

(က-ပ)



ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာ ဦးမျိုးဝင်း A/B Myanmar Ocean Win Co., Ltd. ဩဂုတ် ၁၅ ရက်တွင် ကွယ်လွန်ခြင်း တစ်နှစ်ပြည့်အတွက်ရည်စူး၍ ဇနီး ဒေါ်ကြည်ကြည်ဝင်း၊ သားဝင်းကို၊ မျိုးကိုကို၊ မျိုးညီညီ မိသားစုက ရန်ကုန်တိုင်း မြောက်ဥက္ကလာပမြို့နယ်ရှိ ဇမ္ဗူအေးကျောင်းတိုက်အတွင်းရှိ မဟာဝိသောသန သိမ်တော်ကြီး၊ ဟသ်ာတ ပရိယတ္တိ စာသင်တိုက်တို့အပြင် စုစုပေါင်း အလှူငွေကျပ် ၁၀သိန်းနှင့် ပြင်သစ်နိုင်ငံ ပါရီမြို့ ထေရဝါဒဗုဒ္ဓသာသနာပြု မြန်မာကျောင်းတော်ကြီး ဖြစ်မြောက်ရေးအတွက် အလှူငွေကျပ်တစ်သိန်းကို အတွင်းရေးမှူး ဦးစိုးမြတ်အောင်ထံ ပေးအပ်လှူဒါန်းစဉ်။ (က-ပ)

## မြဝတီရုပ်မြင်သံကြား

**၁၇-၈-၂၀၀၇ (သောကြာနေ့)**

**နံနက်ပိုင်း**

| | | |
|---|---|---|
| ၇:၀၀ | ၁။ | မြဝတီအဖွင့် |
| ၇:၀၅ | ၂။ | အဖွင့်သီချင်း |
| ၇:၁၀ | ၃။ | မျိုးချစ်တပ်မတော် |
| ၇:၂၀ | ၄။ | မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း |
| ၇:၃၀ | ၅။ | မြန်မာသံစဉ်ချိုနားဝင် |
| ၇:၄၅ | ၆။ | မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊အက၊အရေး၊အတီး ပြိုင်ပွဲအစီအစဉ် |
| ၇:၅၀ | ၇။ | သာယာသီကြွေး ခေတ်ဆန်းတေး |
| ၇:၅၅ | ၈။ | အမျိုးသားရေးတေးကဗျာ |
| ၈:၀၀ | ၉။ | မြဝတီရုပ်မြင်သံကြားသတင်း |
| ၈:၁၀ | ၁၀။ | အမျိုးသားရေးတေးကဗျာ |

**ညပိုင်း**

| | | |
|---|---|---|
| ၄:၀၀ | ၁။ | မြဝတီအဖွင့် |
| ၄:၀၅ | ၂။ | အဖွင့်သီချင်း |
| ၄:၁၀ | ၃။ | လက်စွမ်းပြဟန်ဂီတသံ |
| ၄:၁၅ | ၄။ | ရင်ခုန်စီးဆင်းအချစ်သီချင်း |
| ၄:၃၅ | ၅။ | နားဝင်ငြိမ့်စီးသီချင်းကြီး |
| ၄:၅၅ | ၆။ | မျိုးချစ်တပ်မတော် |
| ၅:၂၅ | ၇။ | အလွမ်းတေးပန်းချီချစ်သူဆီ |
| ၅:၃၅ | ၈။ | သာယာသီကြွေး ခေတ်ဆန်းတေး |
| ၆:၀၀ | ၉။ | မြဝတီရုပ်မြင်သံကြားသတင်း |
| ၆:၁၀ | ၁၀။ | နိုင်ငံတကာသတင်း |
| ၆:၂၅ | ၁၁။ | အမျိုးသားရေးတေးကဗျာ |
| ၆:၄၀ | ၁၂။ | စောင့်မျှော်ရှုစား ကြိုးဝိုင်းစကား |
| ၆:၄၅ | ၁၃။ | လျှပ်တစ်ပြက် |
| ၇:၀၀ | ၁၄။ | ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **ပုံရိပ်ပမာ** (အပိုင်း-၁၂) |
| ၈:၀၀ | ၁၅။ | မြဝတီရုပ်မြင်သံကြားသတင်း |
| | ၁၆။ | မိုးလေဝသသတင်း |
| | ၁၇။ | အမျိုးသားရေးတေးကဗျာ |
| | ၁၈။ | စိုက်ပျိုးသုတ |
| | ၁၉။ | ယနေ့ညအတွက် မြဝတီ၏တေးလက်ဆောင် |
| | ၂၀။ | ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **သစ္စာကြီးမား(သား)ပေါင်ချိန်** (အပိုင်း-၁၈) |

## နေစွမ်းအင်မှ လျှပ်စစ်ဓာတ်အားထုတ်ယူရေး ဇမ်ဘီယာ၌ ကျေးလက်ဒေသများမှ စတင်မည်

**လူဆာကာ ဩဂုတ် ၁၆**

ဇမ်ဘီယာနိုင်ငံ၏ ကျေးလက်ဒေသများတွင် လျှပ်စစ်ဓာတ်အားရရှိရေး စီမံကိန်းအစိတ်အပိုင်းတစ်ရပ်အဖြစ် နေစွမ်းအင်အသုံးပြု ဓာတ်အားထုတ်လုပ်ရေး အစီအစဉ်ကို ဇမ်ဘီယာအစိုးရက စတင်ဆောင်ရွက်မည်ဖြစ်ကြောင်း ဇမ်ဘီယာအစိုးရအရာရှိတစ်ဦးက ဩဂုတ် ၁၃ ရက်၌ ပြောကြားသည်။

ထိုသို့ နေရောင်ခြည်မှ လျှပ်စစ်ဓာတ်အားရရှိရန် ပြည်တွင်းပုဂ္ဂလိက လုပ်ငန်းရှင်များနှင့် ဇမ်ဘီယာအစိုးရတို့က ပူးပေါင်းဆောင်ရွက်သွားမည်ဖြစ်ကြောင်း ဇမ်ဘီယာနိုင်ငံ စွမ်းအင်နှင့် ရေအရင်းအမြစ်ဆိုင်ရာ ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဂတ်တန်စီချီလီမာက ပြောကြားသည်။

**ဆောင်ရွက်ပေး**

ယခုကဲ့သို့ ဆောင်ရွက်ခြင်းသည် ဇမ်ဘီယာနိုင်ငံတွင် နေစွမ်းအင်ဆိုင်ရာ နည်းပညာများ ဖွံ့ဖြိုးလာစေရန်နှင့် ပိုမိုဖြစ်ထွန်းလာစေရန် အထောက်အပံ့အဖြစ် ဇမ်ဘီယာအစိုးရက ဆောင်ရွက်ပေးခြင်းဖြစ်သည်။

**လျှပ်စစ်ဓာတ်အားထုတ်ယူ**

ဇမ်ဘီယာနိုင်ငံတွင် လျှပ်စစ်ဓာတ်အားသုံးစွဲမှု တိုးတက်များပြားလာသဖြင့် နေစွမ်းအင်မှ လျှပ်စစ်ဓာတ်အားထုတ်ယူမှုကို အစိုးရကဦးဆောင်နေခြင်းဖြစ်သည်။

**(အင်တာနက်)**

# မြိတ်မြို့ နတ်မော်ဘုန်းတော်ကြီးသင် ပညာရေးကျောင်း ထောက်ပံ့ငွေ လှူဒါန်းပွဲကျင်းပ ဒုတိယဗိုလ်ချုပ်ကြီးမောင်ဘို အလှူငွေ၊ ဆန်၊ဆီနှင့် လှူဖွယ်ပစ္စည်းများ ဆက်ကပ်

နေပြည်တော် ဩဂုတ် ၁၆

**တနင်္သာရီတိုင်း မြိတ်မြို့၌ရောက်ရှိနေသော နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဝင် ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမောင်ဘိုသည် ဩဂုတ် ၁၄ရက် နံနက် ၈နာရီတွင် ကမ်းရိုးတန်းဒေသတိုင်းစစ်ဌာနချုပ် တိုင်းရန်အောင်ခန်းမ၌ ထားဝယ်တပ်နယ်မှ အရာရှိ၊ စစ်သည် မိသားစုများအား တွေ့ဆုံအမှာစကားပြောကြားပြီး ကမ်းရိုးတန်းဒေသတိုင်းစစ်ဌာနချုပ်နှင့် မြိတ်တပ်နယ်တို့မှ တပ်မတော်သားများ၏ သားသမီးများအတွက် စာအုပ်နှင့် စာရေးကိရိယာများကို သက်ဆိုင်ရာတာဝန်ရှိသူများထံ ပေးအပ်ကာ တွေ့ဆုံပွဲကို ရုပ်သိမ်းလိုက်သည်။**

### ရင်းရင်းနှီးနှီးနှုတ်ဆက်

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီးမောင်ဘိုသည် အရာရှိ၊စစ်သည်မိသားစုများအား ရင်းရင်းနှီးနှီးနှုတ်ဆက်သည်။

### ကြည့်ရှုစစ်ဆေး

ထိုမှတစ်ဆင့် ဒုတိယဗိုလ်ချုပ်ကြီးမောင်ဘိုသည် တိုင်းမှူး ဗိုလ်ချုပ်ခင်ဇော်ဦးနှင့် တာဝန်ရှိသူများလိုက်ပါ၍ မြိတ်မြို့ နတ်မော်ဘုန်းတော်ကြီးသင် ပညာရေးကျောင်းသို့ သွားရောက်၍ ပညာသင်ကြားနေမှုများကို ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များကို ညှိနှိုင်းပေါင်းစပ် ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ယင်း နတ်မော် ဘုန်းတော်ကြီးသင် ပညာရေးကျောင်း၌ ယခုပညာသင်နှစ်တွင် သူငယ်တန်းမှ အဋ္ဌမတန်းအထိ ကျောင်းသား ကျောင်းသူ ၂၆၀၉ ဦးတို့ ပညာသင်ယူလျက်ရှိကြသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီးမောင်ဘို၊ တိုင်းမှူးနှင့် အဖွဲ့ဝင်များသည် နတ်မော်ဘုန်းတော်ကြီးသင် ပညာရေးကျောင်း သဒ္ဓမ္မဒီပကျောင်းဆောင်၌ ကျင်းပသည့် ပညာရေးထောက်ပံ့ငွေ လှူဒါန်းပွဲသို့ တက်ရောက်ကြသည်။

### သီလခံယူ ဆောက်တည်

ရှေးဦးစွာ တနင်္သာရီတိုင်း ဘုန်းတော်ကြီးကျောင်း ပညာသင်ကြားမှုကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌ နတ်မော်ဘုန်းတော်ကြီးသင် ပညာရေးကျောင်း ကျောင်းအုပ်ဆရာတော်ထံမှ ပရိတ်သတ်များက ငါးပါးသီလခံယူဆောက်တည်ကြသည်။

### ဆက်ကပ်လှူဒါန်း

ထို့နောက် နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမောင်ဘိုက နတ်မော်ဘုန်းတော်ကြီးသင် ပညာရေးကျောင်းအတွက် ပညာရေးထောက်ပံ့ငွေကျပ် ၃၆သိန်း၊ ဆီ၊ ဆန်နှင့်လှူဖွယ်ပစ္စည်းများကို ကျောင်းအုပ်ဆရာတော် အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တဉာဏိဿရထံ ဆက်ကပ်လှူဒါန်းသည်။

ဆက်လက်၍ တိုင်းမှူး ဗိုလ်ချုပ်ခင်ဇော်ဦးက ကျောင်းသုံးဗလာစာအုပ်နှင့် စာရေးကိရိယာများကို ကျောင်းအုပ်ဆရာတော်ထံ ဆက်ကပ်လှူဒါန်းသည်။

ထို့နောက် အလှူရှင်များဖြစ်ကြသည့် ဦးကျော်လွင် (ရွှေဝက်ဝံ ကုမ္ပဏီ)၊ ဦးသုခ (အောင်ချမ်းသာ ကုမ္ပဏီ)၊ ဦးကျားမောင် (ကျော်ကျော်ဖြိုးကုမ္ပဏီ)၊ ဦးလှသန်း (ပြည့်ဖြိုးထွန်းကုမ္ပဏီ)နှင့် ဦးမြအောင် (ထူးထူးတိုးကုမ္ပဏီ) တို့က စုပေါင်းအလှူငွေ ကျပ် ၆၂ သိန်း၊ ဦးဝင်းဗိုလ် (ရောနဒီ ကုမ္ပဏီ)၊ ဦးစိုးဝင်း (ဟိုင်ဖိုင်ကုမ္ပဏီ)၊ ဦးအောင်ဝင်း(အောင်မြတ်သိန်း ကုမ္ပဏီ)နှင့် ဦးအောင်စိုး (သီတာကုမ္ပဏီ)တို့က တစ်ဦးလျှင် ငွေကျပ် ငါးသိန်းစီ စုစုပေါင်း လှူဒါန်းငွေကျပ်၁၁၈သိန်းကို ကျောင်းအုပ်ဆရာတော်ထံ ဆက်ကပ်လှူဒါန်းကြသည်။

### အမျှပေးဝေ

ထို့နောက် ကျောင်းအုပ်ဆရာတော်ထံမှ အနုမောဒနာတရားနှင့် ရေစက်ချတရားနာယူကြပြီး လှူဒါန်းမှုအစုစုတို့အတွက် ရေစက်သွန်းချအမျှပေးဝေကာ အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

### ကြည့်ရှုအားပေး

အခမ်းအနားအပြီးတွင် ဒုတိယဗိုလ်ချုပ်ကြီးမောင်ဘိုသည် ရပ်ကွက်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီအဖွဲ့ဝင်များ၊ ရပ်မိရပ်ဖများအား လိုအပ်သည်များကို မှာကြားပြီး ကျောင်းအုပ်ဆရာတော်၏ ဇီဝိတဒါနတိုင်းရင်းဆေးခန်းကို ကြည့်ရှုအားပေးသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီးမောင်ဘိုသည် တိုင်းမှူး လိုက်ပါ၍ မြိတ်မြို့၏ ဖွံ့ဖြိုးတိုးတက်မှုအခြေအနေများကို ကြည့်ရှုစစ်ဆေးသည်။

ယင်းမှတစ်ဆင့်နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမောင်ဘိုသည် မြန်မာ့လေကြောင်းခရီးဖြင့် ပြန်လည်ထွက်ခွာရာ ရန်ကုန်မြို့သို့ ညနေပိုင်းတွင် ရောက်ရှိသည်။ **(သတင်းစဉ်)**

# မြန်မာနိုင်ငံပြန်တမ်း

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီသည် ဆောက်လုပ်ရေးဝန်ကြီးဌာန၊ ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း၊ တံတားတည်ဆောက်ရေးစီမံကိန်း အထူးအဖွဲ့(၇)မှ အင်ဂျင်နီယာမှူးကြီး ဦးခင်မောင်ဆယ်အား ယင်းလုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူးအဖြစ် တာဝန်ဝတ္တရားများကို စတင်ဆောင်ရွက်သည့်နေ့မှစ၍ အစမ်းခန့်ထားလိုက်သည်။

**နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမောင်ဘို မြိတ်မြို့ နတ်မော်ဘုန်းတော်ကြီးသင် ပညာရေးကျောင်းအတွက် ပညာရေးထောက်ပံ့ငွေကျပ်၃၆သိန်း၊ ဆီ၊ ဆန်နှင့် လှူဖွယ်ပစ္စည်းများကို ကျောင်းအုပ်ဆရာတော် အဂ္ဂမဟာ သဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တဉာဏိဿရထံ ဆက်ကပ်လှူဒါန်းစဉ်။**
(သတင်းစဉ်)



# နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး ဦးဉာဏ်ဝင်း အင်ဒိုနီးရှားနိုင်ငံလွတ်လပ်ရေးနေ့ သဝဏ်လွှာပေးပို့

**နေပြည်တော် ဩဂုတ် ၁၇**

၂၀၀၇ ခုနှစ် ဩဂုတ် ၁၇ ရက်တွင် ကျရောက်သော အင်ဒိုနီးရှားသမ္မတနိုင်ငံ၏ (၆၂)နှစ်မြောက် နှစ်ပတ်လည် လွတ်လပ်ရေးနေ့ အခါသမယ၌ ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး ဦးဉာဏ်ဝင်းထံမှ အင်ဒိုနီးရှားသမ္မတနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး ဒေါက်တာ အင်န်၊ဟာဆန် ဝီရာယုဒထံသို့ ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့သည်။ **(သတင်းစဉ်)**

# ထောက်ပံ့စီမံခန့်ခွဲမှုဟောပြောပွဲ

**ရန်ကုန် ဩဂုတ် ၁၆**

မြန်မာနိုင်ငံ ငါးလုပ်ငန်းအဖွဲ့ချုပ်နှင့် မြန်မာနိုင်ငံပုစွန်လုပ်ငန်းရှင်များအသင်းတို့ ပူးပေါင်းစီစဉ်မှုဖြင့် ဩဂုတ် ၁၈ရက် (စနေနေ့) မွန်းလွဲ ၂နာရီခွဲတွင် မြန်မာနိုင်ငံငါးလုပ်ငန်းအဖွဲ့ချုပ် သီရိအဏ္ဏဝါခန်းမ၌ပါမောက္ခဒေါ်လှမြင့်(ငြိမ်း) စီမံခန့်ခွဲမှုပညာဌာန ရန်ကုန်စီးပွားရေးတက္ကသိုလ်က ထောက်ပံ့ဖြည့်တင်းရေးကွင်းဆက်စီမံခန့်ခွဲမှု ခေါင်းစဉ်ဖြင့် ဟောပြောမည်ဖြစ်သဖြင့် စိတ်ပါဝင်စားသူ မည်သူမဆို တက်ရောက်နိုင်ကြောင်း သိရသည်။ **(က–ပ)**

# မိုးကုတ်ဝိပဿနာအဖွဲ့ချုပ် ဝါတွင်းတရားစခန်းပွဲ

**ရန်ကုန် ဩဂုတ် ၁၆**

ရန်ကုန်မြို့ အမှတ်(၈၂) နတ်မောက်လမ်းရှိ မိုးကုတ်ဝိပဿနာအဖွဲ့ချုပ်ကြီး၏ဝါတွင်း တစ်လနှစ်ကြိမ် ကျင်းပလျက်ရှိသော ဝါတွင်းကာလ အထူးတရားစခန်း ၁၀ရက်ကို တတိယအပတ်အဖြစ် ဝါခေါင်လပြည့်ကျော် ၆ရက်မှ ၁၅ရက်၊ (စက်တင်ဘာ ၃ရက်မှ ၁၂ရက်)အထိ ကျင်းပမည်ဖြစ်သည်။ ယင်း တရားစခန်းပွဲကြီးတွင် အဖွဲ့ချုပ်နာယက ကံဘဲ့ဘုရားလေးကျောင်းဆရာတော် ဘဒ္ဒန္တ အဂ္ဂဉာဏအရှင်သူမြတ်က ကျေးဇူးတော်ရှင် အဂ္ဂမဟာပဏ္ဍိတ မိုးကုတ်ဆရာတော်ကြီး၏ ဥပနိဿယအတိုင်း ခန္ဓာဉာဏ်ရောက် ပဋိစ္စသမုပ္ပါဒ်နှင့် သစ္စာလေးပါး တရားတော်များကို ဟောကြားမည်ဖြစ်သည်။ အသေးစိတ်သိလိုပါက ဖုန်း– ၅၄၁၈၆၀သို့ ဆက်သွယ်စုံစမ်းနိုင်ကြောင်း သိရသည်။ **(က–ပ)**



# ထူးခြားဖြစ်စဉ် ကမ္ဘာတစ်ခွင်

❒ ပီရူးနိုင်ငံ လီမာမြို့အနီး ကမ်းရိုးတန်းဒေသတွင် ဩဂုတ် ၁၆ရက်နံနက်က အင်အားရစ်ချ်တာစကေး ၇ ဒသမ ၉ ရှိသော အင်အားပြင်းငလျင်လှုပ်ခဲ့မှုကြောင့် ၄၅၀ဦးသေဆုံးပြီး ၁၅၀၀ထက်မနည်း ဒဏ်ရာရရှိခဲ့ကြောင်း၊ ဆူနာမီ သတိပေးချက်များ အရေးပေါ်ထုတ်ပြန်ထားကြောင်း ပီရူးအာဏာပိုင်များက ပြောကြားသည်။



**ပီရူးနိုင်ငံတွင် ဩဂုတ်၁၆ရက်က အင်အားရစ်ချ်တာစကေး ၇ ဒသမ ၉ရှိသော အင်အားပြင်း ငလျင်လှုပ်ခဲ့မှုကြောင့် လီမာမြို့၌ လျှပ်စစ်ဓာတ်အားကြိုးများပြတ်တောက်ပြီး အဆောက်အအုံများ မီးလောင်နေသည်ကို တွေ့ရစဉ်။**

❖ ***၂၀၀၆ခုနှစ်က အမေရိကန်တပ်ဖွဲ့ဝင်များ မိမိကိုယ်မိမိ သတ်သေမှုအရေအတွက်မှာ ၉၉ ဦးရှိခဲ့ရာ ၂၆ နှစ်တာကာလအတွင်း မိမိကိုယ်မိမိသတ်သေမှုနှုန်း အမြင့်ဆုံးပင်ဖြစ်ကြောင်း အမေရိကန်စစ်ဘက်က ဩဂုတ် ၁၅ ရက်က သတင်းထုတ်ပြန်သည်။***

❒ တရုတ်နိုင်ငံတွင် အမြင့်ဆုံး အဆောက်အအုံတစ်ခုဖြစ်သည့် ရှန်ဟိုင်းမြို့ရှိ ရှန်ဟိုင်းကမ္ဘာ့စီးပွားရေးဗဟိုဌာန အဆောက်အအုံ၏ အထပ် ၄၀၌ ဩဂုတ် ၁၄ ရက်က မီးလောင်မှုဖြစ်ပွားရာ မီးသတ်သမားများ စွန့်စားမီးငြိမ်းသတ်ခဲ့ရသည်။ အဆိုပါ အဆောက်အအုံသည် အမြင့် ၄၉၂ မီတာရှိပြီး အထပ်ပေါင်း ၁၀၁ ထပ် ရှိသည်။

❖ ***ဖိလစ်ပိုင်နိုင်ငံမြောက်ပိုင်းဒေသများသို့ ဩဂုတ် ၁၆ရက် နံနက်ပိုင်းက တစ်နာရီလျှင် ၁၁၅ မိုင်နှုန်းဖြင့် မုန်တိုင်းထပ်မံတိုက်ခတ်ခဲ့ရာ နေအိမ်အများအပြား ပျက်စီးခဲ့ရပြီး ရုံးများ၊ စာသင်ကျောင်းများ ပိတ်ထားရကြောင်း အင်တာနက်သတင်းတွင် ဖော်ပြသည်။***

❒ အီသီယိုးပီးယားနိုင်ငံ အာဖာဒေသတွင် ဩဂုတ်၁၅ရက်က မီးတောင်တစ်ခုမှ မီးခိုးများ၊ပြာမှုန်များ ကောင်းကင်သို့ မှုတ်ထုတ်လျက်ရှိရာ ဒေသဆိုင်ရာအာဏာပိုင်များ အနီးဝန်းကျင်ရှိ ဒေသခံပြည်သူများအား ဘေးကင်းရာသို့ အမြန်ရွှေ့ပြောင်းပေးနေရကြောင်း၊ မီးတောင်ပေါက်ကွဲမှု သတိပေးချက်များ ထုတ်ပြန်ထားကြောင်း အီသီယိုးပီးယားမီဒီယာများက ဖော်ပြသည်။

❖ ***ကမ္ဘောဒီးယားနိုင်ငံတွင် ယခုနှစ် ဩဂုတ်၁၅ရက်အထိ သွေးလွန်တုပ်ကွေးရောဂါဖြစ်ပွားသူ ၃၁၁၃၆ဦးရှိခဲ့ပြီး ၃၃၃ဦးသေဆုံးခဲ့ကြောင်း ကမ္ဘောဒီးယားနိုင်ငံ ကျန်းမာရေးအရာရှိများက ပြောကြားသည်။***

❒ ရုရှားနိုင်ငံ ယာကူတီးယားပြည်နယ်မှ ဗာဗာရာစီမင်နီကိုဗာအမည်ရှိ အမျိုးသမီးကြီးသည် ၁၈၉၀ပြည့်နှစ် မေလက မွေးဖွားခဲ့သူဖြစ်ရာ လက်ရှိ၌ အသက် ၁၁၇နှစ်ရှိသဖြင့် ကမ္ဘာပေါ်တွင် အသက်အကြီးဆုံး အမျိုးသမီးကြီး တစ်ဦးဖြစ်ကြောင်း ရုရှားမီဒီယာများက ဩဂုတ်၁၅ရက်၌ ဖော်ပြသည်။

**(အင်တာနက်)**

# နိုင်ငံတော်၏ မြို့တော်ဖြစ်သည့် နေပြည်တော်ကို နိုင်ငံတော်သမ္မတ၏ တိုက်ရိုက်အုပ်ချုပ်မှုအောက်တွင်ထားရှိသည့် ပြည်ထောင်စုနယ်မြေအဖြစ် သတ်မှတ်သည်




ရန်ကုန် ဩဂုတ် ၁၆

**အမျိုးသားညီလာခံက ချမှတ်ထားပြီးဖြစ်သည့် အခြေခံရမည့်မူများနှင့် အသေးစိတ်အခြေခံရမည့်မူများအနက် ပြင်ဆင်၊ ဖြည့်စွက်၊ ပယ်ဖျက်သင့်သည် အခြေခံရမည့်မူများ၊ အသေးစိတ်အခြေခံရမည့်မူများနှင့်စပ်လျဉ်း၍ အလုပ်သမား ကိုယ်စားလှယ်များ အစုအဖွဲ့၏ ဆွေးနွေးအကြံပြုချက်စာတမ်းမှာ အောက်ပါအတိုင်းဖြစ်သည်–**

လေးစားအပ်ပါသော သဘာပတိကြီးနဲ့ သဘာပတိအဖွဲ့ဝင်များ၊ အမျိုးသားညီလာခံ ကျင်းပရေးကော်မရှင်ဥက္ကဋ္ဌနဲ့ အဖွဲ့ဝင်များ၊ အမျိုးသားညီလာခံ ကျင်းပရေးလုပ်ငန်းကော်မတီဥက္ကဋ္ဌနဲ့ လုပ်ငန်းကော်မတီဝင်များ၊ အမျိုးသားညီလာခံ ကျင်းပရေး စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌနဲ့ စီမံခန့်ခွဲမှုကော်မတီဝင်များ၊ အမျိုးသားညီလာခံကိုယ်စားလှယ်များအားလုံး ကာယသုခ၊ စိတ္တသုခ၊ နှစ်ဖြာသော သုခနဲ့ ပြည့်စုံကြပါစေလို့ ဆုမွန်ကောင်းတောင်းရင်း နှုတ်ခွန်းဆက်သ ဂါရဝ ပြုအပ်ပါတယ် ခင်ဗျား။

ကျွန်တော်ကတော့ ရန်ကုန်တိုင်း ဒေါပုံမြို့နယ်မှ အမျိုးသားညီလာခံ အလုပ်သမားကိုယ်စားလှယ် ဦးခင်မောင်ဆွေဖြစ်ပါတယ်။ အမျိုးသားညီလာခံက ချမှတ်ထားပြီးဖြစ်တဲ့ အခြေခံရမယ့်မူများနဲ့ အသေးစိတ်အခြေခံရမယ့် မူများအနက် ပြင်ဆင်၊ ဖြည့်စွက်၊ ပယ်ဖျက်သင့်တဲ့ အခြေခံရမယ့်မူများ၊ အသေးစိတ်အခြေခံရမယ့်မူများနဲ့ စပ်လျဉ်း၍ အမျိုးသားညီလာခံ စုံညီအစည်းအဝေးသို့ တင်သွင်းတဲ့ အမျိုးသားညီလာခံ အလုပ်သမားကိုယ်စားလှယ်များ အစုအဖွဲ့ရဲ့ အကြံပြုချက်စာတမ်းကို ကျွန်တော်နဲ့အတူ စစ်ကိုင်းတိုင်း ဆားလင်းကြီးမြို့နယ်မှ အလုပ်သမားကိုယ်စားလှယ် ဦးစိန်အောင်တို့က ဖတ်ကြားတင်ပြသွားမှာ ဖြစ်ပါတယ်။



**အလုပ်သမား ကိုယ် စား လှယ်များ အစုအဖွဲ့၏ ဆွေးနွေးအကြံပြုချက် စာတမ်းကို ဦးခင်မောင်ဆွေ ဖတ်ကြားတင်ပြစဉ်။**
(သတင်းစဉ်)

**သဘာပတိကြီးခင်ဗျား–**

၂၀၀၇ခုနှစ် ဩဂုတ်လ ၆ရက်နေ့ နံနက်၀၉း၀၀နာရီအချိန်မှာ ကျင်းပခဲ့တဲ့ အမျိုးသားညီလာခံ စုံညီအစည်းအဝေးကြီးမှာ အမျိုးသားညီလာခံကျင်းပရေး လုပ်ငန်းကော်မတီဥက္ကဋ္ဌက အမျိုးသားညီလာခံကချမှတ်ထားပြီးဖြစ်တဲ့ အခြေခံရမယ့်မူများနဲ့ အသေးစိတ်အခြေခံရမယ့်မူများအနက် ပြင်ဆင်၊ ဖြည့်စွက်၊ ပယ်ဖျက်သင့်တဲ့ အခြေခံရမယ့်မူများ၊ အသေးစိတ်အခြေခံရမယ့်မူများနဲ့ စပ်လျဉ်း၍ ပြည့်ပြည့်စုံစုံ ရှင်းလင်းပြောကြားခဲ့ပါတယ်။

အမျိုးသားညီလာခံ ကျင်းပရေး လုပ်ငန်းကော်မတီဥက္ကဋ္ဌရဲ့ ရှင်းလင်းပြောကြားချက်များတွင် နိုင်ငံတော်ဖွဲ့စည်းပုံ အခြေခံဥပဒေရေးဆွဲရာ၌ ပါဝင်မယ့် အခန်းခေါင်းစဉ်အလိုက် အခြေခံရမယ့်မူများနဲ့ အသေးစိတ်အခြေခံရမယ့်မူများကို အမျိုးသားညီလာခံက အောင်မြင်စွာ ချမှတ်ပြီးဖြစ်ကြောင်း၊ ဒီအခြေခံရမယ့်မူများနဲ့ အသေးစိတ်အခြေခံရမယ့်မူများဟာ အမျိုးသားညီလာခံ ကိုယ်စားလှယ်များက ဘက်စုံထောင့်စုံက အချိန်ယူဆွေးနွေးသုံးသပ်ပြီး တညီတညွတ်တည်း ချမှတ်ခဲ့ကြတာဖြစ်တဲ့အတွက် ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ရေးဆွဲတဲ့အခါ မလွဲမသွေ အခြေခံရမယ့်အချက်များဖြစ်ကြောင်း၊ အမျိုးသားညီလာခံ ကျင်းပရေး လုပ်ငန်းကော်မတီဟာ လက်ရှိဖြစ်ပေါ်နေတဲ့ အခြေအနေ အချိန်အခါနဲ့ လိုက်လျောညီထွေရှိစေရန်အတွက် လည်းကောင်း၊ မူလကချမှတ်ခဲ့တဲ့ ဦးတည်ချက်များနဲ့ ချမှတ်ခဲ့တဲ့ အသေးစိတ်အခြေခံရမယ့်မူများရဲ့ အဓိပ္ပာယ် ပိုမိုရှင်းလင်းစေရေး အတွက် လည်းကောင်း၊ ဖွဲ့စည်းပုံအခြေခံဥပဒေ မူကြမ်း ရေးဆွဲတဲ့အခါမှာ ပိုမိုတိကျရှင်းလင်းစွာ ရေးဆွဲနိုင်ရန်အတွက်လည်းကောင်း ချမှတ်ပြီးဖြစ်တဲ့ အခြေခံမူများနဲ့ အသေးစိတ်အခြေခံရမယ့်မူများကို လိုအပ်သလို ပြန်လည်သုံးသပ်၍ ပြင်ဆင်ခြင်း၊ ပယ်ဖျက်ခြင်း၊ ပြောင်းရွှေ့ဖော်ပြခြင်း၊ ထပ်မံဖြည့်စွက်သင့်တဲ့ အသေးစိတ်အခြေခံရမယ့်မူများကို ဖြည့်စွက်ခြင်းနဲ့ ဆက်လက်ဖော်ပြရန် မလိုအပ်တော့တဲ့ အချက်များကို ချန်လှပ်ခြင်းများ ပြုလုပ်ဖို့လိုအပ်ကြောင်း ရှင်းလင်းတင်ပြသွားခဲ့ပါတယ်။

ကျွန်တော်တို့ အမျိုးသားညီလာခံ အလုပ်သမားကိုယ်စားလှယ်များ အစုအဖွဲ့ သဘာပတိအဖွဲ့အနေနဲ့ အမျိုးသားညီလာခံကျင်းပရေး လုပ်ငန်းကော်မတီဥက္ကဋ္ဌရဲ့ ရှင်းလင်းပြောကြားချက်များနဲ့ စပ်လျဉ်းပြီး အမျိုးသားညီလာခံ စုံညီအစည်းအဝေးသို့ တင်သွင်းသည့် အမျိုးသားညီလာခံ အလုပ်သမားကိုယ်စားလှယ်များ အစုအဖွဲ့ရဲ့ အကြံပြုချက်စာတမ်း ရေးသားပြုစုနိုင်ရန်အတွက် ၂၀၀၇ခုနှစ် ဩဂုတ်လ ၆ရက် မွန်းလွဲ ၁၃း၀၀ နာရီအချိန်တွင် အမျိုးသားညီလာခံ အလုပ်သမားကိုယ်စားလှယ်များအား ပြန်လည်ရှင်းလင်း ဆွေးနွေးတင်ပြခဲ့ပါတယ်။ ထိုသို့ ပြန်လည်ရှင်းလင်း ဆွေးနွေးတင်ပြခဲ့ပြီး အမျိုးသားညီလာခံ စုံညီအစည်းအဝေးသို့ တင်သွင်းမည့်အမျိုးသားညီလာခံအလုပ်သမားကိုယ်စားလှယ်များ အစုအဖွဲ့ရဲ့ အမျိုးသားညီလာခံ အလုပ်သမားကိုယ်စားလှယ်များကိုယ်တိုင် စိတ်ပါဝင်စားစွာ ဆွေးနွေးအကြံပြုရေးသားခဲ့ကြသော အကြံပြုချက်စာတမ်းကို ၂၀၀၇ခုနှစ် ဩဂုတ်လ ၉ရက် နံနက်၀၉း၀၀ နာရီအချိန်တွင် အစုအဖွဲ့ အစည်းအဝေးကျင်းပလျက် အစုအဖွဲ့သဘာပတိအဖွဲ့က အလုပ်သမားကိုယ်စားလှယ်များထံမှ သဘောထားရယူ အတည်ပြုခဲ့ပါတယ်။

**သဘာပတိကြီးခင်ဗျား–**

ကျွန်တော်တို့ အလုပ်သမားကိုယ်စားလှယ်များအစုအဖွဲ့အနေနဲ့ အမျိုးသားညီလာခံ ကျင်းပရေး လုပ်ငန်းကော်မတီဥက္ကဋ္ဌ ရှင်းလင်းပြောကြားခဲ့တဲ့ အမျိုးသားညီလာခံက ချမှတ်ထားပြီးဖြစ်သော အခြေခံမူများနဲ့ အသေးစိတ်အခြေခံရမယ့်မူများအနက် ပြင်ဆင်၊ ဖြည့်စွက်၊ ပယ်ဖျက်သင့်တဲ့ အခြေခံမူများနဲ့ အသေးစိတ်အခြေခံရမယ့်မူများဟာ ဖွဲ့စည်းပုံအခြေခံဥပဒေ(မူကြမ်း) ရေးဆွဲရာမှာ ရှေ့နောက်စကားရပ်များ ညီညွတ်စေရန်လည်းကောင်း၊ နောင်တစ်ချိန်မှာ အငြင်းပွားစရာအကြောင်း မပေါ်ပေါက်စေရန်လည်းကောင်း၊ အဓိပ္ပာယ် ရှင်းလင်းလွယ်ကူစေရန် လည်းကောင်း ပြင်ဆင်၊ ဖြည့်စွက်၊ ပယ်ဖျက်သင့်တဲ့ အခြေခံမူများနဲ့ အသေးစိတ်အခြေခံရမယ့်မူများအဖြစ် တညီတညွတ်တည်း သဘောတူညီကြပါသဖြင့် အမျိုးသားညီလာခံအလုပ်သမားကိုယ်စားလှယ်များ အစုအဖွဲ့ရဲ့ အကြံပြုချက်များကို အောက်ပါအတိုင်း တင်ပြအပ်ပါတယ်။

**သဘာပတိကြီးခင်ဗျား–**

အထွေထွေပြဋ္ဌာန်းချက်များအခန်းရဲ့ စုစည်းချက်အပိုဒ် (၃)တွင် **"နိုင်ငံတော် အခြေခံမူများသည် ဥပဒေပြုလွှတ်တော်များက ဥပဒေပြဋ္ဌာန်းရာတွင် လည်းကောင်း၊ ဤဖွဲ့စည်းပုံအခြေခံဥပဒေနှင့် အခြားဥပဒေများပါ ပြဋ္ဌာန်းချက်များကို သက်ဆိုင်ရာက အနက်အဓိပ္ပာယ် ဖွင့်ဆိုရာတွင်လည်းကောင်း လိုက်နာရမည့် လမ်းညွှန်များဖြစ်သည်"**လို့ ချမှတ်ခဲ့ပြီးဖြစ်ပါတယ်။ သို့သော် နိုင်ငံတော်အနေနဲ့ နိုင်ငံတော်မှာ ဖြစ်ပေါ်နေတဲ့ အခြေအနေနဲ့ အချိန်အခါ မကျရောက်သေးလို့ ဆောင်ရွက်မပေးနိုင်တာကို အခွင့်ကောင်းယူပြီး နိုင်ငံတော်အပေါ် တရားစွဲဆိုခြင်းမှ အကာအကွယ်ပြုပေးမယ့် အသေးစိတ်အခြေခံရမယ့်မူတစ်ရပ် ချမှတ်ထားဖို့ လိုအပ်မှာ ဖြစ်ပါတယ်။

ဒါကြောင့် နိုင်ငံတော်အခြေခံမူများပါ သတ်မှတ်ချက်များနဲ့အညီ ဆောင်ရွက်ဖို့အတွက် နိုင်ငံတော်အား တရားစွဲဆိုခြင်းမှ ကာကွယ်ပေးမည့် အခြေခံမူတစ်ရပ် ချမှတ်ရေးနဲ့စပ်လျဉ်းပြီး–

**အထွေထွေပြဋ္ဌာန်းချက်များအခန်းရဲ့ စုစည်းချက်အပိုဒ် (၃)ပါ–**

**"နိုင်ငံတော်အခြေခံမူများသည် ဥပဒေပြုလွှတ်တော်များက ဥပဒေ ပြဋ္ဌာန်းရာတွင်လည်းကောင်း၊ ဤဖွဲ့စည်းပုံအခြေခံဥပဒေနှင့် အခြားဥပဒေများပါ ပြဋ္ဌာန်းချက်များကို သက်ဆိုင်ရာက အနက်အဓိပ္ပာယ် ဖွင့်ဆိုရာတွင်လည်းကောင်း လိုက်နာရမည့် လမ်းညွှန်များဖြစ်သည်။"**ဆိုတဲ့ စကားရပ်နှင့်ဆက်၍– **"နိုင်ငံတော်က ထိုအခြေခံမူများနှင့်အညီ အလေးဂရုပြု ဆောင်ရွက်ရမည်။ သို့ရာတွင် ထိုသို့ဆောင်ရွက်စေရန် မည်သည့်တရားရုံးတွင်မျှ တရားစွဲဆိုခွင့်မရှိစေရ"** ဆိုသော စကားရပ်ကို ဖြည့်စွက်၍ အသေးစိတ်အခြေခံရမယ့်မူအဖြစ် ချမှတ်သင့်ပါကြောင်း အကြံပြုတင်ပြအပ်ပါတယ်။

**သဘာပတိကြီးခင်ဗျား–**

"နိုင်ငံသား၊ နိုင်ငံသားများ၏ မူလအခွင့်အရေးနှင့် တာဝန်များအခန်း" အတွက် အသေးစိတ်အခြေခံရမယ့်မူများ ချမှတ်ခဲ့စဉ်က အပိုဒ် ၅၀အဖြစ် **"ဤအခန်းပါ 'နိုင်ငံတော်' ဆိုသည်မှာ ရှေ့နောက်စကားရပ်တို့၏ အဓိပ္ပာယ်ကို ထောက်၍ ဤဖွဲ့စည်းပုံ အခြေခံဥပဒေအရ ဥပဒေပြုမှုအခွင့်အာဏာကိုသော် လည်းကောင်း၊ အုပ်ချုပ်မှုအခွင့်အာဏာကိုသော် လည်းကောင်း ကျင့်သုံးသော အဖွဲ့အစည်းကို ဆိုလိုသည်"**လို့ ဖော်ပြခဲ့ပါတယ်။ အဲဒီ အသေးစိတ် အခြေခံရမယ့်မူပါ ဖော်ပြချက်အရဆိုရင် 'နိုင်ငံသား၊ နိုင်ငံသားများ၏ မူလအခွင့်အရေးနှင့် တာဝန်များအခန်း'ရှိ'နိုင်ငံတော်'ဆိုတဲ့ စကားရပ်များနဲ့သာ အကျုံးဝင် သက်ဆိုင်မယ့် သဘောသက်ရောက်နေတာကြောင့် အဲဒီအခန်းမှာ ဖော်ပြထားတဲ့"နိုင်ငံတော်" ဆိုတဲ့စကားရပ်များရဲ့ အဓိပ္ပာယ်ရှင်းလင်းဖွင့်ဆိုချက်ကိုပါ တစ်ပါတည်း အကျုံးဝင် သတ်မှတ်ပြီးဖြစ်စေဖို့ ဖော်ပြပါအပိုဒ်၅၀တွင် ထပ်မံဖြည့်စွက်သင့်ပါတယ်။ ဒါ့အပြင် အဲဒီအပိုဒ်မှာ "အဖွဲ့အစည်း"ဆိုတဲ့ စကားရပ်ကိုလည်း အသေးစိတ်အခြေခံရမယ့်မူတွင် ပြည့်စုံအောင် ထည့်သွင်းဖော်ပြသင့်ပါတယ်။

ဒါကြောင့် "နိုင်ငံသား၊ နိုင်ငံသားများ၏ မူလအခွင့်အရေးနှင့် တာဝန်များအခန်း" စုစည်းဖော်ပြချက် အပိုဒ် ၅၀ ရှိ **"ဤအခန်းပါ 'နိုင်ငံတော်' ဆိုသည်မှာ ရှေ့နောက်စကားရပ်တို့၏ အဓိပ္ပာယ်ကို ထောက်၍ ဤဖွဲ့စည်းပုံ အခြေခံဥပဒေအရ ဥပဒေပြုမှု အခွင့်အာဏာကိုသော်လည်းကောင်း၊ အုပ်ချုပ်မှုအခွင့် အာဏာကိုသော် လည်းကောင်း ကျင့်သုံးသောအဖွဲ့အစည်းကို ဆိုလိုသည်။"** ဆိုတဲ့ စကားရပ်အစား– **"ဤအခန်းနှင့် အခန်း(၁)၊ နိုင်ငံတော်အခြေခံမူများအခန်းပါ 'နိုင်ငံတော်'ဆိုသည်မှာ ရှေ့နောက်စကားရပ်တို့၏ အဓိပ္ပာယ်ကိုထောက်၍ ဤဖွဲ့စည်းပုံ အခြေခံဥပဒေအရ ဥပဒေပြုမှုအခွင့်အာဏာကိုသော်လည်းကောင်း၊ အုပ်ချုပ်မှု အခွင့်အာဏာကိုသော် လည်းကောင်း ကျင့်သုံးသော အဖွဲ့အစည်း သို့မဟုတ် ပုဂ္ဂိုလ်ကို ဆိုလိုသည်"**လို့ အသေးစိတ်အခြေခံရမယ့်မူကို ဖြည့်စွက်၍ ချမှတ်သင့်ပါကြောင်း အကြံပြုတင်ပြအပ်ပါတယ်။

**သဘာပတိကြီးခင်ဗျား–**

တရားစီရင်ရေးဆိုင်ရာ ဖွဲ့စည်းမှုအပိုင်းအတွက် အသေးစိတ်အခြေခံရမယ့်မူများ ချမှတ်စဉ်က ပြည်ထောင်စုတရားသူကြီးချုပ်နဲ့ ပြည်ထောင်စု တရားလွှတ်တော်ချုပ် တရားသူကြီးများရဲ့ အရည်အချင်းများနဲ့ စပ်လျဉ်းပြီး အပိုဒ်၃ အပိုဒ်ခွဲ(ဂ) အပိုဒ်ခွဲငယ် (၃)တွင်"တရားလွှတ်တော်ရှေ့နေ(Advocate)အဖြစ် အနည်းဆုံး ၂၀ နှစ် အမှုလိုက်ပါဆောင်ရွက်ခဲ့သူ"လို့ ဖော်ပြခဲ့ပြီး တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်တရားလွှတ်တော် တရားသူကြီးချုပ်များနဲ့ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်တရားလွှတ်တော် တရားသူကြီးများရဲ့ အရည်အချင်းများနဲ့ စပ်လျဉ်းပြီး အပိုဒ် ၁၁ အပိုဒ် ခွဲ(ဂ) အပိုဒ်ခွဲငယ် (၂)တွင် "တရားလွှတ်တော်ရှေ့နေ(Advocate)အဖြစ် ၁၅နှစ်အမှုလိုက်ပါဆောင်ရွက်ခဲ့သူ"လို့ ဖော်ပြခဲ့တဲ့ အတွက် ဒီဖော်ပြချက်အရ "အနည်းဆုံး ၁၅နှစ်"ဆိုတဲ့ စကားရပ်ကို သုံးနှုန်းသင့်ပါတယ်။

ဒါကြောင့် တရားစီရင်ရေးဆိုင်ရာ ဖွဲ့စည်းမှုအပိုင်းရှိ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်တရားသူကြီးများရဲ့ အရည်အချင်း အပိုဒ် ၁၁ အပိုဒ်ခွဲ(ဂ) အပိုဒ်ခွဲငယ်(၂)ရှိ "တရားလွှတ်တော်ရှေ့နေ(Advocate)အဖြစ် ၁၅နှစ် အမှုလိုက်ပါ ဆောင်ရွက်ခဲ့သူ"ဆိုတဲ့ စကားရပ်အစား"တရားလွှတ်တော်ရှေ့နေ(Advocate) အဖြစ် အနည်းဆုံး ၁၅နှစ် အမှုလိုက်ပါဆောင်ရွက်ခဲ့သူ"လို့ ဖြည့်စွက်၍ အသေးစိတ် အခြေခံရမယ့်မူအဖြစ် ချမှတ်သင့်ပါကြောင်း အကြံပြု တင်ပြအပ်ပါတယ်။

**သဘာပတိကြီးခင်ဗျား–**

နိုင်ငံတော် အခြေခံမူများအခန်းအတွက် အခြေခံမူများချမှတ်စဉ်က အပိုဒ် (ခ)ရှိ နိုင်ငံတော်၏ ဦးတည်ချက်နှင့် စပ်လျဉ်းသည့် အခြေခံရမည့်မူများအဖြစ် အပိုဒ်ခွဲ(၄)တွင် "စစ်မှန်သော ပါတီစုံဒီမိုကရေစီစနစ် ထွန်းကားရေး"ဟု လည်းကောင်း၊ အပိုဒ်(ဂ)ရှိ ပါတီစုံဒီမိုကရေစီနှင့် စပ်လျဉ်းသည့် အခြေခံရမည့်မူအဖြစ်"နိုင်ငံတော်သည် စစ်မှန်သော ပါတီစုံဒီမိုကရေစီစနစ်ကို ကျင့်သုံးသည်" ဟု လည်းကောင်း၊ အပိုဒ်(လ)တွင် "နိုင်ငံတော်သည် စစ်မှန်သော ပါတီစုံ ဒီမိုကရေစီစနစ် ထွန်းကားရေးအတွက် နိုင်ငံရေးပါတီများကို စနစ်တကျ ဖွဲ့စည်းနိုင်ရန် လိုအပ်သည့် ဥပဒေပြဋ္ဌာန်းဆောင်ရွက်မည်"ဟု လည်းကောင်း ဖော်ပြခဲ့ပြီး နိုင်ငံရေးပါတီများအခန်းအတွက် အသေးစိတ်အခြေခံရမယ့်မူများ ချမှတ်တဲ့အခါ အပိုဒ်၂ အပိုဒ်ခွဲ(က)တွင် "နိုင်ငံရေးပါတီတစ်ရပ်သည် စစ်မှန်၍ စည်းကမ်း ပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ်ကို လက်ခံကျင့်သုံးရမည်"လို့ ဖော်ပြခဲ့တာကြောင့် ဖွဲ့စည်းပုံအခြေခံဥပဒေ(မူကြမ်း) ရေးဆွဲရာမှာ ရှေ့နောက်စကားရပ် ညီညွတ်စေရန်"စစ်မှန်၍ စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီ စနစ်လို့" သုံးနှုန်းသင့်ပါတယ်။

ဒါကြောင့် နိုင်ငံတော်အခြေခံမူများအခန်းရှိ အပိုဒ်(ခ) အပိုဒ်ခွဲ(၄) အပိုဒ်(ဂ)နှင့် အပိုဒ်(လ)တို့ရှိ "စစ်မှန်သော ပါတီစုံဒီမိုကရေစီစနစ်"ဆိုတဲ့ စကားရပ်အစား "စစ်မှန်၍ စည်းကမ်းပြည့်ဝသော ပါတီစုံ ဒီမိုကရေစီ စနစ်"လို့ ဖြည့်စွက်၍ အသေးစိတ်အခြေခံရမယ့်မူအဖြစ် ချမှတ်သင့်ပါကြောင်း အကြံပြု တင်ပြအပ်ပါတယ်။

**သဘာပတိကြီးခင်ဗျား–**

နိုင်ငံတော်အခြေခံမူများအခန်းအတွက် အခြေခံမူများချမှတ်စဉ်က အပိုဒ် (ဈ)ရှိ တရားစီရင်ရေးနှင့် စပ်လျဉ်းသည့် အခြေခံရမည့်မူများအဖြစ် အပိုဒ်ခွဲ (၁)တွင် "နိုင်ငံတော်၏ တရားစီရင်ရေးအာဏာကို ပြည်ထောင်စု တရားလွှတ်တော်၊ တိုင်းဒေသကြီး တရားလွှတ်တော်များ၊ ပြည်နယ်တရားလွှတ်တော်များနှင့် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရစီရင်စု တရားရုံးများ အပါအဝင် အဆင့်ဆင့်သော တရားရုံးများအား ခွဲဝေအပ်နှင်းသည်"ဟုလည်းကောင်း၊ အပိုဒ်ခွဲ(၂)တွင် "ပြည်ထောင်စုတွင် ပြည်ထောင်စု တရားလွှတ်တော် တစ်ရပ်ထားရှိသည်၊ ပြည်ထောင်စုတရားလွှတ်တော်သည် နိုင်ငံတော်၏ အမြင့်ဆုံးတရားရုံးဖြစ်သည်" ဟုလည်းကောင်း၊ အပိုဒ်(၃)တွင် "ပြည်ထောင်စုတရားလွှတ်တော်တွင် စာချွန်တော်အမိန့်များ ထုတ်ပိုင်ခွင့်အာဏာများရှိသည်"ဟုလည်းကောင်း ဖော်ပြခဲ့ပြီး တရားစီရင်ရေးဆိုင်ရာ ဖွဲ့စည်းမှုအပိုင်းအတွက် အသေးစိတ်အခြေခံရမည့်မူများ ချမှတ်သည့်အခါ အပိုဒ်(၁)မှ အပိုဒ်(၉)အထိနှင့် တရားစီရင်ရေးဆိုင်ရာ အာဏာခွဲဝေမှုအပိုင်းရှိ အပိုဒ်(၁)၊ အပိုဒ်(၂)နှင့် အပိုဒ်(၈)တို့ရှိ အသေးစိတ်အခြေခံရမည့်မူများတွင် "ပြည်ထောင်စုတရားလွှတ်တော်ချုပ်"ဟု ဖော်ပြခဲ့တာကြောင့် "ပြည်ထောင်စုတရားလွှတ်တော်ချုပ်"လို့သာ သုံးနှုန်းသင့်ပါတယ်။

ဒါကြောင့် နိုင်ငံတော်အခြေခံမူများအခန်းရှိ အပိုဒ်(ဈ) အပိုဒ်ခွဲ(၁)၊ (၂)၊ (၃)တို့ရှိ "ပြည်ထောင်စုတရားလွှတ်တော်"ဆိုတဲ့ စကားရပ်အစား "ပြည်ထောင်စုတရားလွှတ်တော်ချုပ်"လို့ ဖြည့်စွက်၍ အသေးစိတ် အခြေခံရမယ့်မူအဖြစ် ချမှတ်သင့်ပါကြောင်း အကြံပြုတင်ပြအပ်ပါတယ်။

**သဘာပတိကြီးခင်ဗျား–**

အုပ်ချုပ်ရေးဆိုင်ရာ ဖွဲ့စည်းမှုအပိုင်းအတွက် အသေးစိတ်အခြေခံရမယ့်မူများ ချမှတ်စဉ်က အပိုဒ်၂၂ အပိုဒ်ခွဲ(ဇ)တွင် "သက်ဆိုင်ရာ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ တိုင်းဥက္ကဋ္ဌ သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဥက္ကဋ္ဌအား လည်းကောင်း၊ သက်ဆိုင်ရာ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အတွင်းရှိ တိုင်းရင်းသားလူမျိုးရေးရာ ဆောင်ရွက်ရန် ရွေးကောက်တင်မြှောက်ထားသည့် လွှတ်တော်ကိုယ်စားလှယ်အားလည်းကောင်း၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ဝန်ကြီးအဖြစ် ခန့်အပ်တာဝန်ပေးရာတွင် နိုင်ငံတော်သမ္မတသည် ဖွဲ့စည်းပုံအခြေခံဥပဒေတွင် သတ်မှတ်ထားသည့် အသက်ကန့်သတ်ချက်ကို လျှော့ပေါ့ စဉ်းစားနိုင်သည်"လို့ ဖော်ပြခဲ့ရာ "လျှော့ပေါ့စဉ်းစားနိုင်သည်" ဆိုတဲ့ စကားရပ်အစား "လျှော့ပေါ့ပေးရမည်"ဆိုတဲ့ စကားရပ်ကို သုံးနှုန်းသင့်ပါတယ်။

ဒါကြောင့် အုပ်ချုပ်ရေးဆိုင်ရာဖွဲ့စည်းမှုအပိုင်း အပိုဒ်၂၂ အပိုဒ်ခွဲ(ဇ)ရှိ "နိုင်ငံတော် သမ္မတသည် ဖွဲ့စည်းပုံအခြေခံဥပဒေတွင် သတ်မှတ်ထားသည့် အသက်ကန့်သတ်ချက်ကို လျှော့ပေါ့စဉ်းစားနိုင်သည်"ဆိုတဲ့ စကားရပ်အစား "နိုင်ငံတော်သမ္မတသည် ဖွဲ့စည်းပုံ အခြေခံဥပဒေတွင် သတ်မှတ်ထားသည့် အသက်ကန့်သတ်ချက်ကို လျှော့ပေါ့ပေးရမည်"လို့ အသေးစိတ် အခြေခံရမယ့်မူအဖြစ် ပြင်ဆင်ချမှတ်သင့်ပါကြောင်း အကြံပြုတင်ပြအပ်ပါတယ်။

**စာမျက်နှာ ၅ ကော်လံ ၁ သို့**

စာမျက်နှာ ၄ မှ

**သဘာပတိကြီးခင်ဗျား–**

အုပ်ချုပ်ရေးဆိုင်ရာ ဖွဲ့စည်းမှုအပိုင်းအတွက် အသေးစိတ်အခြေခံရမယ့်မူများ ချမှတ်စဉ်က အပိုဒ် ၂၂ အပိုဒ်ခွဲ(ဌ)တွင်–

“(၁) တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ဝန်ကြီးချုပ်သည် နိုင်ငံတော်သမ္မတအား တာဝန်ခံရမည်၊

(၂) တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ဝန်ကြီးများသည် သက်ဆိုင်ရာ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ဝန်ကြီးချုပ်အားလည်းကောင်း၊ သက်ဆိုင်ရာ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ဝန်ကြီးချုပ်မှတစ်ဆင့် နိုင်ငံတော်သမ္မတအားလည်းကောင်း တာဝန်ခံရမည်”လို့ ဖော်ပြခဲ့ပြီး အပိုဒ် ၂၈၊ အပိုဒ်ခွဲ(စ)တွင် “တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ဥပဒေချုပ်သည် သက်ဆိုင်ရာ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ဝန်ကြီးချုပ်မှတစ်ဆင့် နိုင်ငံတော်သမ္မတအား လည်းကောင်း၊ ပြည်ထောင်စုရှေ့နေချုပ်အား လည်းကောင်း၊ သက်ဆိုင်ရာ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ဝန်ကြီးချုပ်အား လည်းကောင်း တာဝန်ခံရမည်”ဟုလည်းကောင်း၊ အပိုဒ်၃၁ အပိုဒ်ခွဲ( င)တွင် “တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်စာရင်းစစ်ချုပ်သည် သက်ဆိုင်ရာ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ဝန်ကြီးချုပ်မှတစ်ဆင့် နိုင်ငံတော်သမ္မတအား လည်းကောင်း၊ ပြည်ထောင်စု စာရင်းစစ်ချုပ်အား လည်းကောင်း၊ သက်ဆိုင်ရာ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ဝန်ကြီးချုပ်အားလည်းကောင်း တာဝန်ခံရမည်”ဟု လည်းကောင်း ဖော်ပြခဲ့ပါတယ်။

ဒါကြောင့် အပိုဒ် ၂၈၊ အပိုဒ်ခွဲ(စ)အဖြစ်–

“တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ဥပဒေချုပ်သည်–

(၁) သက်ဆိုင်ရာ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် ဝန်ကြီးချုပ်မှတစ်ဆင့် နိုင်ငံတော်သမ္မတအား တာဝန်ခံရမည်၊

(၂) ပြည်ထောင်စုရှေ့နေချုပ်အား လည်းကောင်း၊ သက်ဆိုင်ရာ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ဝန်ကြီးချုပ်အား လည်းကောင်း တာဝန်ခံရမည်” ဟုလည်းကောင်း၊

အပိုဒ် ၃၁၊ အပိုဒ်ခွဲ(င)အဖြစ်–

“တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်စာရင်းစစ်ချုပ်သည်–

(၁) သက်ဆိုင်ရာ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ဝန်ကြီးချုပ်မှတစ်ဆင့် နိုင်ငံတော်သမ္မတအား တာဝန်ခံရမည်၊

(၂) ပြည်ထောင်စု စာရင်းစစ်ချုပ်အားလည်းကောင်း၊ သက်ဆိုင်ရာ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ဝန်ကြီးချုပ်အားလည်းကောင်း တာဝန်ခံရမည်”

ဟု လည်းကောင်း အသေးစိတ်အခြေခံရမယ့်မူများအဖြစ် ပြင်ဆင်ချမှတ်သင့်ပါကြောင်း အကြံပြုတင်ပြအပ်ပါတယ်။

အကြံပြုချက်စာတမ်း၏ ကျန်ရှိသောအပိုင်းကို စစ်ကိုင်းတိုင်း ဆားလင်းကြီးမြို့နယ်မှ အလုပ်သမားကိုယ်စားလှယ် ဦးစိန်အောင်က ဆက်လက်ဖတ်ကြားတင်ပြသွားပါမယ် ခင်ဗျား။

လေးစားအပ်ပါသော သဘာပတိကြီးနှင့် သဘာပတိအဖွဲ့ဝင်များ၊ အမျိုးသားညီလာခံ ကိုယ်စားလှယ်တော်ကြီးများ ခင်ဗျား၊ ကျွန်တော်ကတော့ စစ်ကိုင်းတိုင်း ဆားလင်းကြီးမြို့နယ်မှ အလုပ်သမားကိုယ်စားလှယ် ဦးစိန်အောင်ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ အကြံပြုချက်စာတမ်းရဲ့ကျန်ရှိတဲ့အပိုင်းကို ဆက်လက်ဖတ်ကြားတင်ပြသွားပါ့မယ် ခင်ဗျား။

**သဘာပတိကြီးခင်ဗျား–**

ပြည်သူ့လွှတ်တော်ဖွဲ့စည်းရေးနှင့်စပ်လျဉ်းပြီး–

**“ပြည်သူ့လွှတ်တော်ကို လွှတ်တော်ကိုယ်စားလှယ်ဦးရေ အများဆုံး ၄၄၀ဦးဖြင့် အောက်ပါအတိုင်း ဖွဲ့စည်းရမည်–**

**(က) လူဦးရေကိုအခြေခံ၍ ရွေးကောက်တင်မြှောက်သည့် ၃၃၀ဦး ထက် မပိုသော ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ၊**

**(ခ) တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က ဥပဒေနှင့်အညီ အမည်စာရင်း တင်သွင်းသည့် ၁၁၀ဦးထက်မပိုသော တပ်မတော် သား ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ”**

လို့ အသေးစိတ်အခြေခံရမယ့်မူ ချမှတ်ခဲ့ပါတယ်။

ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များကို ရွေးကောက်တင်မြှောက်ရာတွင် မြို့နယ်ကိုအခြေခံ၍လည်းကောင်း၊ လူဦးရေကိုအခြေခံ၍လည်းကောင်း ရွေးကောက်တင်မြှောက်ရမည်ဟု ဖော်ပြသင့်ပါသဖြင့် မြို့နယ်အသစ်များကို တိုးချဲ့ဖွဲ့စည်းတဲ့အခါ မြို့နယ်ပေါင်း ၃၃၀ထက်ကျော်လွန်လာပါက အသစ်ဖွဲ့စည်းလိုက်တဲ့မြို့နယ်တွေကို ဆက်စပ်နေတဲ့ မြို့နယ်တစ်ခုခုနဲ့ပူးပေါင်းပြီး ပြည်သူ့လွှတ်တော်မဲဆန္ဒနယ်များကို သတ်မှတ်ပေးလျှင် အဆိုပါသတ်မှတ်ထားတဲ့ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်ဦးရေ ၃၃၀ကို ရွေးကောက်တင်မြှောက်နိုင်ကြမှာဖြစ်ပါတယ်။

ဒါကြောင့် ရေရှည်အသုံးပြုနိုင်သော မူတစ်ရပ်ဖြစ်စေရေးအတွက် ပြည်သူ့လွှတ်တော် ဖွဲ့စည်းခြင်းနဲ့စပ်လျဉ်းပြီး–

**“ပြည်သူ့လွှတ်တော်ကို လွှတ်တော်ကိုယ်စားလှယ်ဦးရေ အများဆုံး ၄၄၀ဦးဖြင့် အောက်ပါအတိုင်း ဖွဲ့စည်းရမည်–**

**(က) မြို့နယ်ကို အခြေခံ၍လည်းကောင်း၊ လူဦးရေကိုအခြေခံ၍ လည်းကောင်း၊ မြို့နယ် ၃၃၀ ထက် ပိုမိုလာပါက အသစ်ဖွဲ့စည်းသည့် မြို့နယ်ကို တစ်ဆက်တစ်စပ်တည်း ဖြစ်သော သင့်လျော်သည့် မြို့နယ်တစ်ခုခုနှင့် ပူးပေါင်းအခြေခံ၍ လည်းကောင်း ဥပဒေနှင့်အညီ မဲဆန္ဒနယ်သတ်မှတ်၍ ရွေးကောက်တင်မြှောက်သည့် ၃၃၀ဦးထက်မပိုသော ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ၊**

**(ခ) တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က ဥပဒေနှင့်အညီ အမည်စာရင်းတင်သွင်းသည့် ၁၁၀ဦးထက်မပိုသော တပ်မတော်သား ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ”**

လို့ အသေးစိတ်အခြေခံရမယ့်မူအဖြစ် ဖြည့်စွက်ချမှတ်သင့်ပါကြောင်းနဲ့ အထက်ပါအတိုင်း အသေးစိတ်အခြေခံရမယ့်မူအဖြစ် ချမှတ်မည်ဆိုပါက ယင်းချမှတ်မည့်မူနဲ့ လိုက်လျောညီထွေ ဖြစ်စေရန် ‘လူဦးရေကိုအခြေခံ၍ ရွေးကောက်တင်မြှောက်သည့် ‘လွှတ်တော်’ ဆိုသည့် အသုံးအနှုန်းအစား ‘မြို့နယ်ကို အခြေခံ၍လည်းကောင်း၊ လူဦးရေကို အခြေခံ၍လည်းကောင်း ရွေးကောက်တင်မြှောက်သည့် လွှတ်တော်’ ဟု ပြင်ဆင်သုံးနှုန်းသင့်ပါကြောင်း အကြံပြုတင်ပြအပ်ပါတယ်။



**အလုပ်သမားကိုယ်စားလှယ်များ အစုအဖွဲ့၏ ဆွေးနွေးအကြံပြုချက် စာတမ်းကို ဦးစိန်အောင် ဖတ်ကြားတင်ပြစဉ်။**

(သတင်းစဉ်)

**သဘာပတိကြီးခင်ဗျား–**

“အမျိုးသားလွှတ်တော်ဖွဲ့စည်းခြင်းနဲ့ စပ်လျဉ်းပြီး–

“အမျိုးသားလွှတ်တော်ကို လွှတ်တော်ကိုယ်စားလှယ်ဦးရေ အများဆုံး ၂၂၄ဦးဖြင့် အောက်ပါအတိုင်း ဖွဲ့စည်းရမည်–

(က) ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ တိုင်း သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ ဒေသ တစ်ခုစီမှ ကိုယ်စားလှယ်တစ်ဦးစီ ပါဝင်စေပြီး ပြည်ထောင်စုနယ်မြေများ အပါအဝင် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်တစ်ခုစီအတွက် ကိုယ်စားလှယ် ၁၂ဦး ကျစီ တူညီစွာဖြင့် ရွေးကောက်တင်မြှောက်သည့် အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ၁၆၈ ဦး၊

(ခ) ပြည်ထောင်စုနယ်မြေများ အပါအဝင် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်တစ်ခုစီအတွက် ကိုယ်စားလှယ် လေးဦးကျစီဖြင့် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က ဥပဒေနှင့်အညီအမည်စာရင်းတင်သွင်းသည့် တပ်မတော်သား အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ၅၆ဦး။”

လို့ အသေးစိတ်အခြေခံရမယ့်မူများ ချမှတ်ခဲ့ရာ စကားအသုံးအနှုန်း ပိုမိုတိကျမှုရှိစေရေးအတွက် “ပြည်ထောင်စုနယ်မြေများ”ရှေ့တွင် ‘သက်ဆိုင်ရာ’ ဟူသော စကားရပ်ကို ဖြည့်စွက်ဖော်ပြခြင်းအားဖြင့် အဓိပ္ပာယ် ပိုမိုရှင်းလင်းစေနိုင်မည် ဖြစ်ပါတယ်။

ဒါကြောင့်–

**“အမျိုးသား လွှတ်တော်ကို လွှတ်တော်ကိုယ်စားလှယ်ဦးရေ အများဆုံး ၂၂၄ဦးဖြင့် အောက်ပါအတိုင်း ဖွဲ့စည်းရမည်–**

**(က) ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ တိုင်း သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ ဒေသတစ်ခုစီမှ ကိုယ်စားလှယ်တစ်ဦးစီ ပါဝင်စေပြီး သက်ဆိုင်ရာ ပြည်ထောင်စုနယ်မြေများ အပါအဝင် တိုင်းဒေသကြီး သို့မဟုတ်ပြည်နယ်တစ်ခုစီအတွက်ကိုယ်စားလှယ် ၁၂ ဦးကျစီ တူညီစွာဖြင့် ရွေးကောက်တင်မြှောက်သည့် အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ၁၆၈ဦး၊**

**(ခ) သက်ဆိုင်ရာ ပြည်ထောင်စု နယ်မြေများ အပါအဝင် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်တစ်ခုစီအတွက် ကိုယ်စားလှယ် လေးဦးကျစီဖြင့် တပ်မတော်ကာကွယ်ရေး ဦးစီးချုပ်က ဥပဒေနှင့်အညီ အမည်စာရင်းတင်သွင်းသည့် တပ်မတော်သား အမျိုးသား လွှတ်တော်ကိုယ်စားလှယ် ၅၆ ဦး”၊**

**(ဂ) အထက်အပိုဒ်ခွဲ(က)နှင့်(ခ)တွင် ဖော်ပြထားသည့်အတိုင်း ဖွဲ့စည်းရာတွင် သက်ဆိုင်ရာ ပြည်ထောင်စုနယ်မြေ ဆိုသည်မှာ ဤဖွဲ့စည်းပုံအခြေခံဥပဒေအရ သတ်မှတ်ထားသည့် ပြည်ထောင်စု နယ်မြေများသည် လည်းကောင်း၊ ပြည်ထောင်စု လွှတ်တော်က ဥပဒေပြဋ္ဌာန်း၍ သတ်မှတ်သော ပြည်ထောင်စု နယ်မြေများသည် လည်းကောင်း အမျိုးသား လွှတ်တော် ကိုယ်စားလှယ် ရွေးကောက်တင်မြှောက်ရန် ကိစ္စ အလို့ငှာ အဆိုပါနယ်မြေပါဝင်ခဲ့သည့် ပြည်နယ် သို့မဟုတ် တိုင်းတွင် ဖြစ်စေ၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်တွင် ဖြစ်စေ ပါဝင်ခြင်းကို ဆိုသည်”**

လို့ အသေးစိတ် အခြေခံရမယ့်မူအဖြစ် ဖြည့်စွက်ချမှတ်သင့်ပါကြောင်း အကြံပြုတင်ပြအပ်ပါတယ်။

**သဘာပတိကြီးခင်ဗျား–**

ပြည်ထောင်စုနယ်မြေသတ်မှတ်ခြင်းနဲ့ စပ်လျဉ်းပြီး–

၅။ ပြည်ထောင်စုနယ်မြေ သတ်မှတ်ခြင်း –

**“(က) နိုင်ငံတော်၏ မြို့တော်ဖြစ်သည့် ရန်ကုန်မြို့တော်ကိုနိုင်ငံတော်သမ္မတ၏ တိုက်ရိုက်အုပ်ချုပ်မှုအောက်တွင် ထားရှိသည့် ပြည်ထောင်စုနယ်မြေအဖြစ် သတ်မှတ်သည်၊**

**(ခ) ထူးခြားသော အခြေအနေရှိသည့် ကိုကိုးကျွန်းမြို့နယ်ကို နိုင်ငံတော်သမ္မတ၏ တိုက်ရိုက်အုပ်ချုပ်မှု အောက်တွင် ထားရှိသည့် ပြည်ထောင်စုနယ်မြေအဖြစ် သတ်မှတ်သည်၊**

**(ဂ) နိုင်ငံတော်ကာကွယ်ရေး၊ လုံခြုံရေး၊ အုပ်ချုပ်ရေး၊ စီးပွားရေး စသည်တို့နှင့် စပ်လျဉ်းပြီး ထူးခြားသောအခြေအနေရှိသည့် နယ်မြေများကို ပြည်ထောင်စုနယ်မြေအဖြစ် သတ်မှတ်ရန် လိုအပ်လျှင် ဥပဒေပြဋ္ဌာန်းပြီး နိုင်ငံတော်သမ္မတ၏ တိုက်ရိုက်အုပ်ချုပ်မှုအောက်တွင်ထားရှိသည့် ပြည်ထောင်စုနယ်မြေအဖြစ် သတ်မှတ်နိုင်သည်”**

လို့ အသေးစိတ်အခြေခံရမယ့်မူများ ချမှတ်ခဲ့ပါတယ်။

နိုင်ငံတကာ အစဉ်အလာအရ ဗဟိုအစိုးရရုံးစိုက်ရာမြို့ကို နိုင်ငံတော်ရဲ့မြို့တော်အဖြစ် သတ်မှတ်ပြီး အချို့နိုင်ငံများမှာ ယင်းမြို့တော်များကို နိုင်ငံတော်သမ္မတ သို့မဟုတ် ဗဟိုအစိုးရက တိုက်ရိုက်အုပ်ချုပ်လေ့ ရှိကြပါတယ်။ ယခုအခါ ပြည်ထောင်စုမြန်မာနိုင်ငံတော် အစိုးရနဲ့တကွ ဗဟိုအစိုးရရုံးများက နေပြည်တော်တွင် ရုံးစိုက်လျက်ရှိကြသဖြင့် နိုင်ငံတော်၏မြို့တော်သည် နေပြည်တော်ဖြစ်ပါတယ်။ ထို့ကြောင့် နိုင်ငံတော်၏ မြို့တော်ဖြစ်သည့် နေပြည်တော်၏ စည်ပင်သာယာရေး နယ်နိမိတ်ကို ပြည်ထောင်စုနယ်မြေအဖြစ် သတ်မှတ်၍ နိုင်ငံတော်သမ္မတ၏ တိုက်ရိုက်အုပ်ချုပ်မှုအောက်တွင် ထားရှိသင့်ပါတယ်။

ထို့အပြင် ရန်ကုန်မြို့နှင့် ကိုကိုးကျွန်းမြို့နယ်တို့ကို ပြည်ထောင်စုနယ်မြေအဖြစ် သတ်မှတ်ထားခြင်းမှ ပယ်ဖျက်သင့်ပါတယ်။

ဒါကြောင့် ပြည်ထောင်စုနယ်မြေ သတ်မှတ်ခြင်းနဲ့ စပ်လျဉ်းပြီး–

(၅) ပြည်ထောင်စုနယ်မြေများသတ်မှတ်ခြင်း–

**“(က) နိုင်ငံတော်၏မြို့တော်ဖြစ်သည့် နေပြည်တော်ကို နိုင်ငံတော်သမ္မတ၏ တိုက်ရိုက်အုပ်ချုပ်မှုအောက်တွင် ထားရှိသည့် ပြည်ထောင်စုနယ်မြေအဖြစ် သတ်မှတ်သည်။**

**(ခ) နိုင်ငံတော်ကာကွယ်ရေး၊ လုံခြုံရေး၊ အုပ်ချုပ်ရေး၊ စီးပွားရေး စသည်တို့နှင့်စပ်လျဉ်းပြီး ထူးခြားသောအခြေအနေရှိသည့် နယ်မြေများကို ပြည်ထောင်စုနယ်မြေအဖြစ်သတ်မှတ်ရန် လိုအပ်လျှင် ဥပဒေပြဋ္ဌာန်းပြီး နိုင်ငံတော်သမ္မတ၏ တိုက်ရိုက်အုပ်ချုပ်မှု အောက်တွင်ထားရှိသည့် ပြည်ထောင်စု နယ်မြေအဖြစ် သတ်မှတ်နိုင်သည်”**

လို့ အသေးစိတ်အခြေခံရမယ့်မူကို ပြင်ဆင်ချမှတ်သင့်ပါကြောင်း အကြံပြုတင်ပြအပ်ပါတယ်။

**သဘာပတိကြီးခင်ဗျား–**

ပြည်ထောင်စုမြန်မာနိုင်ငံတော်၏ မြို့တော်ဖြစ်သည့် နေပြည်တော်ကို နိုင်ငံတော်သမ္မတ၏ တိုက်ရိုက်အုပ်ချုပ်မှုအောက်တွင် ထားရှိသည့် ပြည်ထောင်စုနယ်မြေအဖြစ် သတ်မှတ်သင့်သည့်အတွက် နေပြည်တော်အတွက် ရန်ကုန်မြို့တော် ကောင်စီနှင့် စပ်လျဉ်း၍ ချမှတ်ထားသည့်အသေးစိတ် အခြေခံရမည့်မူများအတိုင်း ချမှတ်သင့်သောကြောင့် အမျိုးသားညီလာခံ စုံညီအစည်းအဝေးက ချမှတ်ခဲ့သော အသေးစိတ်အခြေခံရမည့်မူများအနက် အပိုဒ် ၃၅ပါ ပြည်ထောင်စုနယ်မြေဖြစ်သည့် ရန်ကုန်မြို့တော်အုပ်ချုပ်ရေးနှင့် စပ်လျဉ်းပြီး ချမှတ်ထားသည့် အသေးစိတ်အခြေခံရမည့်မူများတွင် လည်းကောင်း၊ အပိုဒ် ၃၆တွင် ဖော်ပြထားသည့် ရန်ကုန်မြို့တော်ကောင်စီ ဥက္ကဋ္ဌနှင့် ကောင်စီဝင်များ၏ အဆင့်သတ်မှတ်ခြင်းနှင့် စပ်လျဉ်းပြီး ချမှတ်ထားသော အသေးစိတ်အခြေခံရမည့် မူများတွင်လည်းကောင်းပါရှိသည့် ရန်ကုန်မြို့တော်ဟူသော စကားရပ်အစား နေပြည်တော်ဟု ဖြည့်စွက်သင့်ပါကြောင်းနဲ့ ဘဏ္ဍာရေးကော်မရှင်ဖွဲ့စည်းခြင်းအတွက် ချမှတ်ထားသော အသေးစိတ်အခြေခံရမယ့်မူ အပိုဒ်၁၆ အပိုဒ်ခွဲ(ဂ) အပိုဒ်ခွဲငယ်(၆)တွင် အဖွဲ့ဝင်အဖြစ် “ရန်ကုန်မြို့တော်ကောင်စီဥက္ကဋ္ဌ”ဟု ဖော်ပြထားသည့် စကားရပ်အစား “နေပြည်တော်ကောင်စီဥက္ကဋ္ဌ”လို့ ဖြည့်စွက်သင့်ပါကြောင်း အကြံပြု တင်ပြအပ်ပါတယ်။

**နိုင်ငံတော်ကာကွယ်ရေး၊ လုံခြုံရေး၊ အုပ်ချုပ်ရေး၊ စီးပွားရေး စသည်တို့နှင့် စပ်လျဉ်းပြီး ထူးခြားသော အခြေအနေ ရှိသည့် နယ်မြေများကို ပြည်ထောင်စု နယ်မြေအဖြစ် သတ်မှတ်ရန် လိုအပ်လျှင် ဥပဒေပြဋ္ဌာန်းပြီး နိုင်ငံတော် သမ္မတ၏ တိုက်ရိုက်အုပ်ချုပ်မှုအောက်တွင် ထားရှိ သည့် ပြည်ထောင်စု နယ်မြေအဖြစ် သတ်မှတ်နိုင်သည်။**

**သဘာပတိကြီးခင်ဗျား–**

တရားစီရင်ရေးဆိုင်ရာ အာဏာခွဲဝေမှုအပိုင်းအတွက် အသေးစိတ်အခြေခံရမယ့်မူများ ချမှတ်စဉ်က အပိုဒ် ၆ အပိုဒ်ခွဲ(၄) အပိုဒ်ခွဲငယ်(က)တွင် “တရားစီရင်ရေးဆိုင်ရာကိစ္စအလို့ငှာ ရန်ကုန်တိုင်းဒေသကြီး တရားလွှတ်တော်သည် ရန်ကုန်မြို့တော်နှင့် ကိုကိုးကျွန်းမြို့နယ်ရှိ တရားရုံးများ၏ တရားလွှတ်တော်ဖြစ်သည်”လို့ ဖော်ပြခဲ့ရာ နေပြည်တော်ကို ပြည်ထောင်စုနယ်မြေအဖြစ် သတ်မှတ်ပြီး ရန်ကုန်မြို့နှင့် ကိုကိုးကျွန်းမြို့နယ်တို့ကို ပြည်ထောင်စုနယ်မြေအဖြစ် သတ်မှတ်ထားခြင်းမှ ပယ်ဖျက်လိုက်မည်ဆိုပါက ဖော်ပြပါအသေးစိတ်အခြေခံရမယ့်မူကို လိုက်လျောညီထွေဖြစ်အောင် ပြင်ဆင်ဖို့ လိုအပ်လာမှာ ဖြစ်ပါတယ်။

ဒါကြောင့် တရားစီရင်ရေးဆိုင်ရာ အာဏာခွဲဝေမှုအပိုင်း အပိုဒ် ၆ အပိုဒ်ခွဲ(၄) အပိုဒ်ခွဲငယ် (က)ရှိ– “တရားစီရင်ရေးဆိုင်ရာကိစ္စအလို့ငှာ ရန်ကုန်တိုင်းဒေသကြီး တရားလွှတ်တော်သည် ရန်ကုန်မြို့တော်နှင့် ကိုကိုးကျွန်းမြို့နယ်အတွင်းရှိ တရားရုံးများ၏ တရားလွှတ်တော်ဖြစ်သည်” ဆိုတဲ့ စကားရပ်အစား “တရားစီရင်ရေးဆိုင်ရာ ကိစ္စအလို့ငှာ မန္တလေးတိုင်းဒေသကြီး တရားလွှတ်တော်သည် နေပြည်တော်အတွင်းရှိ တရားရုံးများ၏ တရားလွှတ်တော်ဖြစ်သည်” လို့ အသေးစိတ်အခြေခံရမယ့်မူကို ပြင်ဆင်၍ ချမှတ်သင့်ပါကြောင်း အကြံပြု တင်ပြအပ်ပါတယ်။

စာမျက်နှာ ၆ ကော်လံ ၁ သို့

# နိုင်ငံတော်ဆိုသည်မှာ ရှေ့နောက်စကားရပ်တို့၏ အဓိပ္ပာယ်ကိုထောက်၍ ဤဖွဲ့စည်းပုံအခြေခံဥပဒေအရ ဥပဒေပြုမှု အခွင့်အာဏာကိုသော်လည်းကောင်း၊ အုပ်ချုပ်မှုအခွင့်အာဏာကိုသော်လည်းကောင်း ကျင့်သုံးသောအဖွဲ့အစည်း သို့မဟုတ် ပုဂ္ဂိုလ်ကိုဆိုလိုသည်




ရန်ကုန် ဩဂုတ် ၁၆

**အမျိုးသားညီလာခံက ချမှတ်ထားပြီးဖြစ်သည့် အခြေခံရမည့်မူများနှင့် အသေးစိတ်အခြေခံရမည့်မူများအနက် ပြင်ဆင်၊ ဖြည့်စွက်၊ ပယ်ဖျက်သင့်သည့် အခြေခံရမည့်မူများ၊ အသေးစိတ်အခြေခံရမည့်မူများနှင့်စပ်လျဉ်း၍ အသိပညာရှင်၊ အတတ်ပညာရှင် ကိုယ်စားလှယ်များအစုအဖွဲ့၏ ဆွေးနွေးအကြံပြုချက်စာတမ်းမှာ အောက်ပါအတိုင်း ဖြစ်သည်–**

လေးစားအပ်ပါသော အမျိုးသားညီလာခံ ကျင်းပရေးကော်မရှင် ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ ညီလာခံကျင်းပရေး လုပ်ငန်းကော်မတီဥက္ကဋ္ဌနဲ့ အဖွဲ့ဝင်များ၊ စီမံခန့်ခွဲရေး ကော်မတီဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ အမျိုးသားညီလာခံ ကိုယ်စားလှယ်များအားလုံး အောင်မြင်မှုအပေါင်း ခညောင်းပါစေ၊ ကိုယ်ကျန်းမာ၊ စိတ်ချမ်းသာ ရွှင်လန်းကြပါစေလို့ ဆုမွန်ကောင်းတောင်းရင်း နှုတ်ခွန်းဆက်သလိုက်ပါတယ်။ ကျွန်မကတော့ အမျိုးသားညီလာခံ အသိပညာရှင်၊ အတတ်ပညာရှင် ကိုယ်စားလှယ်များအစုအဖွဲ့မှ အမျိုးသားညီလာခံ ကိုယ်စားလှယ် ဒေါ်ခင်မာရီ ဖြစ်ပါတယ်။

**လေးစားအပ်သော သဘာပတိကြီးရှင့်–**

အမျိုးသားညီလာခံ ကိုယ်စားလှယ်အစုအဖွဲ့ ရှစ်ခုမှာ ပါဝင်တက်ရောက်ကြတဲ့ ညီလာခံကိုယ်စားလှယ်များရဲ့ ပြည်ထောင်စုစိတ်ဓာတ်အင်အား၊ စည်းလုံးညီညွတ်မှုစွမ်းအားနဲ့ နိုင်ငံနဲ့နိုင်ငံသားများရဲ့ အနာဂတ်ကောင်းကျိုးကို ရည်မျှော်တဲ့ စေတနာတို့ကြောင့် ယခုလို အခန်းအလိုက်ခေါင်းစဉ် ၁၅ ရပ်အတွက် အခြေခံမူများ၊ အသေးစိတ်အခြေခံရမယ့်မူများ အောင်အောင်မြင်မြင် တညီတညွတ် ချမှတ်နိုင်ခဲ့ကြတာ ဖြစ်ပါတယ်။

**သဘာပတိကြီးရှင့်–**

အမျိုးသားညီလာခံကြီးက ချမှတ်ပေးခဲ့တဲ့ အခြေခံမူများ၊ အသေးစိတ်အခြေခံရမယ့်မူများနဲ့ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေ ရေးဆွဲတော့မှာ ဖြစ်ပါတယ်။ ပန်းချီဆရာတစ်ဦးဟာ သူရေးဆွဲပြီးစီးသွားတဲ့ ပန်းချီကားကို ပြန်လည်ကြည့်ရှုစစ်ဆေးပြီး ပန်းချီကား ပိုမိုကောင်းမွန်အောင် ဖြည့်စွက်ပြင်ဆင် မွမ်းမံလေ့ရှိပါတယ်။ ကျွန်မတို့ အမျိုးသားညီလာခံကိုယ်စားလှယ်များအနေနဲ့လဲ မိမိတို့အချိန်ယူ ဆွေးနွေးညှိနှိုင်းချမှတ်ခဲ့တဲ့ အခြေခံမူများ၊ အသေးစိတ် အခြေခံရမယ့်မူများကို ပြန်လည်သုံးသပ်ကြပါတယ်။ အခု ချမှတ်ပြီးစီးခဲ့တဲ့ အခြေခံမူများ၊ အသေးစိတ် အခြေခံရမယ့်မူများဟာ ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ရေးဆွဲတဲ့အခါ မလွဲမသွေ အခြေခံရမယ့်အချက်များ ဖြစ်ကြပါတယ်။

လက်ရှိဖြစ်ပေါ်နေတဲ့ အခြေအနေ၊ အချိန်အခါနဲ့ လိုက်လျောညီထွေရှိစေဖို့ အဓိက ပြန်လည်သုံးသပ်ကြည့်ကြတဲ့အခါ ၂၀၀၇ခုနှစ် ဩဂုတ်လ ၆ ရက်နေ့ အမျိုးသားညီလာခံ စုံညီအစည်းအဝေးမှာ အမျိုးသားညီလာခံကျင်းပရေး လုပ်ငန်းကော်မတီဥက္ကဋ္ဌရဲ့ ရှင်းလင်းတင်ပြချက်များအတိုင်း ချမှတ်ပြီးခဲ့တဲ့ အခြေခံမူများနဲ့ အသေးစိတ်အခြေခံရမယ့်မူများကို လိုအပ်သလို ပြန်လည်သုံးသပ်ပြီး ပြင်ဆင်ခြင်း၊ ပယ်ဖျက်ခြင်း၊ ပြောင်းရွှေ့ဖော်ပြခြင်း၊ ထပ်မံဖြည့်စွက်သင့်တဲ့ အသေးစိတ် အခြေခံရမယ့်မူများကို ဖြည့်စွက်ခြင်းနဲ့ ဆက်လက်ဖော်ပြရန် မလိုအပ်တော့တဲ့ အချက်များကို ချန်လှပ်ခြင်းတို့ ပြုလုပ်ရန်လိုအပ်ကြောင်း သတိပြုမိကြပါတယ်။

အဲဒီလို ချမှတ်ပြီးမူများကို ပြန်လည်မွမ်းမံဖို့ သုံးသပ်ရာမှာ ချမှတ်ခဲ့တဲ့ အခြေခံမူများနဲ့ အသေးစိတ်အခြေခံရမယ့်မူများကို ရှေ့နောက် ညီညွတ်ဆီလျော်စေဖို့၊ မူလချမှတ်ခဲ့တဲ့ ဦးတည်ချက်များနဲ့ချမှတ်ခဲ့တဲ့ အသေးစိတ် အခြေခံရမယ့်မူများရဲ့ အဓိပ္ပာယ်ပိုမိုရှင်းလင်းစေဖို့ ဖွဲ့စည်းပုံအခြေခံဥပဒေမူကြမ်း ရေးဆွဲတဲ့အခါမှာ ပိုမိုတိကျရှင်းလင်းစွာရေးဆွဲနိုင်ဖို့ အလေးအနက်ထားပြီး စဉ်းစားသုံးသပ်ကြပါတယ်။ အဲဒီလိုသုံးသပ်ကြပြီးတဲ့အတွက် ကျွန်မတို့ အစုအဖွဲ့ရဲ့ သဘောထားများကို အောက်ပါအတိုင်း ဆက်လက်တင်ပြသွားမှာ ဖြစ်ပါတယ်ရှင့်။



**အသိပညာရှင်၊ အတတ်ပညာရှင် ကိုယ်စားလှယ်များ အစုအဖွဲ့၏ ဆွေးနွေး အကြံပြုချက် စာတမ်းကို ဒေါ်ခင်မာရီ ဖတ်ကြားတင်ပြစဉ်။**
(သတင်းစဉ်)

**သဘာပတိကြီးရှင့်–**

ဖွဲ့စည်းပုံအခြေခံဥပဒေရေးဆွဲရာမှာ ပါဝင်မယ့် နိုင်ငံတော်အခြေခံမူများ အခန်းအတွက် အခြေခံမူ ၁၀၄ ချက်ကို ချမှတ်နိုင်ခဲ့ပါတယ်။ အဲဒီချမှတ်ခဲ့တဲ့ အခြေခံမူများကို အခြေခံပြီး ကျန်အခန်းခေါင်းစဉ်များအတွက် အသေးစိတ်အခြေခံရမယ့်မူများကို ဆက်လက်ချမှတ်ခဲ့ကြပါတယ်။ ဒီအချက်များဟာ နိုင်ငံတော်အတွက် ယေဘုယျလမ်းညွှန်သဖွယ် လိုက်နာဆောင်ရွက်စေရန်အတွက် ဖြစ်ပါတယ်။ နိုင်ငံတော်က ဥပဒေပြုရေး၊ အုပ်ချုပ်ရေးလုပ်ငန်းများ ဆောင်ရွက်ရာမှာ ယင်းအချက်များနှင့်အညီ လိုက်နာဆောင်ရွက်ရန် ဖြစ်ပါတယ်။ ဒီလိုဆောင်ရွက်တဲ့အခါမှာ အဲဒီကာလမှာရှိတဲ့၊ ဖြစ်ပေါ်နေတဲ့ အခြေအနေ၊ အချိန်အခါပေါ်မှာ မူတည်ဆောင်ရွက်နေပါတယ်။ သို့သော်လည်း အခြေအနေ၊ အချိန်အခါမပေးသေးလို့ မလုပ်နိုင်တာကို အခွင့်ကောင်းယူပြီး ကျွန်မတို့ ယခုရေးဆွဲမယ့် ဖွဲ့စည်းပုံအခြေခံဥပဒေမှာ နိုင်ငံတော်အား တရားစွဲဆိုမှုကို ကာကွယ်နိုင်မယ့် အခြေခံမူချမှတ်ရန်လိုအပ်ကြောင်း သဘောရကြပါတယ်။ သို့အတွက် အထွေထွေပြဋ္ဌာန်းချက်များ အခန်းရဲ့ စုစည်းချက်အပိုဒ်(၃)ဖြစ်တဲ့–

> **“နိုင်ငံတော်အခြေခံမူများသည် ဥပဒေပြုလွှတ်တော်များက ဥပဒေပြဋ္ဌာန်းရာတွင် လည်းကောင်း၊ ဤဖွဲ့စည်းပုံ အခြေခံဥပဒေနှင့် အခြားဥပဒေများပါ ပြဋ္ဌာန်းချက်များကို သက်ဆိုင်ရာက အနက်အဓိပ္ပာယ်ဖွင့်ဆိုရာတွင် လည်းကောင်း လိုက်နာရမည့် လမ်းညွှန်များ ဖြစ်သည်”**ဆိုသည့်စကားရပ်နှင့်ဆက်၍**“နိုင်ငံတော်က ထိုအခြေခံမူများနှင့်အညီ အလေးဂရုပြု ဆောင်ရွက်ရမည်၊ သို့ရာတွင် ထိုသို့ဆောင်ရွက်စေရန် မည်သည့်တရားရုံးတွင်မျှ တရားစွဲဆိုခွင့်မရှိစေရ”**ဆိုသည့် စကားရပ်ကို ဖြည့်စွက်၍ အသေးစိတ်အခြေခံရမည့်မူအဖြစ် ချမှတ်သင့်ပါကြောင်း တင်ပြအပ်ပါတယ်။

**သဘာပတိကြီးရှင့်–**

ဆက်လက်ပြီး တင်ပြလိုတာကတော့ နိုင်ငံသား၊ နိုင်ငံသားများ၏ မူလအခွင့်အရေးနှင့် တာဝန်များအခန်းအတွက် အသေးစိတ် အခြေခံရမည့်မူများရဲ့ အပိုဒ် ၅၀ ပါ နိုင်ငံတော်၏အဓိပ္ပာယ်ကို ဖော်ပြထားပါတယ်။ ယင်းစုစည်းဖော်ပြချက်အပိုဒ် ၅၀ အစား–

> **“ဤအခန်းနှင့် အခန်း(၁) နိုင်ငံတော်အခြေခံမူများ အခန်းပါ ‘နိုင်ငံတော်’ဆိုသည်မှာ ရှေ့နောက်စကားရပ်တို့၏ အဓိပ္ပာယ်ကို ထောက်၍ ဤဖွဲ့စည်းပုံအခြေခံဥပဒေအရ ဥပဒေပြုမှုအခွင့်အာဏာကိုသော် လည်းကောင်း၊ အုပ်ချုပ်မှုအခွင့်အာဏာကိုသော် လည်းကောင်း ကျင့်သုံးသော အဖွဲ့အစည်း သို့မဟုတ် ပုဂ္ဂိုလ်ကိုဆိုလိုသည်”**ဟု အသေးစိတ်အခြေခံရမည့်မူမှာ ဖြည့်စွက်သင့်ပါကြောင်း အကြံပြုအပ်ပါတယ်ရှင့်။

နောက်တစ်ချက်အနေနဲ့ ဆက်လက်ဆွေးနွေးလိုတာကတော့ တရားစီရင်ရေးဆိုင်ရာ ဖွဲ့စည်းမှုအပိုင်းအတွက် အသေးစိတ်အခြေခံရမည့်မူအဖြစ် ချပြခဲ့တဲ့ ပြည်ထောင်စုတရားသူကြီးချုပ်နဲ့ ပြည်ထောင်စုတရားလွှတ်တော်ချုပ် တရားသူကြီးများရဲ့ အရည်အချင်းနဲ့စပ်လျဉ်းပြီး အပိုဒ်(၃) အပိုဒ်ခွဲ(ဂ) အပိုဒ်ခွဲငယ်(၃)မှာ တရားလွှတ်တော်ရှေ့နေ(Advocate)အဖြစ် အနည်းဆုံး၂၀နှစ် အမှုလိုက်ပါဆောင်ရွက်ခဲ့သူလို့ပါရှိပြီး တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်တရားလွှတ်တော် တရားသူကြီးချုပ်များရဲ့ အရည်အချင်းဖော်ပြတဲ့ အပိုဒ်၁၁ အပိုဒ်ခွဲ(ဂ) အပိုဒ်ခွဲငယ်(၂)မှာတော့ တရားလွှတ်တော်ရှေ့နေ(Advocate) အဖြစ် ၁၅နှစ် အမှုလိုက်ပါ ဆောင်ရွက်ခဲ့သူလို့ ဖော်ပြထားလို့ အနည်းဆုံးဆိုတဲ့ သတ်မှတ်ချက်မျိုး မပါရှိခဲ့ပါဘူး။ ဖွဲ့စည်းပုံအခြေခံဥပဒေရေးဆွဲရာမှာ ရှေ့နောက် စကားရပ်များ ညီညွတ်ဖို့နဲ့ နောင်တစ်ချိန် အငြင်းပွားစရာမဖြစ်စေရန် လိုအပ်တဲ့အတွက် ယင်းအပိုဒ်မှာလည်း **“အနည်းဆုံး”**ဆိုတဲ့စကားလုံးကိုပါ ထည့်သွင်းဖော်ပြပြီး **“တရားလွှတ်တော်ရှေ့နေ(Advocate)အဖြစ် အနည်းဆုံး ၁၅နှစ် အမှုလိုက်ပါဆောင်ရွက်ခဲ့သူ”**လို့ **“အနည်းဆုံး”**ကို ဖြည့်စွက်ထည့်၍ ယခင်အပိုဒ်ကို အစားထိုးပြင်ဆင်ပြီး အသေးစိတ်အခြေခံရမယ့်မူအဖြစ် ချမှတ်ရန် ကိစ္စမှာလည်း ဖြည့်စွက်ချမှတ်သင့်သည့် အချက်ဖြစ်ပါကြောင်း ဆွေးနွေးအကြံပြုအပ်ပါတယ်ရှင့်။

အလားတူ ဆက်လက်တင်ပြလိုတာကတော့ နိုင်ငံတော်အခြေခံမူများ အခန်းအတွက် အခြေခံမူချမှတ်ခဲ့ရာ နိုင်ငံတော်၏ဦးတည်ချက်နှင့်စပ်လျဉ်းတဲ့ အခြေခံရမည့်မူအပိုဒ်(ခ) အပိုဒ်ခွဲ(၄)မှာ “စစ်မှန်သော ပါတီစုံဒီမိုကရေစီစနစ် ထွန်းကားရေး”ဟု လည်းကောင်း၊ “ပါတီစုံဒီမိုကရေစီနှင့်စပ်လျဉ်း၍ အပိုဒ်(ဂ)မှာ နိုင်ငံတော်သည် စစ်မှန်သော ပါတီစုံဒီမိုကရေစီစနစ်ကို ကျင့်သုံးသည်”ဟု လည်းကောင်း၊ အပိုဒ်(လ)တွင် “နိုင်ငံတော်သည် စစ်မှန်သောပါတီစုံဒီမိုကရေစီစနစ်ထွန်းကားရေး အတွက် နိုင်ငံရေးပါတီများကို စနစ်တကျဖွဲ့စည်းနိုင်ရန် လိုအပ်သည့်ဥပဒေ ပြဋ္ဌာန်းဆောင်ရွက်မည်”ဟုလည်းကောင်း စစ်မှန်သောပါတီစုံဒီမိုကရေစီဟုသာ သုံးနှုန်းခဲ့ပါသည်။ ဒီနေရာမှာလည်း နိုင်ငံရေးပါတီများ အခန်းအတွက် အသေးစိတ်အခြေခံရမယ့်မူများ ချမှတ်တဲ့အခါ ယင်းအပိုဒ်၂ အပိုဒ်ခွဲ(က)မှာ နိုင်ငံရေးပါတီတစ်ရပ်သည် စစ်မှန်၍ စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ်ကို လက်ခံကျင့်သုံးရမည်”လို့ **“စည်းကမ်းပြည့်ဝသော”** ဆိုတဲ့စကားရပ် ထည့်သွင်းဖော်ပြထားပါတယ်။ အနာဂတ်မြန်မာနိုင်ငံမှာ ကျင့်သုံးမယ့် ဒီမိုကရေစီစနစ်ဟာလည်း စည်းကမ်းပြည့်ဝတဲ့ဒီမိုကရေစီစနစ်သာ ဖြစ်သင့်တာမို့ ယခင်ရေးသားသုံးနှုန်းခဲ့တဲ့ **နိုင်ငံတော်အခြေခံမူများအခန်းရှိ အပိုဒ်(ခ) အပိုဒ်ခွဲ(၄)၊ အပိုဒ်(ဂ)နဲ့ အပိုဒ်(လ) စာသားများမှာ “စစ်မှန်၍ စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ်”**လို့ ဖြည့်စွက်၍ အသေးစိတ် အခြေခံရမည့်မူအဖြစ် ချမှတ်သင့်ပါကြောင်း ဆွေးနွေးအကြံပြုအပ်ပါတယ်။

**သဘာပတိကြီးရှင့်–**

နိုင်ငံတော်အခြေခံမူများအခန်းအတွက် ချမှတ်ခဲ့တဲ့ အခြေခံမူအပိုဒ် (ဈ)ရှိ တရားစီရင်ရေးနဲ့စပ်လျဉ်းတဲ့အခြေခံမူများအဖြစ် အပိုဒ်ခွဲ(၁) (၂) (၃)တို့တွင် “ပြည်ထောင်စုတရားလွှတ်တော်”ဟု ဖော်ပြခဲ့ပြီး တရားစီရင်ရေးဆိုင်ရာ ဖွဲ့စည်းမှုအပိုင်းအတွက် အသေးစိတ်အခြေခံရမည့်မူများ ချမှတ်ရာမှာ အပိုဒ်(၁)မှ အပိုဒ်(၉) အထိ တရားစီရင်ရေးအာဏာ ခွဲဝေမှုအပိုင်းရှိ အပိုဒ်(၁)၊ (၂)နဲ့ အပိုဒ်(၈)တို့မှာတော့ “ပြည်ထောင်စုတရားလွှတ်တော်ချုပ်”ဟု ဖော်ပြခဲ့ပါတယ်။ ယခင် အခေါ်အဝေါ်သုံးစွဲမှုနဲ့ နောက်အခေါ်အဝေါ်သုံးစွဲမှုတို့မှာ ရှေ့နောက်ညီညွတ်ဖို့ လိုအပ်ကြောင်း တွေ့ရှိရပါတယ်။ နောင်မှာ ဝေါဟာရကွဲလွဲမှုကြောင့် အငြင်းပွားစရာ ဖြစ်လာနိုင်ပါတယ်။ ဒါကြောင့် ယခင် နိုင်ငံတော် အခြေခံမူများအခန်းရှိ အပိုဒ်(ဈ) အပိုဒ်ခွဲ(၁) (၂) (၃) တို့မှာပါရှိတဲ့ “ပြည်ထောင်စုတရားလွှတ်တော်” ဆိုသည့် စကားရပ်အစား **“ပြည်ထောင်စု တရားလွှတ်တော်ချုပ်”**လို့ ပြင်ဆင် ဖြည့်စွက်မှုမှာလည်း ကြောင်းကျိုးညီညွတ်တဲ့အတွက် ဖြည့်စွက်ပြီး အသေးစိတ် အခြေခံရမယ့်မူအဖြစ် ချမှတ်သင့်ပါကြောင်း အကြံပြုအပ်ပါတယ်။

အုပ်ချုပ်ရေးဆိုင်ရာ ဖွဲ့စည်းမှုအပိုင်း အပိုဒ်(၃၄) အပိုဒ်ခွဲ(ဆ)မှာ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသတို့ရဲ့ ဥက္ကဋ္ဌသည် ရာထူးအလျောက် သက်ဆိုင်ရာတိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ရဲ့ ဝန်ကြီးဖြစ်ပါတယ်။ ဒါကြောင့် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် ဝန်ကြီး ခန့်ထားတဲ့ နည်းလမ်းမှအပ ဖွဲ့စည်းပုံအခြေခံဥပဒေတွင်ပါရှိတဲ့ ပြဋ္ဌာန်းချက်များဟာ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ တိုင်း သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသတို့ရဲ့ ဥက္ကဋ္ဌနှင့်လည်း သက်ဆိုင်ကြောင်း ဖော်ပြထားပါတယ်။ အပိုဒ် ၂၂ အပိုဒ်ခွဲ(င)အရ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ဝန်ကြီးချုပ်ကလည်း ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်းဥက္ကဋ္ဌ သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဥက္ကဋ္ဌများရဲ့ အမည်စာရင်း၊ သက်ဆိုင်ရာ တိုင်းရင်းသားလူမျိုးရေးရာ ဆောင်ရွက်ဖို့ ရွေးကောက်တင်မြှောက်ထားတဲ့ လွှတ်တော်ကိုယ်စားလှယ်များရဲ့ အမည်စာရင်းပါ ပုဂ္ဂိုလ်များကို တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ဝန်ကြီးများအဖြစ် ခန့်အပ်နိုင်ဖို့အတွက် နိုင်ငံတော်သမ္မတထံ တင်ပြရမှာလည်း ဖြစ်ပါတယ်။

ဒါကြောင့် အထက်ဖော်ပြပါ ပုဂ္ဂိုလ်များဟာ သက်ဆိုင်ရာ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ဝန်ကြီးအဖြစ် အလိုအလျောက် တာဝန်ပေးအပ်ခံရမှာ ဖြစ်ပါတယ်။ ယင်းပုဂ္ဂိုလ်များဟာ လွှတ်တော်ကိုယ်စားလှယ်အတွက် သတ်မှတ်

**စာမျက်နှာ ၇ ကော်လံ ၁ သို့**

**စာမျက်နှာ ၅ မှ**

**သဘာပတိကြီးခင်ဗျား–**

ဖွဲ့စည်းပုံအခြေခံဥပဒေရေးဆွဲရာတွင် ပါဝင်မယ့် အခန်းခေါင်းစဉ်၁၅ခုအနက် ‘နိုင်ငံတော်အခြေခံမူများအခန်းနဲ့ စပ်လျဉ်းပြီး အခြေခံရမယ့်မူများ ချမှတ်ခဲ့စဉ်က အခြေခံမူ၁၀၄ချက်ရဲ့အောက်တွင် မှတ်ချက်အဖြစ်–

“ထိုသို့ နိုင်ငံတော်အခြေခံမူများ သတ်မှတ်ရေးအတွက် ချမှတ်သည့် အခြေခံရမယ့်မူများကို အောက်ပါအတိုင်း ဆက်လက်ဆောင်ရွက်ရပါမည်–

- **သက်ဆိုင်ရာအခန်းအတွက် အခြေခံရမယ့်မူများ ဆွေးနွေးသည့်အခါ ထိုချမှတ်ထားသည့် အခြေခံရမည့်မူများကို အခြေခံအဖြစ် ထားရှိဆောင်ရွက်ရန်၊**
- **ထိုချမှတ်ထားသည့် အခြေခံရမည့်မူများအနက်–**
  - **နိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေနိဒါန်းတွင် ဖော်ပြသင့်သည့် မူများကို နိဒါန်းမှာလည်းဖော်ပြရန်၊**
  - **နိုင်ငံတော်နှင့် စပ်လျဉ်းသည့်မူများကို နိုင်ငံတော်အခန်းခေါင်းစဉ်ဖြင့် သီးခြားဖော်ပြရန်၊**
  - **သက်ဆိုင်ရာအခန်းနှင့် စပ်လျဉ်းသည့်မူများကို သက်ဆိုင်ရာအခန်းအတွက် ဆွေးနွေးသည့်အခါ ထိုအခန်းသို့ ပြောင်းရွှေ့ဖော်ပြရန်၊**
  - **နိုင်ငံတော် အခြေခံမူများအခန်းနှင့် စပ်လျဉ်းသည့်မူများကို နိုင်ငံတော်အခြေခံမူများအခန်းမှာပင် ဆက်လက်ဖော်ပြရန်”**

လို့ ဖော်ပြခဲ့တဲ့အခြေခံမူအရ အခန်းခေါင်းစဉ်များနဲ့စပ်လျဉ်းပြီး အသေးစိတ်အခြေခံရမယ့်မူများ ချမှတ်တဲ့အခါ သက်ဆိုင်ရာအခန်းနဲ့ စပ်လျဉ်းတဲ့မူများကို အသေးစိတ်အခြေခံရမယ့်မူများအဖြစ် ပြောင်းရွှေ့ဖော်ပြခဲ့ပါတယ်။ အသေးစိတ်အခြေခံရမယ့်မူအဖြစ် သက်ဆိုင်ရာအခန်းသို့ ပြောင်းရွှေ့ဖော်ပြထားတဲ့ အခြေခံမူများအနက် အချို့အခြေခံမူများဟာ နိုင်ငံတော်အခြေခံမူများ အခန်းတွင်လည်း ဆက်လက်ဖော်ပြထားသင့်သလို အချို့အခြေခံမူများဟာ နိုင်ငံတော်အခြေခံမူများအခန်းတွင် ဆက်လက်ဖော်ပြရန် မလိုအပ်တော့တဲ့အတွက် အသေးစိတ်အခြေခံရမယ့်မူတွင် ဆက်လက်ဖော်ပြရန် မလိုအပ်တော့ကြောင်း အမျိုးသားညီလာခံကျင်းပရေး လုပ်ငန်းကော်မတီဥက္ကဋ္ဌ ရှင်းလင်းပြောကြားခဲ့တဲ့ အသေးစိတ်အခြေခံရမယ့်မူများကိုလည်း ဆက်လက်ဖော်ပြခြင်း မပြုသင့်တော့ပါကြောင်း အကြံပြုတင်ပြအပ်ပါတယ်။

**သဘာပတိကြီးခင်ဗျား–**

သို့ပါ၍ အမျိုးသားညီလာခံက ချမှတ်ပေးသော အခြေခံရမယ့်မူများနဲ့ အသေးစိတ်အခြေခံရမယ့်မူများနဲ့အညီ ဖွဲ့စည်းပုံအခြေခံဥပဒေမူကြမ်းကို ရေးဆွဲတဲ့အခါမှာ စကားအသုံးအနှုန်း၊ သတ်ပုံသတ်ညွှန်း၊ နေရာအထားအသို တို့ကို အခြေခံရမည့်မူနှင့် အသေးစိတ်အခြေခံရမည့်မူများပါ ရည်ရွယ်ချက်နှင့် အနှစ်သာရကို မထိခိုက်စေဘဲ ပြင်ဆင်သင့်သည်များ ပြင်ဆင်၍ ဖွဲ့စည်းပုံအခြေခံဥပဒေမူကြမ်းကို ရေးဆွဲဆောင်ရွက်နိုင်ရေးအတွက် အမျိုးသားညီလာခံက သဘောတူခွင့်ပြုကြောင်း ဆုံးဖြတ်ချက်ချမှတ်ပေးနိုင်ပါရန် အမျိုးသား ညီလာခံက ချမှတ်ထားပြီးဖြစ်တဲ့ အခြေခံရမယ့်မူများနဲ့ အသေးစိတ်အခြေခံရမယ့် မူများအနက် ပြင်ဆင်၊ဖြည့်စွက်၊ ပယ်ဖျက်သင့်တဲ့ အခြေခံရမယ့်မူများနဲ့ စပ်လျဉ်း၍ အမျိုးသားညီလာခံ ကျင်းပရေး လုပ်ငန်းကော်မတီဥက္ကဋ္ဌရဲ့ ရှင်းလင်းတင်ပြချက်များအပေါ် ကျွန်တော်တို့ အမျိုးသားညီလာခံ အလုပ်သမားကိုယ်စားလှယ်များ အစုအဖွဲ့က တညီတညွတ်တည်း သဘောတူညီကြပါကြောင်းတင်ပြရင်း နိဂုံးချုပ်အပ်ပါတယ် ခင်ဗျား။ ။

# တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ဥပဒေချုပ်သည် သက်ဆိုင်ရာ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ဝန်ကြီးချုပ်မှတစ်ဆင့် နိုင်ငံတော်သမ္မတအား တာဝန်ခံရမည်

**စာမျက်နှာ ၆ မှ**

ထားတဲ့ အခြားအရည်အချင်းများနဲ့ ပြည့်စုံသော်လည်း တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ဝန်ကြီးအတွက် သတ်မှတ်ထားတဲ့ အသက် ၃၅ နှစ်ဆိုတဲ့ အချက်နဲ့ ကိုက်ညီချင်မှကိုက်ညီမှာဖြစ်ပါတယ်။ လျော့နည်းနေသူလည်း ဖြစ်နိုင်ပါတယ်။ သို့သော်လည်း အပိုဒ် ၂၂၊ အပိုဒ်ခွဲ(ဇ)မှာ ဆိုထားတာကတော့ အထက်ဖော်ပြပါ ပုဂ္ဂိုလ်များကို တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ဝန်ကြီးအဖြစ် ခန့်အပ်တာဝန်ပေးရာမှာ နိုင်ငံတော်သမ္မတကဖွဲ့စည်းပုံအခြေခံဥပဒေတွင်သတ်မှတ်ထားသည့် အသက်ကန့်သတ်ချက်ကို လျှော့ပေါ့စဉ်းစားနိုင်ကြောင်း ဖော်ပြခဲ့ပါတယ်။ ယခုလို ဆိုထားတဲ့အတွက် နိုင်ငံတော်သမ္မတက အသက်လျှော့ပေါ့မှုကို မစဉ်းစားဘဲ နေချင်လဲနေလို့ရတဲ့သဘော သက်ရောက်နေပါတယ်။ ဒီနေရာမှာ မူလရည်ရွယ်ချက် အနှစ်သာရအတိုင်း ပေါ်လွင်စေဖို့နဲ့ နောင်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ အငြင်းပွားမှုမျိုး မဖြစ်စေရအောင် အသက်ကန့်သတ်ချက်ကို လျှော့ပေါ့ရန် စဉ်းစားနိုင်သည်ဆိုသည့်အစား **"အသက်ကန့်သတ်ချက်ကို လျှော့ပေါ့ပေးရမည်"** ဟု ပြင်ဆင်ချမှတ်ရန်သင့်ပါကြောင်း အကြံပြုဆွေးနွေးအပ်ပါတယ်။

**သဘာပတိကြီးရှင့်–**

အုပ်ချုပ်ရေးဆိုင်ရာ ဖွဲ့စည်းမှုအပိုင်းအတွက် အသေးစိတ်အခြေခံရမယ့်မူများချမှတ်စဉ်က အပိုဒ် ၂၈ အပိုဒ်ခွဲ(စ)နှင့် အပိုဒ် ၃၁ အပိုဒ်ခွဲ(င)တွင် ဖော်ပြခဲ့သည့် စာသားများသည် အသုံးအနှုန်းများရှုပ်ထွေးစေပြီး အဓိပ္ပာယ် ကောက်ယူရာမှာ ပေါ်လွင်မှုမရှိသလို ဖြစ်နေသည့်အတွက် အခြေခံဥပဒေ(မူကြမ်း) ရေးဆွဲရာမှာ ရှေ့နောက်စကားရပ်များ ညီညွတ်စေရန်နဲ့ အဓိပ္ပာယ်ရှင်းလင်း ပေါ်လွင်လွယ်ကူစေရန် အောက်ဖော်ပြပါအတိုင်း ပြင်ဆင်သင့်ကြောင်း လုပ်ငန်းကော်မတီဥက္ကဋ္ဌက ရှင်းလင်းချပြခဲ့ပါတယ်–

**(က) အပိုဒ် ၂၈အပိုဒ်ခွဲ(စ)အဖြစ် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ဥပဒေချုပ်သည်–**

**(၁) သက်ဆိုင်ရာ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ဝန်ကြီးချုပ်မှတစ်ဆင့် နိုင်ငံတော်သမ္မတအား တာဝန်ခံရမည်၊**

**(၂) ပြည်ထောင်စု ရှေ့နေချုပ်အား လည်းကောင်း၊ သက်ဆိုင်ရာ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် ဝန်ကြီးချုပ်အား လည်းကောင်း တာဝန်ခံရမည်၊**

**(ခ) အပိုဒ် ၃၁ အပိုဒ်ခွဲ(င)အဖြစ် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်စာရင်းစစ်ချုပ်သည်–**

**(၁) သက်ဆိုင်ရာ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ဝန်ကြီးချုပ်မှတစ်ဆင့် နိုင်ငံတော်သမ္မတအား တာဝန်ခံရမည်၊**

**(၂) ပြည်ထောင်စု စာရင်းစစ်ချုပ်အား လည်းကောင်း၊ သက်ဆိုင်ရာ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ဝန်ကြီးချုပ်အား လည်းကောင်း တာဝန်ခံရမည်။**

အထက်ဖော်ပြပါ ပြင်ဆင်ချမှတ်သင့်သည့် အချက်များကို အသေးစိတ်အခြေခံရမယ့်မူများအဖြစ် ပြင်ဆင်ချမှတ်သင့်ပါကြောင်းကိုလည်း ဆွေးနွေးတင်ပြအပ်ပါတယ်။

ပြည်သူ့လွှတ်တော် ဖွဲ့စည်းရေးနဲ့ စပ်လျဉ်းပြီး ဖြည့်စွက်ချမှတ်ရန် လုပ်ငန်းကော်မတီဥက္ကဋ္ဌရဲ့ ရှင်းလင်းချပြချက်များနှင့် ပတ်သက်ပြီး ဆွေးနွေးအကြံပြုလိုပါတယ်။

လူဦးရေကို အခြေခံရွေးကောက်တင်မြှောက်သည့် လွှတ်တော်ကို ပြည်သူ့လွှတ်တော်ဟု ခေါ်ဆိုသုံးနှုန်းပြီး၊ တိုင်းဒေသကြီးများနဲ့ ပြည်နယ်များမှ ကိုယ်စားလှယ်ဦးရေ တူညီစွာ ရွေးကောက်တင်မြှောက်သည့် လွှတ်တော်ကို အမျိုးသားလွှတ်တော်ဟု ခေါ်ဆိုသုံးနှုန်းထားပါတယ်။ ပြည်သူ့လွှတ်တော်အား လူဦးရေကိုအခြေခံသည့် လွှတ်တော်ဟု သုံးနှုန်းခြင်းဖြင့် လွှတ်တော်ကိုယ်စားလှယ်ကို လူဦးရေပေါ် အခြေခံရွေးကောက်တင်မြှောက်ရမှာ ဖြစ်ပါတယ်။ ဖွဲ့စည်းပုံအခြေခံဥပဒေမှာ အဲဒီလိုပါရှိသွားခဲ့ပါက တစ်မြို့နယ်လျှင် တစ်ဦးကျစီ ရွေးကောက်တင်မြှောက်ရန် မဖြစ်နိုင်တော့ပါ။ ကိုယ်စားလှယ်ဦးရေမှာလည်း တိုင်းဒေသကြီးများက ၂၃၇ ဦး၊ ပြည်နယ်များက ၉၃ ဦးပါရှိမှာဖြစ်လို့ တိုင်းဒေသကြီးက ၃၁ ဦး ပိုမိုနေမှာဖြစ်ကြောင်း၊ အကယ်၍ လူဦးရေအရလည်းကောင်း၊ မြို့နယ်အရလည်းကောင်း ရွေးကောက်တင်မြှောက်လျှင် ပြည်နယ်များက ၁၂၄ ဦးအထိ ရွေးကောက်တင်မြှောက်ပေးလာနိုင်မှာဖြစ်လို့ ၉၃ ဦးထက် ၃၁ ဦး ကျော်လွန်ရွေးချယ်တင်မြှောက် ပေးလာနိုင်မှာဖြစ်ကြောင်း လုပ်ငန်းကော်မတီဥက္ကဋ္ဌက ရှင်းလင်းချပြခဲ့ပါတယ်။ သို့အတွက် ပြည်နယ်များက ကိုယ်စားလှယ်ဦးရေ အချိုးအစား ပိုမိုရရှိလာစေနိုင်တဲ့ လူဦးရေအခြေခံ၍ လည်းကောင်း၊ မြို့နယ်များကို အခြေခံ၍ လည်းကောင်း ရွေးကောက်တင်မြှောက်သည့် အခြေခံမူ ပြင်ဆင်ချမှတ်ရန်မှာ ပိုမိုသင့်လျော်မှုရှိလာကြောင်း တွေ့ရှိရပါတယ်။ နောင်မှာ နိုင်ငံတော်ရဲ့ တိုးတက်ဖြစ်ထွန်းလာမှု အခြေအနေကောင်းများအရ မြို့နယ်များ ယခုထက် ပိုမိုလာလျှင် သတ်မှတ်ထားတဲ့ ကိုယ်စားလှယ်ဦးရေ ၃၃၀ ထက် ကျော်လွန်သွားစေနိုင်မှာ ဖြစ်ပါတယ်။ ထိုကဲ့သို့ မြို့နယ်၃၃၀ထက် များလာပါက အသစ်ဖြစ်ပေါ်လာတဲ့ မြို့နယ်တွေကို ဆက်စပ်နေတဲ့ မြို့နယ်တစ်ခုခုနဲ့ ပူးပေါင်းပြီး ပြည်သူ့လွှတ်တော် မဲဆန္ဒနယ်များ သတ်မှတ်ပေးသင့်ပါတယ်။ ဤနည်းအားဖြင့် သတ်မှတ်ကိုယ်စားလှယ် ၃၃၀ ထက် ကျော်လွန်မသွားနိုင်တော့ပါဘူး။ ဒါကြောင့် ရေရှည်အသုံးပြုနိုင်မှု ဖြစ်စေရေးအတွက် ပြည်သူ့လွှတ်တော် ဖွဲ့စည်းခြင်းနှင့် စပ်လျဉ်းပြီး–

**"ပြည်သူ့လွှတ်တော်ကို လွှတ်တော်ကိုယ်စားလှယ်ဦးရေ အများဆုံး ၄၄၀ဦးဖြင့် အောက်ပါအတိုင်းဖွဲ့စည်းရမည်–**

**(က) မြို့နယ်ကိုအခြေခံ၍ လည်းကောင်း၊ လူဦးရေကို အခြေခံ၍လည်းကောင်း၊ မြို့နယ် ၃၃၀ ထက်ပိုမိုလာပါက အသစ်ဖွဲ့စည်းသည့် မြို့နယ်ကို တစ်ဆက်တစ်စပ်တည်းဖြစ်သော သင့်လျော်သည့် မြို့နယ်တစ်ခုခုနှင့် ပူးပေါင်းအခြေခံ၍ လည်းကောင်း၊ ဥပဒေနှင့်အညီ မဲဆန္ဒနယ်သတ်မှတ်၍ ရွေးကောက်တင်မြှောက်သည့် ၃၃၀ ဦးထက် မပိုသော ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်များ**

**(ခ) တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က ဥပဒေနှင့်အညီ အမည်စာရင်းတင်သွင်းသည့် ၁၁၀ ဦးထက်မပိုသော တပ်မတော်သား ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်များ"**

ဟု အသေးစိတ် အခြေခံရမည့်မူအဖြစ် ဖြည့်စွက်ချမှတ်သင့်ပါကြောင်း ဆွေးနွေးတင်ပြအပ်ပါတယ်။

**သဘာပတိကြီးရှင့်–**

အမျိုးသားလွှတ်တော်ဖွဲ့စည်းခြင်းနဲ့ ပတ်သက်ပြီး အမျိုးသားလွှတ်တော်ကို ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ တိုင်း သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ ဒေသတစ်ခုစီမှ ကိုယ်စားလှယ်တစ်ဦးစီပါရှိစေတဲ့ ပြည်ထောင်စု နယ်မြေများအပါအဝင် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်တစ်ခုစီအတွက် ကိုယ်စားလှယ် ၁၂ ဦး ကျစီနဲ့ ပြည်ထောင်စုနယ်မြေများ အပါအဝင် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်တစ်ခုစီအတွက် ကိုယ်စားလှယ်တစ်ဦးကျစီ ပါဝင်တဲ့ စုစုပေါင်း ကိုယ်စားလှယ် ၂၂၄ဦးနဲ့ ဖွဲ့စည်းရန် အသေးစိတ်အခြေခံရမည့်မူ ချမှတ်ပြီးကြောင်း၊ ပြည်ထောင်စုနယ်မြေဟု ဖော်ပြခြင်းမှာလည်း ဖွဲ့စည်းပုံအခြေခံဥပဒေပြဋ္ဌာန်းပြီးနောက် ထူးခြားသည့် အခြေအနေရှိ၍ ပြည်ထောင်စုလွှတ်တော်က ပြည်ထောင်စုနယ်မြေအဖြစ် ဥပဒေပြဋ္ဌာန်းသတ်မှတ်နယ်မြေများကို ဖော်ညွှန်းကြောင်း၊ သို့သော် စကားရပ်အသုံးအနှုန်း ပိုမိုတိကျစေရန်အတွက် "ပြည်ထောင်စုနယ်မြေများ"ဆိုသည့် စကားရပ်ရှေ့တွင် **"သက်ဆိုင်ရာ"**ဟူသော စကားရပ် ဖြည့်စွက်သင့်ကြောင်း ပါရှိပါတယ်။ ထိုသို့ ဖြည့်စွက်လိုက်ခြင်းအားဖြင့် အမျိုးသားလွှတ်တော် ဖွဲ့စည်းရာမှာ–

**"အမျိုးသားလွှတ်တော်ကို လွှတ်တော်ကိုယ်စားလှယ်ဦးရေ အများဆုံး ၂၂၄ ဦးဖြင့် အောက်ပါအတိုင်းဖွဲ့စည်းရမည်–**

**(က) ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ တိုင်း သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ် ခွင့်ရ ဒေသတစ်ခုစီမှ ကိုယ်စားလှယ်တစ်ဦးစီ ပါဝင်စေပြီး သက်ဆိုင်ရာ ပြည်ထောင်စုနယ်မြေများအပါအဝင် တိုင်း ဒေသကြီး သို့မဟုတ် ပြည်နယ်တစ်ခုစီအတွက် ကိုယ်စားလှယ် ၁၂ဦးကျစီ တူညီစွာဖြင့် ရွေးကောက်တင်မြှောက်သည့် အမျိုးသား လွှတ်တော် ကိုယ်စားလှယ် ၁၆၈ ဦး၊**

**(ခ) သက်ဆိုင်ရာ ပြည်ထောင်စုနယ်မြေများ အပါအဝင် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် တစ်ခုစီအတွက် ကိုယ်စားလှယ် လေးဦးကျစီဖြင့် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က ဥပဒေနှင့်အညီ အမည်စာရင်းတင်သွင်းသည့် တပ်မတော်သား အမျိုးသား လွှတ်တော် ကိုယ်စားလှယ် ၅၆ ဦး၊**

**(ဂ) အထက်အပိုဒ်ခွဲ (က) နှင့် (ခ)တွင် ဖော်ပြထားသည့်အတိုင်း ဖွဲ့စည်းရာတွင် သက်ဆိုင်ရာ ပြည်ထောင်စုနယ်မြေဆိုသည်မှာ ဤဖွဲ့စည်းပုံအခြေခံဥပဒေအရ သတ်မှတ်ထားသည့် ပြည်ထောင်စုနယ်မြေများသည် လည်းကောင်း၊ ပြည်ထောင်စုလွှတ်တော်က ဥပဒေပြဋ္ဌာန်း၍ သတ်မှတ်သော ပြည်ထောင်စုနယ်မြေများသည် လည်းကောင်း၊ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်ရွေးကောက်တင်မြှောက်ရန် ကိစ္စအလို့ငှာ အဆိုပါနယ်မြေပါဝင်ခဲ့သည့် ပြည်နယ် သို့မဟုတ် တိုင်းတွင်ဖြစ်စေ၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်တွင်ဖြစ်စေ ပါဝင်ခြင်းကိုဆိုသည်"** ဟု အသေးစိတ် အခြေခံရမည့်မူအဖြစ် ဖြည့်စွက်ချမှတ်သင့်ပါ ကြောင်း ဆွေးနွေးတင်ပြအပ်ပါတယ်။

**သဘာပတိကြီးရှင့်–**

ပြည်ထောင်စုနယ်မြေ သတ်မှတ်ခြင်းနှင့်စပ်လျဉ်းပြီး နိုင်ငံတော်၏ မြို့တော်ဖြစ်သည့် ရန်ကုန်မြို့တော်နှင့် ထူးခြားသော အခြေအနေရှိသည့် ကိုကိုးကျွန်းမြို့နယ်တို့ကို နိုင်ငံတော်သမ္မတ၏ တိုက်ရိုက်အုပ်ချုပ်မှုအောက်တွင် ထားရှိသည့် ပြည်ထောင်စုနယ်မြေအဖြစ် သတ်မှတ်ထားရှိပြီး နိုင်ငံတော်ကာကွယ်ရေး၊ လုံခြုံရေး၊ အုပ်ချုပ်ရေး၊ စီးပွားရေးစသည်တို့နှင့်စပ်လျဉ်းတဲ့ ထူးခြားသော အခြေအနေရှိသည့် နယ်မြေများကို ဥပဒေပြဋ္ဌာန်းပြီး ပြည်ထောင်စုနယ်မြေအဖြစ် သတ်မှတ်၍ နိုင်ငံတော်သမ္မတ၏ တိုက်ရိုက်အုပ်ချုပ်မှုအောက်တွင် ထားရှိနိုင်ကြောင်း ပါရှိခဲ့ပါတယ်။ ထိုသို့ သတ်မှတ်ထားသည့်အနက် နိုင်ငံတော်၏ မြို့တော်သည် **"နေပြည်တော်"**ဟု ပြင်ဆင်အတည်ပြု၍ အခြေခံမူအဖြစ် ချမှတ်ပြီးဖြစ်သည့်အတွက် ရန်ကုန်မြို့ကို ပြည်ထောင်စုနယ်မြေအဖြစ်မှ ပယ်ဖျက်ရန် လိုအပ်ပြီး နိုင်ငံတော်၏ မြို့တော်ဖြစ်သော နေပြည်တော်၏ စည်ပင်သာယာရေးနယ်နိမိတ်ကို ပြည်ထောင်စုနယ်မြေအဖြစ်သတ်မှတ်၍ ကိုကိုးကျွန်းမြို့နယ်ကိုလည်း ပြည်ထောင်စုနယ်မြေအဖြစ်မှ ပယ်ဖျက်ရန်ဖြစ်ပါတယ်။ အထက်ပါ ပြင်ဆင်ဖြည့်စွက်မှုများမှာလည်း နေပြည်တော်သည် နိုင်ငံတော်၏ မြို့တော်အဖြစ် ပြင်ဆင်သတ်မှတ်ခဲ့ပြီးဖြစ်သဖြင့် ပြည်ထောင်စုနယ်မြေ သတ်မှတ်ခြင်းနှင့်စပ်လျဉ်းပြီး ပြင်ဆင်ချမှတ်သင့်ပါကြောင်း ဆွေးနွေးတင်ပြအပ်ပါတယ်။

အလျဉ်းသင့်၍ ဖြည့်စွက်အကြံပြုလိုသည်မှာ ယခင်က မြို့တော်အဖြစ် သတ်မှတ်ခဲ့သော ရန်ကုန်မြို့သည် သမိုင်းအစဉ်အလာရှိသည့်အပြင် နိုင်ငံတော်၏ စီးပွားရေး အချက်အချာကျသော မြို့လည်းဖြစ်၍ နိုင်ငံတော်၏ လုံခြုံရေး၊ ကာကွယ်ရေးနှင့်စပ်လျဉ်းပြီး ထူးခြားသည့် အခြေအနေရှိသည့်အတွက် ရန်ကုန်မြို့အား လုပ်ငန်းကော်မတီဥက္ကဋ္ဌ ရှင်းလင်းစဉ်က ထည့်သွင်းပြောကြားသွားသည့်အတိုင်း ရန်ကုန်မြို့သည် နိုင်ငံတော်၏ မြို့တော်မဟုတ်တော့သော်လည်း နိုင်ငံတော်၏ စီးပွားရေးအချက်အချာကျသော မြို့အဖြစ် ဆက်လက်တည်ရှိနေမည်ဖြစ်ပါသည် ဆိုသည့်အချက်ကို ကျွန်မတို့ အသိပညာရှင်၊ အတတ်ပညာရှင်ကိုယ်စားလှယ်များ အစုအဖွဲ့အနေဖြင့် ကြိုဆိုထောက်ခံပါတယ်။

ယခု ဆက်လက် တင်ပြသွားမှာကတော့ နိုင်ငံတော်၏ မြို့တော်သည် ရန်ကုန်မြို့မှ နေပြည်တော်သို့ ပြောင်းလဲသတ်မှတ်သည့် အသေးစိတ် အခြေခံရမည့်မူ ချမှတ်ပြီးဖြစ်၍ ရန်ကုန်မြို့တော်ဟု ဖော်ပြခဲ့သည့် စကားရပ်များအစား **"နေပြည်တော်"**ဟု ပြင်ဆင် ဖြည့်စွက်သုံးစွဲသွားရန်နှင့် "ရန်ကုန်မြို့တော်ကောင်စီဥက္ကဋ္ဌ"ဟူသည့် စကားရပ်အစား **"နေပြည်တော် ကောင်စီဥက္ကဋ္ဌ "** ဟု ဖြည့်စွက်ရန် အချက်များကို အသေးစိတ် အခြေခံရမည့်မူများအဖြစ် ဖြည့်စွက်သင့်ပါကြောင်း တင်ပြအပ်ပါတယ်။

**သဘာပတိကြီးရှင့်–**

တရားစီရင်ရေးဆိုင်ရာ အာဏာခွဲဝေမှု အပိုင်းအတွက် အသေးစိတ်အခြေခံရမည့်မူ ချမှတ်စဉ်က အပိုဒ် ၆၊ အပိုဒ်ခွဲ (၄)၊ အပိုဒ်ခွဲငယ် (က)မှာ ပါရှိတဲ့ စာပိုဒ်များမှာ ရန်ကုန်တိုင်းဒေသကြီး တရားလွှတ်တော်သည် ရန်ကုန်မြို့တော်နှင့် ကိုကိုးကျွန်းမြို့နယ် တရားရုံးများ၏ တရားလွှတ်တော် ဖြစ်ကြောင်း ဖော်ပြပါရှိပါတယ်။ ယခုအခါမှာ ရန်ကုန်မြို့နှင့် ကိုကိုးကျွန်းမြို့နယ်တို့ကို ပြည်ထောင်စုနယ်မြေအဖြစ်မှ ပယ်ဖျက်ခြင်း၊ မြို့တော်ကို နေပြည်တော်ဟု ပြောင်းလဲပြီး ဖြစ်ခြင်းတို့အတွက် အထက်ဖော်ပြပါ စကားရပ်များအစား **"နေပြည်တော်အတွင်းရှိ တရားရုံးများ၏ တရားလွှတ်တော်သည် မန္တလေးတိုင်းဒေသကြီး၏ တရားလွှတ်တော်ပင် ဖြစ်ကြောင်း"** ပြင်ဆင်ချမှတ်ခြင်းမှာလည်း သင့်တော်ပါကြောင်း ဆွေးနွေးတင်ပြအပ်ပါတယ်။

ဆက်လက်ပြီး တင်ပြမှာကတော့ ဖွဲ့စည်းပုံ အခြေခံဥပဒေ ရေးဆွဲရာတွင် ပါဝင်မည့် အခန်းခေါင်းစဉ် ၁၅ ခုအနက် "နိုင်ငံတော် အခြေခံမူများ"အခန်းနှင့် စပ်လျဉ်းပြီး အခြေခံမူ ၁၀၄ ချက်ကို အခြေခံရမည့်မူအဖြစ် ချမှတ်ခဲ့စဉ်က ယင်းနှင့်ပတ်သက်ပြီး ဆက်လက်ဆောင်ရွက်ရန်အတွက် မှတ်ချက်နဲ့ ဖော်ပြခဲ့ကြောင်းနှင့် မှတ်ချက်မှာဖော်ပြခဲ့တဲ့ အချက်များအရ အခန်းခေါင်းစဉ်များနဲ့ စပ်လျဉ်းပြီး အသေးစိတ် အခြေခံရမယ့်မူများအဖြစ် ပြောင်းရွှေ့ဖော်ပြခဲ့ကြောင်း၊ အချို့အခြေခံမူများသည် နိုင်ငံတော် အခြေခံမူများအခန်းမှာလည်း ဆက်လက်ဖော်ပြထားသင့်ပြီး အချို့အခြေခံမူများကိုတော့ နိုင်ငံတော် အခြေခံမူများအခန်းမှာ ဆက်လက်ဖော်ပြရန် မလိုအပ်ဟု သုံးသပ်ကြောင်း၊ ထိုအချက်များသည် အားလုံး ၁၅ ချက်ရှိပြီး နိုင်ငံတော် အကြီးအကဲအခန်းသို့ ပြောင်းရွှေ့ဖော်ပြသည့် အချက် ၂ ချက်၊ နိုင်ငံသား၊ နိုင်ငံသားများ၏ မူလအခွင့်အရေးနှင့် တာဝန်များအခန်းသို့ ပြောင်းရွှေ့ဖော်ပြသည့် အချက် ၁၁ ချက်နှင့် အထွေထွေပြဋ္ဌာန်းချက်များ အခန်းသို့ ပြောင်းရွှေ့ဖော်ပြသည့် အချက် ၂ ချက် ပါဝင်ကြောင်း လုပ်ငန်းကော်မတီဥက္ကဋ္ဌက ရှင်းလင်းချပြခဲ့ပါတယ်။ အသေးစိတ်အခြေခံရမည့်မူများအဖြစ် အခြေခံမူ ၁၀၄ ချက်ကို ချမှတ်စဉ်ကတည်းက အချို့သောအချက်များကို ခေါင်းစဉ်အလိုက် ရွှေ့ပြောင်းသင့်သည်များကို ရွှေ့ပြောင်းချမှတ်ခဲ့ပြီး ဖြစ်ခြင်းကြောင့် ရွှေ့ပြောင်းချမှတ်ခဲ့ပြီးဖြစ်တဲ့ အချက်များကို နိုင်ငံတော် အခြေခံမူများအခန်းမှာ ဆက်လက်ဖော်ပြခြင်းမှာ မသင့်လျော်တော့ကြောင်း သုံးသပ်ရရှိပါတယ်။ သို့အတွက် နိုင်ငံတော်၏အခြေခံမူများအခန်းတွင် ဆက်လက်ဖော်ပြရန် မလိုအပ်တော့ပါကြောင်း ဆွေးနွေးအကြံပြုအပ်ပါတယ်။

အလားတူ ဆက်လက်တင်ပြလိုတာကတော့ ၂၀၀၅ခုနှစ် မတ်လ ၃ ရက်နေ့မှာကျင်းပခဲ့တဲ့ စုံညီအစည်းအဝေးမှာ ဥပဒေပြုရေးဆိုင်ရာ အာဏာခွဲဝေမှုအပိုင်းအတွက် အသေးစိတ်အခြေခံရမယ့်မူများ ချမှတ်ခဲ့တဲ့ အပိုဒ် ၁၅ ပိုဒ်ခွဲ(၅)ပါအချက်ဟာ ၂၀၀၇ခုနှစ် ဩဂုတ်လ ၂ ရက်နေ့ စုံညီမှာ ကူးပြောင်းရေးကာလပြဋ္ဌာန်းချက်များအခန်းအတွက် အသေးစိတ်အခြေခံရမယ့်မူများ ချမှတ်ခဲ့တဲ့ အပိုဒ်(၅)ပါအချက်နဲ့ တူညီနေကြောင်း၊ ယင်းအချက်မှာ "တည်ဆဲဥပဒေများသည် ပြည်ထောင်စုလွှတ်တော်က ပယ်ဖျက်ခြင်း၊ ပြင်ဆင်ခြင်းမပြုသေးမီ ဤဖွဲ့စည်းပုံအခြေခံဥပဒေနှင့် မဆန့်ကျင်သမျှ အတည်ဖြစ်သည်"ဆိုသည့် အချက်ဖြစ်ပါသည်။ ဤကိစ္စရပ်မှာလည်း ဖော်ပြပါအသေးစိတ်အခြေခံရမယ့်မူများဟာ စကားရပ်အတူတူပဲဖြစ်နေပြီး အနှစ်သာရကလည်း အတူတူပဲမို့ ယခင်ချမှတ်ခဲ့တဲ့ ဥပဒေပြုရေးဆိုင်ရာ အာဏာခွဲဝေမှုအပိုင်းရှိ အသေးစိတ်အခြေခံရမယ့်မူ အပိုဒ် ၁၅၊ အပိုဒ်ခွဲ(၅)ကို ဆက်လက်ဖော်ပြခြင်း မပြုသည်မှာလည်း မှန်ကန်သင့်လျော်ပါကြောင်း ဆွေးနွေးအကြံပြုအပ်ပါတယ်။

**သဘာပတိကြီးရှင့်–**

ချမှတ်ပြီးခဲ့တဲ့အခြေခံမူများ၊ အသေးစိတ်အခြေခံရမယ့်မူများအပေါ် ပြင်ဆင်တန် ပြင်ဆင်၊ ပယ်ဖျက်တန် ပယ်ဖျက်၊ ပြောင်းရွှေ့ဖော်ပြတန် ဖော်ပြ၊ ထပ်မံဖြည့်စွက်သင့်တာ ဖြည့်စွက်၊ မလိုအပ်တော့တဲ့အတွက် ချန်လှပ်သင့်တာ ချန်လှပ်ရေးနဲ့ ပတ်သက်လို့ အမျိုးသားညီလာခံ အသိပညာရှင်၊ အတတ်ပညာရှင်ကိုယ်စားလှယ်များ အစုအဖွဲ့ရဲ့ သဘောထားများကို တင်ပြခဲ့ပြီး ဖြစ်ပါတယ်။

အမျိုးသားညီလာခံကြီးက ချမှတ်ပေးခဲ့တဲ့ အခြေခံမူများ၊ အသေးစိတ်အခြေခံရမယ့်မူများနဲ့ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေ ရေးဆွဲတဲ့အခါမှာ ဥပဒေ စာအုပ်ပီပီ အသုံးအနှုန်းကအစ ဥပဒေအသုံးအနှုန်းများ ဖြစ်လာရမှာ သဘာဝပါပဲ။ ပြည်ထောင်စုမြန်မာနိုင်ငံရဲ့ တရားဝင်ရုံးသုံး ဘာသာစကားဟာ မြန်မာစာဖြစ်တဲ့အတွက် အခြေခံဥပဒေသစ်မှာ အရေးအသား၊ ဝေါဟာရ အသုံးအနှုန်း၊ သတ်ပုံသတ်ညွှန်း၊ သဒ္ဒါကအစ မြန်မာစာပီသရမှာ ဖြစ်ပါတယ်။

အဲဒီလို ဖွဲ့စည်းပုံအခြေခံဥပဒေမူကြမ်းကို ရေးဆွဲတဲ့အခါမှာ စကားအသုံးအနှုန်း၊ သတ်ပုံသတ်ညွှန်း၊ နေရာအထားအသိုတို့ကို အခြေခံရမည့်မူနှင့် အသေးစိတ်အခြေခံရမယ့်မူများပါ ရည်ရွယ်ချက်နှင့် အနှစ်သာရကို မထိခိုက်စေဘဲ ပြင်ဆင်သင့်သည်များ ပြင်ဆင်ပြီး ဖွဲ့စည်းပုံအခြေခံဥပဒေမူကြမ်းရေးဆွဲဖို့ အသိပညာရှင်၊ အတတ်ပညာရှင်ကိုယ်စားလှယ်များ အစုအဖွဲ့က သဘောတူ ဆန္ဒပြုပါကြောင်း တင်ပြရင်း နိဂုံးချုပ်လိုက်ပါတယ်ရှင့်။ ။

17-8 (07) 1 8/17/07, 1:27 AM

# နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဝင် ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်း တရုတ်ပြည်သူ့လွတ်မြောက်ရေးတပ်မတော်မှချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့အား ဂုဏ်ပြုညစာတည်ခင်း



နေပြည်တော် ဩဂုတ် ၁၆

**နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဝင် ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်းသည် နေပြည်တော်၌ ချစ်ကြည်ရေးခရီး အလည်အပတ်ရောက်ရှိနေသော တရုတ်ပြည်သူ့သမ္မတနိုင်ငံ တရုတ်ပြည်သူ့ လွတ်မြောက်ရေးတပ်မတော် Jinan Military Region Command မှ Political Commissar General, Liu Dongdong ဦးဆောင်သည့် ချစ်ကြည်ရေး ကိုယ်စားလှယ်အဖွဲ့ဝင်များအား ယမန်နေ့ည ၇ နာရီခွဲတွင် နေပြည်တော် ဟိုတယ်ဇုန်ရှိ ရွှေနန်းတော်ဟိုတယ်၌ ဂုဏ်ပြုညစာစားပွဲဖြင့် တည်ခင်းဧည့်ခံသည်။** (ဓါတ်ပုံ)

**တက်ရောက်**

အဆိုပါ ဂုဏ်ပြုညစာစားပွဲသို့ နေပြည်တော်တိုင်း စစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ်ဝေလွင်၊ စစ်ဦးစီးအရာရှိချုပ်(ရေ) ဗိုလ်ချုပ်ဉာဏ်ထွန်း၊ စစ်ဦးစီးအရာရှိချုပ်(လေ) ဗိုလ်မှူးချုပ်ခင်အောင်မြင့်၊ ဒုတိယတပ်မတော် လေ့ကျင့်ရေးအရာရှိချုပ် ဗိုလ်ချုပ်ဇော်ဝင်း၊ တွဲဖက်စစ်ရေးချုပ် ဗိုလ်ချုပ်လှရွှေ၊ တွဲဖက်စစ်ထောက်ချုပ် ဗိုလ်ချုပ်ခင်မောင်ထွန်း၊ တပ်မတော်အရာရှိကြီးများနှင့် ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံ စစ်သံမှူး Senior Colonel, Fan Lian Feng တို့ တက်ရောက်ကြသည်။

**(သတင်းစဉ်)**

# တရုတ်ပြည်သူ့လွတ်မြောက်ရေးတပ်မတော် ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့ဝင်များ မြန်မာနိုင်ငံသို့ အလည်အပတ် ရောက်ရှိ

ရန်ကုန် ဩဂုတ် ၁၆

**နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဝင် ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်း၏ ဖိတ်ကြားချက်အရ တရုတ်ပြည်သူ့သမ္မတနိုင်ငံ တရုတ်ပြည်သူ့လွတ်မြောက်ရေးတပ်မတော် Jinan Military Region Command မှ Political Commissar General, Liu Dongdong ဦးဆောင်သော ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့ဝင်များသည် ပြည်ထောင်စုမြန်မာနိုင်ငံတော်၌ ချစ်ကြည်ရေးခရီးလည်ပတ်ရန် ဩဂုတ် ၁၄ရက် မွန်းလွဲ ၂နာရီတွင် ရန်ကုန်မြို့သို့ လေကြောင်းခရီးဖြင့် ရောက်ရှိလာကြသည်။**

**ကြိုဆို**

ဧည့်သည်တော် Political Commissar General, Liu Dongdong ဦးဆောင်သော ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့ဝင်များအား ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ရန်ကုန်တိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်လှဌေးဝင်း၊ တပ်မတော်အရာရှိကြီးများ၊ ပြည်ထောင်စု မြန်မာနိုင်ငံတော်ဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံ စစ်သံမှူး Senior Colonel Fan Lian Feng နှင့်အဖွဲ့ဝင်များက ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်တွင် ကြိုဆိုကြသည်။

ဧည့်သည်တော် Political Commissar General, Liu Dongdong နှင့် အဖွဲ့ဝင်များသည် ညနေပိုင်းတွင် ရွှေတိဂုံစေတီတော်မြတ်ကြီးအား သွားရောက်ဖူးမြော်ကြည်ညိုကြရာ စေတီတော်ဂေါပကအဖွဲ့ဝင်များက ကြိုဆိုကြသည်။

**ပေးအပ်လှူဒါန်း**

ထို့နောက် ဧည့်သည်တော် Political Commissar General, Liu Dongdong သည် စေတီတော် ရင်ပြင် ဧည့်ခံတန်ဆောင်းမှတစ်ဆင့်စေတီတော်မြတ်ကြီးအား ပန်း၊ ရေချမ်း၊ ဆီမီး၊ အမွှေးနံ့သာတိုင်များဖြင့် ဆက်ကပ်လှူဒါန်း၍ ဧည့်သည်တော်မှတ်တမ်းစာအုပ်တွင် လက်မှတ်ရေးထိုးကာ စေတီတော်မြတ်ကြီးအတွက် အလှူငွေများကို ပေးအပ်လှူဒါန်းသည်။

ယင်းနောက် ဧည့်သည်တော် Political Commissar General, Liu Dongdong နှင့် အဖွဲ့ဝင်များသည် စေတီတော်ရင်ပြင် စနေထောင့်ရှိ ကျောက်စိမ်းဗုဒ္ဓရုပ်ပွားဆင်းတုတော်မြတ်အား ဖူးမြော်ကြည်ညိုကြပြီး စေတီတော်ရင်ပြင်ရှိ သာသနိကအဆောက်အအုံများကို လှည့်လည်ကြည့်ရှု လေ့လာကြသည်။

**ကြည့်ရှုလေ့လာ**

ထို့နောက် ဧည့်သည်တော် Political Commissar General, Liu Dongdong နှင့် အဖွဲ့ဝင်များသည် ရန်ကုန်မြို့ ဗဟန်းမြို့နယ်ရှိ ကန်တော်ကြီး သဘာဝဉယျာဉ်သို့ ရောက်ရှိကြပြီး ဉယျာဉ်အတွင်း လှည့်လည်ကြည့်ရှု လေ့လာကြသည်။

**(သတင်းစဉ်)**



**ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်လှဌေးဝင်း တရုတ်ပြည်သူ့သမ္မတနိုင်ငံ တရုတ်ပြည်သူ့လွတ်မြောက်ရေးတပ်မတော် Jinan Military Region Command မှ Political Commissar General, Liu Dongdong အား ရန်ကုန်အပြည်ပြည်ဆိုင်ရာ လေဆိပ်တွင် ကြိုဆိုနှုတ်ဆက်စဉ်။** (သတင်းစဉ်)

## MRTV-4 ရုပ်မြင်သံကြားအစီအစဉ်

**၁၇–၈–၂၀၀၇ (သောကြာနေ့)**

| | |
|---|---|
| ၇း၀၀ | MRTV-4 အဖွင့် Logo ယနေ့အစီအစဉ် |
| ၇း၀၅ | အခြေခံနှင့် အမြင်မှန်တရားတော် (အပိုင်း–၁) (မြစိမ်းတောင်ဆရာတော်– အရှင်ဇာနေယျ) |
| ၇း၅၅ | သန္တရသလွင်ပြင် (ဓမ္မပဒဆွေးနွေးခန်း–၂) |
| ၈း၄၅ | တေးဂီတအစီအစဉ် |
| ၈း၅၀ | Myanmar Video Rhythm |
| ၉း၂၀ | ပြည်တွင်းသတင်းအကျဉ်း |
| ၉း၃၀ | တေးဂီတအစီအစဉ် |
| ၉း၃၅ | အသီးများ၏ ဒိုင်ယာရီ (အပိုင်း–၂)[ဒေါက်တာအေးကျော် (ဇီဝကမ္မဗေဒ)] |
| ၉း၅၅ | တေးဂီတအစီအစဉ် |
| ၁၀း၀၀ | ၄က်မျိုးစုံစွာပျော်စရာကမ္ဘာ (အပိုင်း–၂) |
| ၁၀း၁၀ | နိုင်ငံတကာသတင်းအကျဉ်း |
| ၁၀း၁၅ | ရွှေလီတံတား |
| ၁၀း၂၅ | တေးဂီတအစီအစဉ် |
| ၁၀း၃၀ | ယနေ့သိပ္ပံနှင့် နည်းပညာ |
| ၁၀း၄၀ | မိုးလေဝသခန့်မှန်းချက် |
| ၁၀း၄၅ | တူးမြောင်းများစနစ်တကျ ပြုပြင်ထိန်းသိမ်းခြင်း |
| ၁၀း၅၅ | တေးဂီတအစီအစဉ် |
| ၁၁း၀၀ | ပြည်တွင်းသတင်းအကျဉ်း |
| ၁၁း၁၀ | ရွှေပြည်တော် ကိန်းအေးငြိမ်းပါလို ကုသိုလ်ဖြစ်ဆေးခန်းက အေးချမ်းစွာကြို |
| ၁၁း၃၀ | တေးဂီတအစီအစဉ် |
| ၁၁း၃၅ | Fashion Guide (Nail Art) (ကျန်းမာလှပလက်ချောင်းအလှ) |
| ၁၁း၅၅ | နိုင်ငံတကာသတင်းအကျဉ်း |
| ၁၂း၀၀ | မြန်မာ့လက်မှုယွန်းအနုပညာ |
| ၁၂း၂၀ | တေးဂီတအစီအစဉ် |
| ၁၂း၂၅ | Yangon Panorama (Sweety Home) |
| ၁၂း၄၅ | တေးဂီတအစီအစဉ် |
| ၁၂း၅၀ | အဏ္ဏဝါထဲမှ ရတနာ (ကဏန်းပျော့) |
| ၁း၀၀ | MRTV-4 အပိတ် Logo |

**အထက်ပါ ခြောက်နာရီစာအစီအစဉ်များကို နံနက် ၇ နာရီမှ မွန်းလွဲ ၁ နာရီအထိတစ်ကြိမ်၊ မွန်းလွဲ ၁နာရီမှ ည ၇နာရီအထိ တစ်ကြိမ်၊ ည ၇နာရီမှ နံနက် ၁နာရီအထိ တစ်ကြိမ်၊ နံနက် ၁နာရီမှ နံနက် ၇နာရီအထိ တစ်ကြိမ် လေးကြိမ်ဆက်တိုက် ၂၄နာရီ အချိန်ပြည့် ထုတ်လွှင့်သွားမည် ဖြစ်ပါသည်။**

**MRTV-4 အစီအစဉ်များကို ရန်ကုန်မြို့နှင့်အနီးတစ်ဝိုက်တွင် UHF တီဗွီအင်တင်နာဖြင့် အလွယ်တကူ ဖမ်းယူကြည့်ရှုနိုင်ပါသည်။**

## မြန်မာ့ရုပ်မြင်သံကြား

**၁၇–၈–၂၀၀၇ရက်(သောကြာနေ့)**

**နံနက်ပိုင်း**

| | | |
|---|---|---|
| ၇း၀၀ | ၁။ | ကျေးဇူးရှင် မင်းကွန်း ဆရာတော်ကြီး၊ နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ အကျိုးတော်ဆောင်ချုပ် အဘိဓဇ မဟာရဋ္ဌဂုရု အဘိဓဇ အဂ္ဂမဟာ သဒ္ဓမ္မဇောတိက တိပိဋကဓရ ဓမ္မဘဏ္ဍာဂါရိက ဆရာတော် ဘဒ္ဒန္တဝိစိတ္တသာရာဘိဝံသ၏ ပရိတ်တရားတော် |
| ၇း၂၅ | ၂။ | ကျန်းမာဖို့ အတူကစားစို့ |
| ၇း၃၀ | ၃။ | နံနက်ခင်းသတင်း |
| ၇း၄၀ | ၄။ | သံသာချိုအေး မင်္ဂလာတေး |
| ၇း၅၅ | ၅။ | အတီးပြိုင်ပွဲ |
| ၈း၁၀ | ၆။ | ကြေးမုံရိပ်သွင်တေးနုယဉ် |
| ၈း၂၅ | ၇။ | ပန်းလှိုင်တံတား |
| ၈း၃၀ | ၈။ | International News |
| ၈း၄၅ | ၉။ | English for Everyday Use |
| ၉း၀၀ | ၁၀။ | အစီအစဉ်ပြီး၏။ |

**ညပိုင်း**

| | | |
|---|---|---|
| ၁၆း၀၀ | ၁။ | စစ်ချီတေး စစ်သည်တေး |
| ၁၆း၁၅ | ၂။ | မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်ရေးတေးများ |
| ၁၆း၃၀ | ၃။ | Practice in Reading |
| ၁၆း၄၅ | ၄။ | အဝေးသင်တက္ကသိုလ် ပညာရေးရုပ်မြင်သံကြား သင်ခန်းစာ ဒုတိယနှစ်(သတ္တဗေဒ၊ ရုက္ခဗေဒ အထူးပြုများ) [ရုက္ခဗေဒ] |
| ၁၇း၀၀ | ၅။ | ပြည်ထောင်စုတိုင်းရင်းသားရိုးရာတေးသံသာ |
| ၁၇း၁၅ | ၆။ | မြန်မာစာ မြန်မာစကား |
| ၁၇း၃၀ | ၇။ | **“အမွန်မြတ်ဆုံး လက်ဆောင်”** နေရဲလင်း၊ နှင်းဥ၊ မေနံ့သာခင်၊ စောနိုင်(ရှမ်းပြည်နယ်)၊ ဒေါ်တင်တင်လှ (ဒါရိုက်တာ–မောင်မောင်မြင့်) |
| ၁၇း၄၅ | ၈။ | နှောင်းခေတ်တေးပဒေသာ |
| ၁၈း၀၀ | ၉။ | ညနေခင်းသတင်း |
| ၁၈း၃၀ | ၁၀။ | မိုးလေဝသအခြေအနေ |
| ၁၈း၃၅ | ၁၁။ | သုတစုံလင်ရွှေဉာဏ်ရှင် |
| ၁၉း၁၀ | ၁၂။ | နိုင်ငံခြားဇာတ်လမ်းတွဲ **“ဒုတိယအရွယ်၏ချစ်မေတ္တာ”** (အပိုင်း–၁၃) |
| ၂၀း၀၀ | ၁၃။ | ပြည်တွင်းသတင်း |
| | ၁၄။ | နိုင်ငံတကာသတင်းများ |
| | ၁၅။ | မိုးလေဝသအခြေအနေ |
| | ၁၆။ | နိုင်ငံခြားဇာတ်လမ်းတွဲ **“ချစ်စိတ်ကူးလေး တဝဲလည်လည်”** (အပိုင်း–၈) |
| | ၁၇။ | နောက်တစ်နေ့အစီအစဉ် |
| | ၁၈။ | အစီအစဉ်ပြီး၏။ |

# NLD သည် တိုင်းကျိုးပြည်ပြုဆောင်ရွက်ချက်များကိုလျစ်လျူရှု နိုင်ငံနှင့်လူမျိုး သူ့ကျွန်ဘဝရောက်အောင် ရှေးရှုလုပ်ဆောင် ကြို့ပင်ကောက်နှင့်သဲကုန်းမြို့နယ်တို့မှ ပါတီဝင် ၂၁ဦးနုတ်ထွက်

**ရန်ကုန် ဩဂုတ် ၁၆**

ပဲခူးတိုင်း(အနောက်ပိုင်း) ကြို့ပင်ကောက်မြို့နယ် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်မှ ပါတီဝင်များဖြစ်ကြသော ဒေါ်ခင်အေးစန်း၊ ဦးငြိမ်း၊ ဦးသန်းအောင်၊ ဦးဘိုးကြွေ၊ ဦးကံသိန်း၊ ဦးစံဝင်း၊ ဦးအေးချို၊ ဦးဝင်းမြင့်သိန်းတို့ အပါအဝင် ပါတီဝင် ၂၀နှင့် သဲကုန်းမြို့နယ် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်မှ ပါတီဝင်ဦးအေးချိုတို့သည် ဩဂုတ် ၂ရက်တွင် ၎င်းတို့ဆန္ဒအလျောက် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်(NLD)ပါတီမှ နုတ်ထွက်ကြောင်း နုတ်ထွက်စာများရေးသားပြီး အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် (NLD)ဌာနချုပ်နှင့် သက်ဆိုင်ရာဒေသအာဏာပိုင် အဖွဲ့အစည်းအသီးသီးတို့သို့ နုတ်ထွက်လွှာများကို ပေးပို့နုတ်ထွက်ခဲ့ကြသည်။

**နုတ်ထွက်**

ကြို့ပင်ကောက်မြို့နယ်နှင့် သဲကုန်းမြို့နယ် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲကျင်းပရေးကော်မရှင်အဖွဲ့ခွဲသို့ ပေးပို့သော နုတ်ထွက်လွှာများတွင် NLD ပါတီသည် ပြည်တွင်းပြည်ပအဖျက်သမားများနှင့်ပူးပေါင်း၍ နိုင်ငံတော်တည်ငြိမ်ရေးကို နည်းမျိုးစုံဖြင့် နှောင့်ယှက်ဖျက်ဆီးလျက်ရှိကြောင်း၊ နိုင်ငံတော်အစိုးရ၏ တိုင်းကျိုးပြည်ပြုဆောင်ရွက်ချက်များကို လျစ်လျူရှု၍ နိုင်ငံနှင့်လူမျိုး သူ့ကျွန်ဘဝရောက်အောင် ရှေးရှုလုပ်ဆောင်လျက်ရှိသဖြင့် ၎င်းတို့သဘောဆန္ဒအလျောက် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် (NLD)ပါတီမှ နုတ်ထွက်ပါကြောင်းဖြင့် ဖော်ပြထားသည်။ **(သတင်းစဉ်)**



● ကျောဖုံးမှ

Political Commissar General, Liu Dongdong ဦးဆောင်သော ချစ်ကြည်ရေး ကိုယ်စားလှယ်အဖွဲ့နှင့်အတူ ပြည်ထောင်စု မြန်မာနိုင်ငံတော်ဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံ စစ်သံမှူး Senior Colonel, Fan Lian Feng လည်း တက်ရောက်သည်။ **(သတင်းစဉ်)**

## ရင်းရင်းနှီးနှီးနှုတ်ဆက်

**ဩဂုတ် ၁၅ ရက်က နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ်ကြီးသူရရွှေမန်း တရုတ်ပြည်သူ့ သမ္မတနိုင်ငံ တရုတ်ပြည်သူ့ လွတ်မြောက်ရေးတပ်မတော် Jinan Military Region Command မှ Political Commissar General, Liu Dongdong အား နေပြည်တော်ရှိ ဘုရင့်နောင်ရိပ်သာ၌ ရင်းရင်းနှီးနှီး နှုတ်ဆက်စဉ်။** (သတင်း-ရှေ့ဖုံး)

(သတင်းစဉ်)

# နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်း တရုတ်ပြည်သူ့လွတ်မြောက်ရေးတပ်မတော် ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့ အား ပို့ဆောင်နှုတ်ဆက်

**နေပြည်တော် ဩဂုတ် ၁၆**

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်းသည် နေပြည်တော်၌ ချစ်ကြည်ရေးခရီး အလည်အပတ်ရောက်ရှိနေပြီး ယနေ့နံနက်ပိုင်းတွင် ချစ်ကြည်ရေးခရီး ဆက်လက်လည်ပတ်ရန် မန္တလေးမြို့သို့ ထွက်ခွာသွားသည့် တရုတ်ပြည်သူ့သမ္မတနိုင်ငံ တရုတ်ပြည်သူ့လွတ်မြောက်ရေးတပ်မတော် Jinan Military Region Command မှ Political Commissar General, Liu Dongdong ဦးဆောင်သည့် ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့ဝင်များအား နေပြည်တော်လေဆိပ်တွင် ပို့ဆောင်နှုတ်ဆက်သည်။

**ပို့ဆောင်နှုတ်ဆက်**

အဆိုပါ ဧည့်သည်တော် ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့အား နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်းနှင့်အတူ နေပြည်တော်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ဝေလွင်နှင့် ကာကွယ်ရေးဝန်ကြီးဌာနမှ တပ်မတော်အရာရှိကြီးများက နေပြည်တော်လေဆိပ်သို့ ပို့ဆောင်နှုတ်ဆက်ကြသည်။ **(သတင်းစဉ်)**



**နိုင်ငံတော် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဝင် ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်း တရုတ်ပြည်သူ့သမ္မတနိုင်ငံ တရုတ်ပြည်သူ့လွတ်မြောက်ရေးတပ်မတော် Jinan Military Region Command မှ Political Commissar General, Liu Dongdong နှင့် အဖွဲ့ဝင်များအား နေပြည်တော်လေဆိပ်တွင် ပို့ဆောင်နှုတ်ဆက်စဉ်။** (သတင်းစဉ်)

## ဗဟန်း ကြံ့ခိုင်ဖွံ့ဖြိုးရေး စည်းရုံးရေး( အခြေခံ ) သင်တန်းဖွင့်

**ရန်ကုန် ဩဂုတ် ၁၆**

ဗဟန်းမြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းမှ ကြီးမှူးဖွင့်လှစ်သော စည်းရုံးရေး (အခြေခံ) သင်တန်းအမှတ်စဉ်(၂၉) သင်တန်းဖွင့်ပွဲကို ယနေ့ညနေ ၅နာရီက မြို့နယ်အသင်းရုံးတွင် ကျင်းပသည်။

**တက်ရောက်**

အခမ်းအနားသို့ ရန်ကုန်တိုင်း ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အလုပ်အမှုဆောင် ဦးတင်ဝင်း မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူးနှင့် အဖွဲ့ဝင်များ၊ မြို့နယ်အသင်း အတွင်းရေးမှူး ဦးရဲကျော်သူရွှေနှင့် အလုပ်အမှုဆောင်များနှင့် အသင်းသား အသင်းသူများ တက်ရောက်ကြပြီး ရန်ကုန်တိုင်း အလုပ်အမှုဆောင် ဦးတင်ဝင်းက သင်တန်းဖွင့် အမှာစကားပြောကြားကြောင်း သိရသည်။ **(က-ပ)**

# မြန်မာ့အလင်း လှုပ်လှုပ်ရှားရှား မြန်မာ့အားကစား

ရန်ကုန် ဩဂုတ် ၁၆ ကိုထွေး - စုစည်းတင်ပြသည်

## မောင်နှင့်မယ် ပြိုင်ပွဲကျင်းပမည်

မန္တလေးတိုင်း အားကစားနှင့် ကာယပညာကော်မတီက ကြီးမှူး၍ မောင်နှင့် မယ်ပြိုင်ပွဲကို ဩဂုတ် ၂၆ ရက်တွင် မန္တလေးမြို့ ချမ်းအေးသာစံမြို့နယ် မြို့တော်ခန်းမ(၁)၌ ကျင်းပမည်ဖြစ်သည်။

အဆိုပါပြိုင်ပွဲ၌ မန္တလေးတိုင်း အတွင်းရှိ မြို့နယ်ပေါင်း ၃၁ မြို့နယ်မှ ကာယဗလမောင်နှင့် ကာယအလှမယ်များ ဝင်ရောက်ယှဉ်ပြိုင်ကြမည် ဖြစ်သည်။

မောင်ပြိုင်ပွဲတွင် မောင်မြန်မာ ပြိုင်ပွဲများ၌ ပထမ၊ ဒုတိယ၊ တတိယ ဆုရရှိထားကြသူများ၊ မောင်ဘွဲ့ရရှိဖူးကြသူများနှင့် မြန်မာ့လက်ရွေးစင်အဖြစ် နိုင်ငံ့ကိုယ်စားပြု၍ နိုင်ငံတကာပြိုင်ပွဲ ဝင်ရောက်ယှဉ်ပြိုင်ဖူးသူများ ပါဝင်ယှဉ်ပြိုင်ခွင့် မရှိဟု စည်းကမ်းသတ်မှတ်ထားသည်။

မယ်ပြိုင်ပွဲတွင် မယ်ဘွဲ့ရရှိဖူးသူများ ပါဝင်ယှဉ်ပြိုင်ခွင့် မရှိဘဲ အိမ်ထောင်မရှိသူ (အပျို)ဖြစ်ရမည်ဟု စည်းကမ်းသတ်မှတ်ထားသည်။ ပြိုင်ပွဲအတွက် အကြို ကိုယ်အလေးချိန်ချိန်တွယ်ခြင်းနှင့် ဆေးစစ်ခြင်းကို ဩဂုတ် ၂၅ ရက်တွင် မန္တလေးတိုင်း မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်းရုံး၌ ကျင်းပမည်ဖြစ်ကြောင်း သိရသည်။

## အာဆီယံ အသက်(၁၇)နှစ်အောက် ဘောလုံးပြိုင်ပွဲယှဉ်ပြိုင်ရန် မြန်မာလူငယ်လက်ရွေးစင်အသင်း ယနေ့ထွက်ခွာမည်

**ကမ္ဘောဒီးယားနိုင်ငံ၌ ဩဂုတ် ၁၉ ရက်မှ စက်တင်ဘာ ၁ ရက်အထိ ကျင်းပမည့် အာဆီယံ အသက်(၁၇)နှစ်အောက် လူငယ်ဘောလုံးပြိုင်ပွဲ၌ ဝင်ရောက်ယှဉ်ပြိုင်မည့် မြန်မာလူငယ် လက်ရွေးစင်ဘောလုံးအသင်းသည် ကမ္ဘောဒီးယားနိုင်ငံသို့ ဩဂုတ် ၁၇ ရက်** (ယနေ့)**တွင် ထွက်ခွာကြမည်ဖြစ်ကြောင်း သိရသည်။**

**အသက်(၁၇)နှစ်အောက် မြန်မာလူငယ်လက်ရွေးစင် ဘောလုံးအသင်းတွင် အဖွဲ့ခေါင်းဆောင်အဖြစ် ဦးခင်မောင်ကျော်(ခေတ္တကျောင်းအုပ်ကြီး၊ အား/ကာသိပ္ပံ ရန်ကုန်)၊ နည်းပြချုပ်အဖြစ် ဦးခင်မောင်တင့်(ပို့ဆောင်ရေး)၊ လက်ထောက်နည်းပြအဖြစ် ဦးကျော်လွင်(ကာကွယ်ရေး)၊ ဂိုးနည်းပြအဖြစ် ဦးထွန်းတင့်အောင်(ကာကွယ်ရေး)၊ အသင်း ဆရာဝန်အဖြစ် ဒေါက်တာမြတ်ထွန်းဦး(အား/ကာ ဦးစီးဌာန)တို့က တာဝန်ယူ ဆောင်ရွက်ကြသည်။**

**မြန်မာလူငယ်လက်ရွေးစင် ဘောလုံးအားကစားသမားများအဖြစ်** (ဂိုး) **ကျော်ကိုကို(၁)၊ အောင်ဝေဖြိုး၊** (နောက်တန်း) **ရဲဝင်းမြင့်၊ ငြိမ်းထူးကျော်၊ သက်နိုင်စိုး၊ နိုင်စိုးဝေ၊ ထွန်းမင်းစိုး၊ ငြိမ်းချမ်းအောင်၊** (အလယ်တန်း) **ဇော်လင်းထက်၊ သက်နိုင်၊ အောင်ကိုကိုဝင်း၊ ဖြိုးမောင်မောင်ကျော်၊ အောင်သက်ပိုင်၊** (ရှေ့တန်း)**ကောင်းထက်အောင်၊ ညီညီမင်း၊ မျိုးကျော်၊ ခင်ဇော်၊ အာကာစိုးတို့ ပါဝင်ကြသည်။**

**၂၀၀၇ ခုနှစ် အာဆီယံ အသက်(၁၇)နှစ်အောက် လူငယ်ဘောလုံးပြိုင်ပွဲတွင် ၁၀ သင်း ပါဝင်ကြရာ ငါးသင်းစီပါဝင်သော အုပ်စု နှစ်စုခွဲ၍ ယှဉ်ပြိုင်ကစားရမည်ဖြစ်သည်။ အုပ်စုရေးဆွဲထားပြီးဖြစ်ရာ အုပ်စု(က)၌ မြန်မာ၊ စင်ကာပူ၊ ဗီယက်နမ်၊ အရှေ့တီမောနှင့် လာအို၊ အုပ်စု(ခ)၌ ဘရူနိုင်း၊ အင်ဒိုနီးရှား၊ ထိုင်း၊ မလေးရှားနှင့် ကမ္ဘောဒီးယားတို့ ပါဝင်ကြသည်။**

**အုပ်စုပွဲစဉ်ရေးဆွဲထားမှုအရ ဩဂုတ် ၂၂ ရက်တွင် မြန်မာလူငယ်နှင့် စင်ကာပူလူငယ်၊ ဩဂုတ် ၂၄ ရက်တွင် မြန်မာလူငယ်နှင့် ဗီယက်နမ်လူငယ်၊ ဩဂုတ် ၂၆ ရက်တွင် မြန်မာလူငယ်နှင့် လာအိုလူငယ်၊ ဩဂုတ် ၂၈ ရက်တွင် မြန်မာလူငယ်နှင့် အရှေ့တီမောလူငယ်တို့ ယှဉ်ပြိုင်ကစားကြရမည်ဖြစ်သည်။**

## မန္တလေးတိုင်းဥက္ကဋ္ဌဖလား ခရိုင်ပေါင်းစုံ အသက်(၂၁)နှစ်အောက် လူသစ်တန်းဘောလုံးပြိုင်ပွဲ

၂၀၀၇ ခုနှစ် မန္တလေးတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌဖလား ခရိုင်ပေါင်းစုံ အသက်(၂၁)နှစ်နှင့်အောက် (လူသစ်တန်း) အမျိုးသား ဘောလုံးပြိုင်ပွဲကို ဩဂုတ် ၁၂ ရက်မှ ၂၁ ရက်အထိ မန္တလေးမြို့ ဗထူးအားကစားကွင်း၊ ရွှေမန်းတောင် အားကစားကွင်းနှင့် အား/ကာသိပ္ပံကွင်းတို့၌ ကျင်းပလျက်ရှိသည်။

အဆိုပါပြိုင်ပွဲတွင် မန္တလေးခရိုင်(က)အသင်း၊ မန္တလေးခရိုင် (ခ)အသင်း၊ မြင်းခြံခရိုင်အသင်း၊ ကျောက်ဆည်ခရိုင်အသင်း၊ ပြင်ဦးလွင်ခရိုင်အသင်းနှင့် မိတ္ထီလာခရိုင်အသင်းတို့ ပါဝင်ယှဉ်ပြိုင်ကြသည်။

အုပ်စုပွဲစဉ်များ ဩဂုတ် ၁၇ ရက်တွင် ပြီးဆုံးမည်ဖြစ်ပြီး အကြိုဗိုလ်လုပွဲစဉ်များကို ဩဂုတ် ၁၉ ရက်တွင် ဗထူးကွင်း၌လည်းကောင်း၊ နောက်ဆုံး ဗိုလ်လုပွဲစဉ်ကို ဩဂုတ် ၂၁ရက်တွင် ဗထူးကွင်း၌ လည်းကောင်း ယှဉ်ပြိုင်ကစားကြရမည် ဖြစ်သည်။

ယခုပြိုင်ပွဲမှ ခြေစွမ်းပြကစားနိုင်ကြသူများကို ရွေးချယ်ပြီး စစ်ကိုင်းတိုင်း မုံရွာ၊ စစ်ကိုင်း၊ ရွှေဘိုနှင့် ကသာမြို့များ၌ လာမည့် စက်တင်ဘာ ၁ ရက်မှ ၁၉ရက်အထိ ကျင်းပမည့် (၈)ကြိမ်မြောက် အားကစားဝန်ကြီးဌာန ဝန်ကြီးဖလား အသက်(၂၁)နှစ်အောက် ပြည်နယ်နှင့် တိုင်း (လူသစ်တန်း) ဘောလုံးပြိုင်ပွဲတွင် မန္တလေးတိုင်းကိုယ်စားပြု ဝင်ရောက်ယှဉ်ပြိုင်မည်ဖြစ်ကြောင်း သိရသည်။

## မြန်မာတိုက်ကွမ်ဒိုအဖွဲ့ တောင်ကိုရီးယားနည်းပြနှင့်လေ့ကျင့်

(၂၄)ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲ ဝင်ရောက်ယှဉ်ပြိုင်မည့် မြန်မာတိုက်ကွမ်ဒို အားကစားအဖွဲ့သည် ၂၀၀၇ ခုနှစ် ဖေဖော်ဝါရီ ၁၅ ရက်မှစတင်၍ စခန်းသွင်းလေ့ကျင့်မှုများ ပြုလုပ်လျက်ရှိသည်။ တောင်ကိုရီးယားနိုင်ငံမှ နည်းပြဆရာ Mr. Yu UNG CHO သည် ၂၀၀၄ ခုနှစ်ကတည်းက မြန်မာနိုင်ငံသို့ ရောက်ရှိလာပြီး မြန်မာတိုက်ကွမ်ဒို လက်ရွေးစင်များအား လေ့ကျင့်သင်ကြားပေးနေခြင်းဖြစ်သည်။

ပဏာမမြန်မာ့လက်ရွေးစင် တိုက်ကွမ်ဒိုအသင်းတွင် အုပ်ချုပ်သူအဖြစ် ဦးမြသိဏ်းနှင့် ဒေါ်ဝါဝါထွန်း၊ နည်းပြချုပ်အဖြစ် Mr. Yu UNG CHO (တောင်ကိုရီးယား)၊ လက်ထောက်နည်းပြများအဖြစ် ဦးကျော်သန်းဦး၊ ဦးဘသောင်းချေတို့က တာဝန်ယူ ဆောင်ရွက်လျက်ရှိသည်။

အမျိုးသား အားကစားသမားများအဖြစ် မောင်မောင်ဦး၊ ဇာနည်ထွန်း၊ ဝင်းထွန်းလင်း၊ ဝဏ္ဏကိုကို၊ အောင်ငြိမ်းချမ်း၊ ဇေယျာလင်း၊ အောင်အောင်ဦး၊ မြင့်ကျော်၊ စအေးငြိမ်းချမ်း၊ စိုးမိုးလွင်နှင့် သူရကြည်၊ အမျိုးသမီး အားကစားသမားများအဖြစ် ရွက်ဝါထွန်း၊ စန်းငုဝါစူး၊ စိုးစိုးမြာ၊ အေးအေးခိုင်၊ မေစန္ဒာကျော်ဝင်း၊ စန္ဒာဝင်းနှင့် သီရိတင့်လွင်တို့ပါဝင်ကြသည်။

ပဏာမမြန်မာ့လက်ရွေးစင် တိုက်ကွမ်ဒိုအားကစားအဖွဲ့သည် ဇူလိုင်လအတွင်းက တောင်ကိုရီးယားနိုင်ငံသို့ သွားရောက်၍ ပူးတွဲလေ့ကျင့်မှုများ ပြုလုပ်လျက်ရှိပြီး လာမည့် အောက်တိုဘာလအတွင်း၌ တောင်ကိုရီးယားနိုင်ငံတွင် ကျင်းပမည့် ကိုရီးယား အလွတ်တန်းဖိတ်ခေါ် တိုက်ကွမ်ဒိုပြိုင်ပွဲသို့ ဝင်ရောက်ယှဉ်ပြိုင်မည်ဖြစ်ကြောင်း သိရသည်။

# ပြည်နယ်နှင့်တိုင်း ဒေသအချို့၌ ရေကြီးနစ်မြုပ်မှုဖြစ်ပေါ် ကယ်ဆယ်ရေးလုပ်ငန်းများ ဆောင်ရွက်ပေးထားပြီး ကူညီပံ့ပိုးလျက်ရှိ

နေပြည်တော် ဩဂုတ် ၁၆

**ရန်ကုန်တိုင်း မော်ဘီမြို့နယ် မြစ်ကျိုးကျေးရွာ၌ ဩဂုတ် ၁၄ရက်တွင် လှိုင်မြစ်ရေမြင့်တက်မှုကြောင့် မြစ်ကျိုးကျေးရွာ၊ အမောက်ဝဲကျေးရွာ နှင့် သရက်တောကျေးရွာတို့မှ အိမ်ထောင်စု ၁၁၃ စုတို့အား မော်ဘီမြို့နယ် မြောင်းတကာစံပြကျေးရွာသို့ ပြောင်းရွှေ့နေရာချထားပေးခဲ့ပြီး ထမင်းထုပ်များ ဝေငှပေးကာ လိုအပ်သည်များ ပံ့ပိုးကူညီ ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရှိရသည်။**

**တိုက်ကြီး**

တိုက်ကြီးမြို့နယ် အဖျောက်ရေကာတာ၌ စိုးရိမ်ရေမှတ်အထက်တွင် မြစ်ရေတန့်လျက်ရှိရာ ဩဂုတ် ၁၃ ရက်က ဌာနဆိုင်ရာများနှင့် ပြည်သူများ အင်းအား ၂၀၀ခန့်သည် စိုးရိမ်ရသော နေရာများ၌ မြေတင်းခြင်း၊ လှိုင်းကာတန်းစိုက်ခြင်း၊တုတ်တန်းများရိုက်ခြင်း၊ အလှည့်ကျ ရေကင်းစောင့်ကြည့်ခြင်းများ ဆောင်ရွက်ပေးခဲ့ကြောင်း၊ လှိုင်မြစ်ကမ်းဘေး ဂေါ့ကျေးရွာအုပ်စုအတွင်းရှိ ကျေးရွာအချို့၌ ရေများဝင်ရောက်မှုများပြားလာသဖြင့် ဘုရားကုန်းကျေးရွာမှ အိမ်ထောင်စု ခုနစ်စုနှင့် သနက်ကုန်းကျေးရွာမှ အိမ်ထောင်စု ခုနစ်စုတို့အား ရေဘေးလွတ်ကင်းရာသို့ ပြောင်းရွှေ့နေရာချထားပေးခဲ့ကြောင်း သိရသည်။

တိုက်ကြီးမြို့နယ်ရှိ တဘူးလှရေလှောင်တမံ အဖျောက်ရေကာတာ၊ တော်ခရမ်းရေကာတာ၊ ခုနစ်ကျိုက်ရေကာတာနှင့် သရက်ချောင်းရေကာတာတို့မှာ စိုးရိမ်ရေမှတ်ဝန်းကျင်တွင် ဆက်လက်တည်ရှိနေကြောင်း သိရသည်။

**ထန်းတပင်**

ရန်ကုန်တိုင်း ထန်းတပင်မြို့နယ် ဘောလယ်ကျွန်းဒေသရှိ ဘောလယ်ကျွန်းကျေးရွာအုပ်စု၊ လှည်းဆိပ်ကျေးရွာအုပ်စု၊ ကျပန်း၊ မဲဇလီ၊ တာလိုင်မီ၊ မဲသမိန်၊ ဘူးတန္တတ်ကျေးရွာအုပ်စုများ၌ ဘောလယ်မြစ်ရေမြင့်တက်မှုကြောင့် ရေကြီးနစ်မြုပ်မှုများ ဖြစ်ပေါ်လျက်ရှိရာ ဘောလယ်ကျေးရွာအုပ်စုတွင် အိမ်ခြေ ၂၀၀ကျော်အား ရေဘေးလွတ်ကင်းရာသို့ ရွှေ့ပြောင်းနေရာချထားပေးခဲ့ပြီး ကျေးရွာအထက်တန်းကျောင်းကို ခေတ္တပိတ်ပေးထားရကြောင်း၊ လှည်းဆိပ်ကျေးရွာ၊ တော်လတီကျေးရွာ၊ ညောင်ပိုင်းကျေးရွာတို့မှ အိမ်ထောင်စု ၅၀၊ မဲသမိန်ကျေးရွာအုပ်စုတွင် အိမ်ထောင်စု ၅၃၇ စုအပြင် ရေကျော်ကျေးရွာအုပ်စုတွင် အိမ်ထောင်စု ၁၂၃ စုနှင့် မဲသမိန်တိုက်နယ်ဆေးရုံရှိ လူနာများအား ကယ်ဆယ်ရေးစခန်းများသို့ ရွှေ့ပြောင်းနေရာချထားပေးခဲ့ကြောင်း၊ ကျေးရွာစာသင်ကျောင်းများကိုလည်း ခေတ္တပိတ်ထားပေးခဲ့ရကြောင်း သိရသည်။

**နေရာချထား**

ပဲခူးတိုင်း(အနောက်ပိုင်း) မင်းလှမြို့နယ် ထန်းပင်ကုန်းကျေးရွာရှိ အိမ်ခြေ ၇၀ ခန့်အတွင်း ရေများဝင်ရောက်ခဲ့သဖြင့် အိမ်ထောင်စု ၃၅ စုတို့အား ရေဘေးလွတ်ကင်းရာသို့ ပြောင်းရွှေ့နေရာချထားပေးခဲ့ရကြောင်း၊ တနင်္သာရီတိုင်း သရက်ချောင်းမြို့နယ် ဝင်းဂတောရွာ၊ ကျွဲခြံရွာ၊ သဲချောင်း ကြီးရွာနှင့် ဗျက်တံတားရွာတို့ရှိ အိမ်ခြေ ၂၀၀ ခန့်အတွင်းရေများဝင်ရောက်လျက်ရှိသဖြင့်ရေဘေးကယ်ဆယ်ရေးအတွက် တာဝန်ရှိသူများက လိုအပ်သည်များ ပြင်ဆင်ဆောင်ရွက်ပေးလျက်ရှိကြောင်း၊ ကရင်ပြည်နယ် ကော့ကရိတ်-မြဝတီ လမ်းပိုင်းတွင် လမ်းပိုင်းနေရာအချို့၌ မြေပြိုမှုဖြစ်ပွားခဲ့သော်လည်း တာဝန်ရှိသူများက ချက်ချင်းပြင်ဆင်ဆောင်ရွက်နိုင်ခဲ့သဖြင့် ယာဉ်များ ဩဂုတ် ၁၀ရက်မှ စ၍ပြန်လည်သွားလာနိုင်ပြီဖြစ်ကြောင်း သိရှိရသည်။

**မြန်အောင်**

ရခိုင်ပြည်နယ် မြန်အောင်မြို့နယ် ပဲတခွဲရေလယ်ကျွန်းကျေးရွာ၌ ဩဂုတ် ၁၂ရက် ည ၉နာရီခန့်တွင် လေဆင်နှာမောင်းတိုက်ခတ်ခဲ့သဖြင့် ကျေးရွာမူလတန်းကျောင်း အမိုးသွပ် ၇၅ချပ် ပျက်စီးဆုံးရှုံးခဲ့ကြောင်း၊ ပုသိမ်ခရိုင်နှင့် မအူပင်ခရိုင်တို့၌ ရေကြီးမှုကြောင့် စာသင်ကျောင်းအချို့ကို ခေတ္တပိတ်ထားပေးခဲ့ရကြောင်း၊ မွန်ပြည်နယ် ကျိုက်မရောမြို့နယ်၌ အတ္ထရံမြစ်ရေမြင့်တက်မှုကြောင့် လမ်းပိုင်းနေရာအချို့ ရေနစ်မြုပ်ခဲ့သဖြင့် စာသင်ကျောင်းအချို့ကို ဩဂုတ် ၁၄ရက်မှ စတင်၍ ခေတ္တပိတ်ထားပေးခဲ့ရကြောင်း၊ သံလွင်မြစ်ရေကြီးမှုကြောင့် ကရင်ပြည်နယ် ဘားအံမြို့၌ ဩဂုတ် ၁၃ ရက်တွင် စိုးရိမ်ရေမှတ်အထက် ၁၀ စင်တီမီတာ ကျော်လွန်ရောက်ရှိနေကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

# တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်စာရင်းစစ်ချုပ်သည် ပြည်ထောင်စုစာရင်းစစ်ချုပ်အားလည်းကောင်း သက်ဆိုင်ရာ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ဝန်ကြီးချုပ်အားလည်းကောင်း တာဝန်ခံရမည်

ရန်ကုန် ဩဂုတ် ၁၆

**အမျိုးသားညီလာခံက ချမှတ်ထားပြီးဖြစ်သည့် အခြေခံရမည့်မူများနှင့် အသေးစိတ်အခြေခံရမည့်မူများအနက် ပြင်ဆင်၊ ဖြည့်စွက်၊ ပယ်ဖျက်သင့်သည့် အခြေခံရမည့်မူများ၊ အသေးစိတ်အခြေခံရမည့်မူများနှင့် စပ်လျဉ်း၍ နိုင်ငံ့ဝန်ထမ်း ကိုယ်စားလှယ်များ အစုအဖွဲ့၏ ဆွေးနွေးအကြံပြုချက်စာတမ်းမှာ အောက်ပါအတိုင်းဖြစ်သည်–**



**နိုင်ငံ့ဝန်ထမ်း ကိုယ် စား လှယ် များ အစုအဖွဲ့၏ ဆွေးနွေး အကြံပြု ချက် စာတမ်းကို ဦးအောင်ကျော်စိုး ဖတ်ကြား တင်ပြစဉ်။**

(သတင်းစဉ်)

**သဘာပတိကြီးနဲ့တကွ အမျိုးသားညီလာခံကိုယ်စားလှယ်များခင်ဗျား–**

အမျိုးသားညီလာခံကျင်းပရေးကော်မရှင်ဥက္ကဋ္ဌနှင့် ကော်မရှင်အဖွဲ့ဝင်များ၊ အမျိုးသားညီလာခံကျင်းပရေးလုပ်ငန်းကော်မတီဥက္ကဋ္ဌနဲ့ လုပ်ငန်းကော်မတီဝင်များ၊ အမျိုးသားညီလာခံကျင်းပရေး စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌနဲ့ စီမံခန့်ခွဲမှုကော်မတီဝင်များ၊ သဘာပတိကြီးနဲ့တကွ သဘာပတိအဖွဲ့ဝင်များ၊ အမျိုးသားညီလာခံကိုယ်စားလှယ်များ ကာယသုခ၊ စိတ္တသုခ နှစ်ဖြာသောသုခနဲ့ ပြည့်စုံပြီး မင်္ဂလာအပေါင်း ခညောင်းပါစေကြောင်း ဆုမွန်ကောင်းတောင်းအပ်ပါတယ်ခင်ဗျား။

ကျွန်တော်ကတော့ နိုင်ငံ့ဝန်ထမ်း ကိုယ်စားလှယ်များအစုအဖွဲ့က အမျိုးသားညီလာခံကိုယ်စားလှယ် ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာနမှ ဦးအောင်ကျော်စိုး ဖြစ်ပါတယ်။

**သဘာပတိကြီးခင်ဗျား–**

၂၀၀၇ ခုနှစ် ဩဂုတ်လ ၆ရက်နေ့က ကျင်းပတဲ့ အမျိုးသားညီလာခံ စုံညီအစည်းအဝေးမှာ အမျိုးသားညီလာခံက ချမှတ်ထားပြီးဖြစ်တဲ့ အခြေခံရမယ့်မူများနဲ့ အသေးစိတ်အခြေခံရမယ့်မူများအနက် ပြင်ဆင်၊ ဖြည့်စွက်၊ ပယ်ဖျက်သင့်သည့် အခြေခံရမယ့်မူများ၊ အသေးစိတ်အခြေခံရမယ့်မူများနဲ့ စပ်လျဉ်းပြီး အမျိုးသားညီလာခံကျင်းပရေး လုပ်ငန်းကော်မတီဥက္ကဋ္ဌက ရှင်းလင်းပြောကြားခဲ့ပါတယ်။ အမျိုးသားညီလာခံ ကျင်းပရေးလုပ်ငန်းကော်မတီဥက္ကဋ္ဌရဲ့ ရှင်းလင်းပြောကြားချက်ကို ကျွန်တော်တို့ နိုင်ငံ့ဝန်ထမ်း ကိုယ်စားလှယ်များအစုအဖွဲ့က အလေးအနက်ထားပြီး လေ့လာသုံးသပ်ခဲ့ကြပါတယ်။ အမျိုးသားညီလာခံကျင်းပရေးလုပ်ငန်းကော်မတီဥက္ကဋ္ဌက "အမျိုးသားညီလာခံကျင်းပရေးလုပ်ငန်း ကော်မတီဟာ လက်ရှိဖြစ်ပေါ်နေတဲ့ အခြေအနေအချိန်အခါနဲ့ လိုက်လျောညီထွေရှိစေရန်အတွက် လည်းကောင်း၊ ချမှတ်ခဲ့တဲ့ အခြေခံမူများနဲ့ အသေးစိတ်အခြေခံရမယ့်မူများကို ရှေ့နောက်ညီညွတ်ဆီလျော်စေရန်အတွက်လည်းကောင်း၊ မူလက ချမှတ်ခဲ့တဲ့ ဦးတည်ချက်များနဲ့ ချမှတ်ခဲ့တဲ့ အသေးစိတ်အခြေခံရမယ့်မူများရဲ့ အဓိပ္ပာယ်ပိုမိုရှင်းလင်းစေရေးအတွက်လည်းကောင်း၊ ဖွဲ့စည်းပုံအခြေခံဥပဒေ မူကြမ်းရေးဆွဲတဲ့အခါမှာ ပိုမိုတိကျရှင်းလင်းစွာ ရေးဆွဲနိုင်ရန်အတွက်လည်းကောင်း ချမှတ်ပြီးဖြစ်တဲ့ အခြေခံမူများနဲ့ အသေးစိတ် အခြေခံရမယ့်မူများကို လိုအပ်သလို ပြန်လည်သုံးသပ်၍ ပြင်ဆင်ခြင်း၊ ပယ်ဖျက်ခြင်း၊ ပြောင်းရွှေ့ဖော်ပြခြင်း၊ ထပ်မံဖြည့်စွက်သင့်တဲ့ အသေးစိတ် အခြေခံရမယ့်မူများကို ဖြည့်စွက်ခြင်းနှင့် ဆက်လက်ဖော်ပြရန် မလိုအပ်တော့တဲ့အချက်များကို ချန်လှပ်ခြင်းတို့ကို ပြုလုပ်ဖို့ ရှင်းလင်းတင်ပြသွားမှာဖြစ်ပါတယ်"လို့ ရှင်းလင်းပြောကြားသွားပါတယ်။ ဒီကနေ့ ကမ္ဘာကြီးမှာအဖြစ်အပျက်များဟာ လောကသဘာဝတရားအရ အချိန်နဲ့ တစ်ပြေးညီစွာ ဖြစ်ပေါ်ပြောင်းလဲမှုများ ပေါ်ပေါက်လျက်ရှိနေပါတယ်။ ဒါကြောင့် လက်ရှိဖြစ်ပေါ်နေတဲ့ အခြေအနေနဲ့၊ အချိန်အခါနဲ့ လိုက်လျောညီစေဖို့ ပြုပြင်ပြောင်းလဲ ပြင်ဆင်မှုတွေ ပြုလုပ်ရမှာဖြစ်လို့ အမျိုးသားညီလာခံ ကျင်းပရေး လုပ်ငန်းကော်မတီဥက္ကဋ္ဌရဲ့ ရှင်းလင်းပြောကြားချက်များဟာ သဘာဝဓမ္မဓိဋ္ဌာန်ကျကျ ဆောင်ရွက်ခြင်းဖြစ်ပါကြောင်း ဦးစွာဖော်ပြလိုပါတယ်။ ဒါကြောင့် အမျိုးသားညီလာခံကျင်းပရေး လုပ်ငန်းကော်မတီဥက္ကဋ္ဌရဲ့ ရှင်းလင်းပြောကြားချက်အပေါ် ကျွန်တော်တို့ နိုင်ငံ့ဝန်ထမ်းကိုယ်စားလှယ်များအစုအဖွဲ့က အလေးအနက်ထား သုံးသပ်ပြီးအကြံပြုတင်ပြခြင်းဖြစ်ပါတယ်။ အဲဒီအကြံပြုချက်ကို ကျွန်တော်တို့ နိုင်ငံ့ဝန်ထမ်းကိုယ်စားလှယ်များ အစုအဖွဲ့ရဲ့ ၂၀၀၇ခုနှစ် ဩဂုတ်လ ၈ရက်နေ့မှာ ပြုလုပ်တဲ့ အစုအဖွဲ့အစည်းအဝေးကို တင်ပြပြီး နိုင်ငံ့ဝန်ထမ်းအမျိုးသားညီလာခံကိုယ်စားလှယ်များက တညီတညွတ်တည်း အတည်ပြုပြီးဖြစ်ပါကြောင်း တင်ပြအပ်ပါတယ်။

**သဘာပတိကြီးခင်ဗျား–**

အမျိုးသားညီလာခံကျင်းပရေး လုပ်ငန်းကော်မတီဥက္ကဋ္ဌက နိုင်ငံတော် အခြေခံမူများပါ သတ်မှတ်ချက်များနဲ့အညီ ဆောင်ရွက်နိုင်ဖို့အတွက် နိုင်ငံတော်အား တရားစွဲဆိုခြင်းမှ ကာကွယ်ပေးမည့် အခြေခံမူတစ်ရပ်ချမှတ်ရေးနဲ့ စပ်လျဉ်းပြီး နိုင်ငံတော်အနေနဲ့ ဥပဒေပြုလုပ်ငန်းများကို ဆောင်ရွက်ရာမှာဖြစ်စေ၊ အုပ်ချုပ်ရေးလုပ်ငန်းများကို ဆောင်ရွက်ရာမှာဖြစ်စေ ဒီအခြေခံမူတွေနဲ့အညီ ဆောင်ရွက်သွားရမှာဖြစ်ပါတယ်။ ဒီလိုဆောင်ရွက်ရာမှာ နိုင်ငံတော်အနေနဲ့ နိုင်ငံတော်မှာ ဖြစ်ပေါ်နေတဲ့ အခြေအနေနဲ့ အချိန်အခါအရ ဆောင်ရွက်ပေးရမှာဖြစ်ပါတယ်။ ဒီလိုအခြေအနေနဲ့ အချိန်အခါမကျရောက်သေးလို့ ဆောင်ရွက်မပေးနိုင်တာကို အခွင့်ကောင်းယူပြီး နိုင်ငံတော်အပေါ် တရားစွဲဆိုမှုများ ပြုလုပ်လာမယ်ဆိုရင် ဥပဒေပြုရေးနဲ့ အုပ်ချုပ်ရေးယန္တရား လည်ပတ်မှုကို အဟန့်အတားအနှောင့်အယှက် ဖြစ်စေနိုင်ပါတယ်။ ဒီလိုမဖြစ်စေဖို့ နိုင်ငံတော်အား အကာအကွယ်ပြုပေးမည့် အသေးစိတ်အခြေခံရမယ့် မူတစ်ရပ် ချမှတ်ထားဖို့ လိုမယ်လို့ သုံးသပ်ရရှိပါတယ်။ ဒီအချက်နဲ့စပ်လျဉ်းပြီး ၁၉၄၇ခုနှစ် ဖွဲ့စည်းအုပ်ချုပ်ပုံ အခြေခံဥပဒေ အခန်း ၄၊ ပုဒ်မ ၃၂တွင် "ဤအခန်းတွင် ဖော်ပြထားသောမူများကို နိုင်ငံတော်အတွက် ယေဘုယျလမ်းညွှန်သဖွယ် ရည်ရွယ်သည်။ နိုင်ငံတော်သည် ဥပဒေပြုရာ၌လည်းကောင်း၊ အုပ်ချုပ်ရာ၌လည်းကောင်း ထိုမူများနှင့်အညီဆောင်ရွက်ရန် အလေးဂရုပြုရမည်။ သို့ရာတွင် ထိုသို့ ဆောင်ရွက်စေရန် မည်သည့်တရားရုံးတွင်မျှ တရားစွဲဆိုပိုင်ခွင့် မရှိစေရ" လို့ပြဋ္ဌာန်းထားပြီး မိမိတို့ အိမ်နီးချင်းနိုင်ငံအချို့ရဲ့ ဖွဲ့စည်းပုံအခြေခံဥပဒေများမှာလည်း အလားတူပြဋ္ဌာန်းထားတာ လေ့လာတွေ့ရှိရပါတယ်လို့ ရှင်းလင်းပြောကြားခဲ့ပါတယ်။

နိုင်ငံတော်အနေနဲ့ အခြေခံမူများနဲ့အညီ ဆောင်ရွက်ရာမှာ အခြေအနေနဲ့ အချိန်အခါအရ ဆောင်ရွက်ပေးရတာဖြစ်ပါတယ်။ လက်ရှိဖြစ်ပေါ်နေတဲ့ အခြေအနေကို ဓမ္မဓိဋ္ဌာန်ကျကျ လေ့လာသုံးသပ်ပြီး ဆောင်ရွက်သင့် ဆောင်ရွက်ထိုက်သည်များကို ဆောင်ရွက်ပေးရတာဖြစ်ပါတယ်။ အဲဒီလို ဆောင်ရွက်ပေးရာမှာ အခြေအနေနဲ့ အချိန်အခါ မကျရောက်သေးလို့ မဆောင်ရွက်ခြင်းအပေါ် အခွင့်ကောင်းယူပြီး တရားစွဲဆိုခြင်းမျိုး မဖြစ်သင့်တဲ့အတွက် နိုင်ငံတော်အား အကာအကွယ်ပြုပေးမည့် အသေးစိတ်အခြေခံရမယ့်မူတစ်ရပ် ချမှတ်ထားဖို့ မလွဲမသွေ လိုအပ်မှာဖြစ်ပါတယ်။

ဒါကြောင့်–

**အထွေထွေပြဋ္ဌာန်းချက်များအခန်းရဲ့ စုစည်းချက်အပိုဒ် (၃)ပါ–**

**"နိုင်ငံတော်အခြေခံမူများသည် ဥပဒေပြုလွှတ်တော်များက ဥပဒေပြဋ္ဌာန်းရာတွင်လည်းကောင်း၊ ဤဖွဲ့စည်းပုံအခြေခံဥပဒေနှင့် အခြားဥပဒေများပါ ပြဋ္ဌာန်းချက်များကို သက်ဆိုင်ရာက အနက်အဓိပ္ပာယ် ဖွင့်ဆိုရာတွင်လည်းကောင်း လိုက်နာရမည့် လမ်းညွှန်များဖြစ်သည်။"**

ဆိုတဲ့စကားရပ်နှင့်ဆက်၍–

**"နိုင်ငံတော်က ထိုအခြေခံမူများနှင့်အညီ အလေးဂရုပြုဆောင်ရွက်ရမည်။ သို့ရာတွင် ထိုသို့ဆောင်ရွက်စေရန် မည်သည့်တရားရုံးတွင်မျှ တရားစွဲဆိုခွင့် မရှိစေရ"** ဆိုသောစကားရပ်ကို ဖြည့်စွက်၍ အသေးစိတ်အခြေခံရမယ့်မူအဖြစ် ချမှတ်ရန် သင့်ပါကြောင်း အကြံပြုတင်ပြအပ်ပါတယ်။

**သဘာပတိကြီးခင်ဗျား–**

"နိုင်ငံသား၊ နိုင်ငံသားများ၏ မူလအခွင့်အရေးနှင့်တာဝန်များအခန်း" အတွက် ချမှတ်ထားတဲ့ အသေးစိတ်အခြေခံရမည့်မူများ အပိုဒ်၅၀တွင် "နိုင်ငံတော်"ဆိုတဲ့ စကားရပ်ဟာ အဲဒီအပိုဒ်၅၀မှာ ဖော်ပြထားတဲ့အတွက် အဆိုပါအပိုဒ် ၅၀ပါ "နိုင်ငံတော်၊ နိုင်ငံသားများ၏ မူလအခွင့်အရေးနှင့် တာဝန်များအခန်း"နဲ့သာ အကျုံးဝင်သက်ဆိုင်နေတဲ့သဘော သက်ရောက်နေကြောင်း တွေ့ရှိရပါတယ်။ ဖွဲ့စည်းပုံအခြေခံဥပဒေ ရေးဆွဲရာတွင် ပါဝင်မယ့် အခန်း(၁)ဖြစ်တဲ့ "နိုင်ငံတော်အခြေခံမူများအခန်း"တွင် "နိုင်ငံတော်"ဆိုတဲ့ စကားရပ် အများအပြားပါရှိတာ တွေ့ရှိရလို့ အဲဒီအခန်းမှာ ဖော်ပြထားတဲ့ "နိုင်ငံတော်"ဆိုတဲ့ စကားရပ်များရဲ့ အဓိပ္ပာယ် ရှင်းလင်းဖွင့်ဆိုချက်ကိုပါ တစ်ပါတည်း အကျုံးဝင်သတ်မှတ်ပြီးဖြစ်စေဖို့ ဖော်ပြပါအပိုဒ်၅၀တွင် ထပ်မံဖြည့်စွက်သင့်ကြောင်းနဲ့ "အဖွဲ့အစည်း"ဆိုတဲ့ စကားရပ်ဟာ ဥပဒေပြုမှုအခွင့်အာဏာနဲ့ အုပ်ချုပ်မှုအခွင့်အာဏာကို အဖွဲ့အစည်းအနေနဲ့ ကျင့်သုံးတာရှိသလို တစ်ခါတစ်ရံ ပုဂ္ဂိုလ်အနေနဲ့ကျင့်သုံးတာမျိုးလည်း ရှိကောင်းရှိနိုင်ကြောင်း အမျိုးသားညီလာခံကျင်းပရေး လုပ်ငန်းကော်မတီဥက္ကဋ္ဌရဲ့ ရှင်းလင်းပြောကြားချက်များဟာ အမျိုးသားညီလာခံကြီးက ချမှတ်ခဲ့တဲ့ အခြေခံမူများ၊ အသေးစိတ်အခြေခံရမည့် မူများကို ရှေ့နောက်လိုက်လျောညီထွေ ဖြစ်စေပြီး နောင်အခါမှာ ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ ပြဿနာ မပေါ်ပေါက်စေရေးအတွက် အဓိပ္ပာယ် ပိုမိုပြည့်စုံရှင်းလင်းစေရန် ဖြစ်ကြောင်း သုံးသပ်တွေ့ရှိရပါတယ်။

ဒါကြောင့် နိုင်ငံသား၊ နိုင်ငံသားများ၏ မူလအခွင့်အရေးနှင့် တာဝန်များအခန်း စုစည်းဖော်ပြချက် အပိုဒ် ၅၀တွင် "ဤအခန်း"၏နောက်၌" **နှင့် အခန်း (၁)၊ နိုင်ငံတော်အခြေခံမူများအခန်း"**ဟူသော စာသားနှင့်ကျင့်သုံးသော အဖွဲ့အစည်း၏နောက်တွင် **သို့မဟုတ် ပုဂ္ဂိုလ်** ဆိုသောစာသားများကို ဖြည့်စွက်ပြီး–

> **"ဤအခန်းနှင့် အခန်း (၁)၊ နိုင်ငံတော်အခြေခံမူများအခန်းပါ 'နိုင်ငံတော်'ဆိုသည်မှာ ရှေ့နောက်စကားရပ်တို့၏ အဓိပ္ပာယ်ကိုထောက်၍ ဤဖွဲ့စည်းပုံအခြေခံဥပဒေအရ ဥပဒေပြုမှု အခွင့်အာဏာကိုသော်လည်းကောင်း၊ အုပ်ချုပ်မှုအခွင့်အာဏာကိုသော်လည်းကောင်း ကျင့်သုံးသော အဖွဲ့အစည်း သို့မဟုတ် ပုဂ္ဂိုလ်ကို ဆိုလိုသည်"**

လို့ အသေးစိတ်အခြေခံရမယ့်မူကို ဖြည့်စွက်၍ ချမှတ်ရန်သင့်ပါကြောင်း အကြံပြုတင်ပြအပ်ပါတယ်။

**သဘာပတိကြီးခင်ဗျား–**

တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်တရားလွှတ်တော် တရားသူကြီးချုပ်များနဲ့ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်တရားလွှတ်တော် တရားသူကြီးများရဲ့ အရည်အချင်းများနဲ့ စပ်လျဉ်းပြီး အပိုဒ် ၁၁ အပိုဒ်ခွဲ (ဂ) အပိုဒ်ခွဲငယ် (၂)တွင် "တရားလွှတ်တော်ရှေ့နေ (Advocate)အဖြစ် ၁၅နှစ် အမှုလိုက်ပါ ဆောင်ရွက်ခဲ့သူ"လို့ ဖော်ပြထားရာမှာ "၁၅နှစ်" တစ်နှစ်တည်းကို အတိအကျ သတ်မှတ်သည့် သဘောသက်ရောက်နေပါတယ်။ ပြည်ထောင်စုတရားသူကြီးချုပ်နဲ့ ပြည်ထောင်စုတရားလွှတ်တော်ချုပ် တရားသူကြီးများရဲ့ အရည်အချင်းများနဲ့ စပ်လျဉ်းပြီး အပိုဒ် ၃ အပိုဒ်ခွဲ(ဂ) အပိုဒ်ခွဲငယ် (၃)တွင် "တရားလွှတ်တော်ရှေ့နေ (Advocate)အဖြစ် အနည်းဆုံး ၂၀နှစ် အမှုလိုက်ပါ ဆောင်ရွက်ခဲ့သူ"လို့ ဖော်ပြထားရာ အနည်းဆုံးလိုအပ်ချက်ကို ပေါ်လွင်စေရန် ဖော်ပြထားကြောင်း တွေ့ရှိရပါတယ်။ ဒါကြောင့် အဆိုပါအပိုဒ်(၁) အပိုဒ်ခွဲ(ဂ) အပိုဒ်ခွဲငယ်(၂)ရှိ တရားလွှတ်တော်ရှေ့နေ (Advocate)အဖြစ် **အနည်းဆုံး** ၁၅နှစ် အမှုလိုက်ပါ ဆောင်ရွက်ခဲ့သူလို့ ဖြည့်စွက်လိုက်ပါက ဖွဲ့စည်းပုံအခြေခံဥပဒေ (မူကြမ်း)ရေးဆွဲရာမှာ ရှေ့နောက်စကား ညီညွတ်စေမှာဖြစ်တဲ့အပြင် နောင်အခါမှာ အငြင်းပွားစရာ အကြောင်းလည်း ပေါ်ပေါက်ဖွယ်ရာ မရှိတော့မှာဖြစ်ပါတယ်။ ဒါ့အပြင် အနည်းဆုံးလိုအပ်ချက်ကို ဖော်ပြရာရောက်မှာ ဖြစ်ပါတယ်။

ဒါကြောင့် တရားစီရင်ရေးဆိုင်ရာ ဖွဲ့စည်းမှုအပိုင်းရှိ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်တရားသူကြီးများရဲ့ အရည်အချင်း အပိုဒ် ၁၁ အပိုဒ်ခွဲ(ဂ) အပိုဒ်ခွဲငယ်(၂)ရှိ "တရားလွှတ်တော်ရှေ့နေ (Advocate)အဖြစ် ၁၅နှစ် အမှုလိုက်ပါ ဆောင်ရွက်ခဲ့သူ" ဆိုတဲ့ စကားရပ်အစား "တရားလွှတ်တော်ရှေ့နေ (Advocate)အဖြစ် **အနည်းဆုံး** ၁၅နှစ် အမှုလိုက်ပါ ဆောင်ရွက်ခဲ့သူ"လို့ ဖြည့်စွက်၍ အသေးစိတ်အခြေခံရမယ့်မူအဖြစ် ချမှတ်ရန်သင့်ပါကြောင်း အကြံပြု တင်ပြအပ်ပါတယ်။

**သဘာပတိကြီးခင်ဗျား–**

နိုင်ငံတော် အခြေခံမူများအခန်းတွင် နိုင်ငံတော်၏ ဦးတည်ချက်နဲ့ စပ်လျဉ်းပြီး အခြေခံရမယ့်မူအဖြစ် အပိုဒ်ခွဲ(၄)တွင် "စစ်မှန်သော ပါတီစုံဒီမိုကရေစီစနစ်ထွန်းကားရေး"ဟုလည်းကောင်း၊ အပိုဒ်(ဂ)ရှိ ပါတီစုံဒီမိုကရေစီနှင့်စပ်လျဉ်းသည့် အခြေခံရမယ့်မူအဖြစ် "နိုင်ငံတော်သည် စစ်မှန်သော ပါတီစုံဒီမိုကရေစီစနစ်ကို ကျင့်သုံးသည်"ဟုလည်းကောင်း၊ အပိုဒ်(လ)တွင် "နိုင်ငံတော်သည် စစ်မှန်သော ပါတီစုံဒီမိုကရေစီစနစ် ထွန်းကားရေးအတွက် နိုင်ငံရေးပါတီများကို စနစ်တကျ ဖွဲ့စည်းနိုင်ရန် လိုအပ်သည့်ဥပဒေ ပြဋ္ဌာန်းဆောင်ရွက်မည်"ဟု ဖော်ပြခဲ့ပြီး နိုင်ငံရေးပါတီများအခန်းအတွက် အသေးစိတ်အခြေခံရမယ့်မူများ ချမှတ်တဲ့အခါ အပိုဒ် ၂ အပိုဒ်ခွဲ(က)တွင် "နိုင်ငံရေးပါတီတစ်ရပ်သည် စစ်မှန်၍ စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ်ကို လက်ခံကျင့်သုံးရမည်"လို့ သုံးနှုန်းထားတာ တွေ့ရပါတယ်။ အနာဂတ်ကာလမှာ မြန်မာနိုင်ငံတွင် ကျင့်သုံးမယ့် ဒီမိုကရေစီစနစ်ဟာ စစ်မှန်ရုံသာမက စည်းကမ်းပြည့်ဝတဲ့ ဒီမိုကရေစီစနစ်ဖြစ်ကြောင်း လေးနက်ပေါ်လွင်စေရန်အတွက် **"စည်းကမ်း ပြည့်ဝသော"** ဆိုသည့်စကားရပ်ကို ဖြည့်စွက်ဖော်ပြသင့်ကြောင်း တွေ့ရှိရပါတယ်။ ထိုသို့ ဖြည့်စွက်ဖော်ပြခြင်းဖြင့် ရှေ့နောက်ဖော်ပြချက်များလည်း လိုက်လျောညီထွေရှိစေမှာ ဖြစ်ပါတယ်။

ဒါကြောင့် နိုင်ငံတော်အခြေခံမူများအခန်းရှိ အပိုဒ်(ခ) အပိုဒ်ခွဲ(၄)၊ အပိုဒ်(ဂ)နှင့် အပိုဒ်(လ)တို့ရှိ "စစ်မှန်သော ပါတီစုံဒီမိုကရေစီစနစ်"ဆိုတဲ့ စကားရပ်အစား **"စစ်မှန်၍ စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ်"**လို့ ဖြည့်စွက်၍ အသေးစိတ်အခြေခံရမယ့်မူအဖြစ် ချမှတ်ရန်သင့်ပါကြောင်း အကြံပြု တင်ပြအပ်ပါတယ်။

**သဘာပတိကြီးခင်ဗျား–**

၁၉၉၃ ခုနှစ် စက်တင်ဘာလ ၁၆ရက်နေ့တွင် ကျင်းပခဲ့တဲ့ အမျိုးသားညီလာခံစုံညီအစည်းအဝေးမှာ နိုင်ငံတော်အခြေခံမူများအခန်းအတွက် အခြေခံမူများချမှတ်စဉ်က အပိုဒ်(ဈ)ရှိ တရားစီရင်ရေးနှင့်စပ်လျဉ်းသည့် အခြေခံရမည့်မူများအဖြစ် အပိုဒ်ခွဲ(၁)တွင် "နိုင်ငံတော်၏ တရားစီရင်ရေး အာဏာကို ပြည်ထောင်စုတရားလွှတ်တော်၊ တိုင်းဒေသကြီးတရားလွှတ်တော်များ၊ ပြည်နယ်တရားလွှတ်တော်များနှင့် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရစီရင်စု တရားရုံးများအပါအဝင် အဆင့်ဆင့်သော တရားရုံးများအား ခွဲဝေအပ်နှင်းသည်"ဟုလည်းကောင်း၊ အပိုဒ်ခွဲ(၂)တွင် "ပြည်ထောင်စုတွင် ပြည်ထောင်စုတရားလွှတ်တော်တစ်ရပ်ထားရှိသည်၊ ပြည်ထောင်စုတရားလွှတ်တော်သည် နိုင်ငံတော်၏ အမြင့်ဆုံးတရားရုံးဖြစ်သည်"ဟုလည်းကောင်း၊ အပိုဒ်(၃)တွင် "ပြည်ထောင်စုတရားလွှတ်တော်တွင် စာချွန်တော်အမိန့်များ ထုတ်ပိုင်ခွင့်အာဏာများရှိသည်"ဟုလည်းကောင်း ဖော်ပြခဲ့ပါတယ်။

ပြည်ထောင်စုတရားလွှတ်တော်သည် နိုင်ငံတော်၏ အမြင့်ဆုံးတရားရုံးဖြစ်တာကြောင့် တိုင်းဒေသကြီးတရားလွှတ်တော်၊ ပြည်နယ်တရားလွှတ်တော်တို့နှင့် တူညီမှုမရှိဘဲ ကွဲပြားစွာပေါ်လွင်စေဖို့ လိုအပ်ပါတယ်။ ဒါ့အပြင် တရားစီရင်ရေးဆိုင်ရာ ဖွဲ့စည်းမှုအပိုင်းအတွက် အသေးစိတ်အခြေခံရမည့်မူများ ချမှတ်ရာတွင် အပိုဒ်(၁)မှ အပိုဒ်(၉)အထိနှင့် တရားစီရင်ရေးဆိုင်ရာ အာဏာခွဲဝေမှုအပိုင်းရှိ အပိုဒ်(၁)၊ အပိုဒ်(၂)နှင့် အပိုဒ်(၈)တို့တွင် "ပြည်ထောင်စုတရားလွှတ်တော်ချုပ်"ဟု ဖော်ပြခဲ့တာကြောင့် ရှေ့နောက်စကားရပ်များ ညီညွတ်စေရန် နိုင်ငံတော်အခြေခံမူများအခန်းရှိ အပိုဒ်(ဈ) အပိုဒ်ခွဲ(၁) (၂) (၃)တို့ရှိ "ပြည်ထောင်စုတရားလွှတ်တော်"ဆိုတဲ့ စကားရပ်အစား **"ပြည်ထောင်စုတရားလွှတ်တော်ချုပ်"**လို့ ဖြည့်စွက်ပြီး အသေးစိတ် အခြေခံရမယ့်မူအဖြစ် ချမှတ်သင့်ပါကြောင်း အကြံပြုတင်ပြအပ်ပါတယ်။

**သဘာပတိကြီးခင်ဗျား–**

အုပ်ချုပ်ရေးဆိုင်ရာဖွဲ့စည်းမှုအပိုင်းအတွက် အသေးစိတ်အခြေခံရမယ့်မူများ ချမှတ်စဉ်က အပိုဒ် ၂၂ အပိုဒ်ခွဲ(ဇ)အရဆိုလျှင် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်းဥက္ကဋ္ဌ သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသဥက္ကဋ္ဌကိုလည်းကောင်း၊ သက်ဆိုင်ရာ တိုင်းရင်းသားလူမျိုးရေးရာ ဆောင်ရွက်နိုင်ရန် ရွေးကောက်တင်မြှောက်ထားသည့် လွှတ်တော်ကိုယ်စားလှယ်ကိုသော်လည်းကောင်း၊ သက်ဆိုင်ရာ တိုင်းဒေသကြီး

**စာမျက်နှာ ၁၁ ကော်လံ ၁ သို့**

# တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်စာရင်းစစ်ချုပ်သည် သက်ဆိုင်ရာ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ဝန်ကြီးချုပ်မှ တစ်ဆင့် နိုင်ငံတော်သမ္မတအား တာဝန်ခံရမည်

**စာမျက်နှာ ၁၀ မှ**

သို့မဟုတ် ပြည်နယ်ဝန်ကြီးအဖြစ် အလိုအလျောက် တာဝန်ပေးခန့်အပ်ရမှာ ဖြစ်ပါတယ်။ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ တိုင်းဥက္ကဋ္ဌ သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဥက္ကဋ္ဌသည်လည်းကောင်း၊ သက်ဆိုင်ရာ တိုင်းရင်းသားလူမျိုးရေးရာ ဆောင်ရွက်နိုင်ရန် ရွေးကောက်တင်မြှောက်ထားသည့် လွှတ်တော်ကိုယ်စားလှယ်သည်လည်းကောင်း လွှတ်တော်ကိုယ်စားလှယ်အတွက် သတ်မှတ်ထားသော အခြားအရည်အချင်းများနဲ့ပြည့်စုံသော်လည်း တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ဝန်ကြီးအတွက် သတ်မှတ်ထားတဲ့ အသက် (၃၅) နှစ်အောက် လျော့နည်းနေသူ ဖြစ်နိုင်ပါတယ်။

ဒါပေမယ့် အပိုဒ် ၂၂ အပိုဒ်ခွဲ (ဇ)တွင် "နိုင်ငံတော်သမ္မတသည် ဖွဲ့စည်းပုံအခြေခံဥပဒေတွင် သတ်မှတ်ထားသည့် အသက်ကန့်သတ်ချက်ကို လျှော့ပေါ့ စဉ်းစားနိုင်သည်"လို့ သုံးနှုန်းထားတဲ့အတွက် နိုင်ငံတော်သမ္မတအနေနဲ့ အသက် ကန့်သတ်ချက်ကို လျှော့ပေါ့စဉ်းစားပေးခြင်းမပြုဘဲ နေနိုင်တဲ့ သဘောသက်ရောက်နေပါတယ်။ ဒါ့ကြောင့် ဖော်ပြပါ အသေးစိတ်အခြေခံရမယ့်မူကို ချမှတ်ရတဲ့ မူလရည်ရွယ်ချက် အနှစ်သာရအတိုင်း ပေါ်လွင်စေရန်လည်းကောင်း၊ နောင်တစ်ချိန်မှာ ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ အငြင်းပွားစရာ အကြောင်းပေါ်ပေါက်မှု မရှိစေရန်လည်းကောင်း"အသက်ကန့်သတ်ချက်ကို လျှော့ပေါ့ပေးရမည်"လို့ သုံးနှုန်းသင့်ပါတယ်။

ဒါကြောင့် အုပ်ချုပ်ရေးဆိုင်ရာ ဖွဲ့စည်းမှုအပိုင်း အပိုဒ် ၂၂၊ အပိုဒ်ခွဲ(ဇ)ရှိ "နိုင်ငံတော်သမ္မတသည် ဖွဲ့စည်းပုံအခြေခံဥပဒေတွင် သတ်မှတ်ထားသည့် အသက်ကန့်သတ်ချက်ကို လျှော့ပေါ့စဉ်းစားနိုင်သည်"ဆိုတဲ့ စကားရပ်အစား **"နိုင်ငံတော်သမ္မတသည် ဖွဲ့စည်းပုံအခြေခံဥပဒေတွင် သတ်မှတ်ထားသည့် အသက် ကန့်သတ်ချက်ကို လျှော့ပေါ့ပေးရမည်"**လို့ အသေးစိတ်အခြေခံရမယ့်မူအဖြစ် ပြင်ဆင်ချမှတ်ရန် သင့်ပါကြောင်း အကြံပြုတင်ပြအပ်ပါတယ်။

**သဘာပတိကြီးခင်ဗျား–**

၁၉၉၆ ခုနှစ် မတ်လ (၂၉) ရက်နေ့က ကျင်းပခဲ့တဲ့ အမျိုးသားညီလာခံ စုံညီအစည်းအဝေးမှာ အုပ်ချုပ်ရေးဆိုင်ရာ ဖွဲ့စည်းမှုအပိုင်းအတွက် အသေးစိတ်အခြေခံရမယ့်မူများ ချမှတ်စဉ်က–

အပိုဒ် ၂၈ အပိုဒ်ခွဲ(စ)တွင်"တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ဥပဒေချုပ်သည် သက်ဆိုင်ရာ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ဝန်ကြီးချုပ်မှ တစ်ဆင့် နိုင်ငံတော်သမ္မတအားလည်းကောင်း၊ ပြည်ထောင်စု ရှေ့နေချုပ်အားလည်းကောင်း၊ သက်ဆိုင်ရာ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ဝန်ကြီးချုပ်အားလည်းကောင်း တာဝန်ခံရမည်"ဟု လည်းကောင်း၊

အပိုဒ် ၃၁၊ အပိုဒ်ခွဲ (င)တွင် "တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်စာရင်းစစ်ချုပ်သည် သက်ဆိုင်ရာ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ဝန်ကြီးချုပ်မှ တစ်ဆင့် နိုင်ငံတော်သမ္မတအားလည်းကောင်း၊ ပြည်ထောင်စုစာရင်းစစ်ချုပ်အားလည်းကောင်း၊ သက်ဆိုင်ရာ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ဝန်ကြီးချုပ်အားလည်းကောင်း တာဝန်ခံရမည်"ဟု လည်းကောင်း ဖော်ပြခဲ့ပါတယ်။

ဖော်ပြပါ အသေးစိတ်အခြေခံရမယ့်မူများကို လေ့လာကြည့်ပါက တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ဝန်ကြီးများနဲ့ စပ်လျဉ်းတဲ့ အရေးအသား၊ အသုံးအနှုန်းများဟာ ရှင်းလင်းလွယ်ကူပြီး အဓိပ္ပာယ်ပေါ်လွင်စေတာ တွေ့ရှိရပါတယ်။ ဖွဲ့စည်းပုံအခြေခံဥပဒေ(မူကြမ်း)ရေးဆွဲရာမှာ ရှေ့နောက် စကားရပ်များ ညီညွတ်စေရန် လည်းကောင်း၊ အဓိပ္ပာယ်ရှင်းလင်း လွယ်ကူစေရန်လည်းကောင်း မူလစာသား၏ အဓိပ္ပာယ်နှင့် သဘောသဘာဝကို မပြောင်းလဲစေဘဲ သုံးနှုန်းရေးသားသင့်ကြောင်း သုံးသပ်ရရှိပါတယ်။

ဒါကြောင့် အပိုဒ် ၂၈၊ အပိုဒ်ခွဲ (စ)အဖြစ်–

**"တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ဥပဒေချုပ်သည်–**

**(၁) သက်ဆိုင်ရာ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ဝန်ကြီးချုပ်မှ တစ်ဆင့် နိုင်ငံတော်သမ္မတအား တာဝန်ခံရမည်၊**

**(၂) ပြည်ထောင်စုရှေ့နေချုပ်အား လည်းကောင်း၊ သက်ဆိုင်ရာ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ဝန်ကြီးချုပ်အားလည်းကောင်း တာဝန်ခံရမည်"**

ဟု လည်းကောင်း

အပိုဒ် ၃၁ အပိုဒ်ခွဲ(င)အဖြစ်–

**"တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်စာရင်းစစ်ချုပ်သည်–**

**(၁) သက်ဆိုင်ရာ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ဝန်ကြီးချုပ်မှ တစ်ဆင့် နိုင်ငံတော်သမ္မတအား တာဝန်ခံရမည်၊**

**(၂) ပြည်ထောင်စုစာရင်းစစ်ချုပ်အားလည်းကောင်း၊ သက်ဆိုင်ရာ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ဝန်ကြီးချုပ်အားလည်းကောင်း တာဝန်ခံရမည်"**

ဟုလည်းကောင်း၊ အသေးစိတ်အခြေခံရမယ့်မူများအဖြစ် ပြင်ဆင်ချမှတ်ရန် သင့်ပါကြောင်း အကြံပြုတင်ပြအပ်ပါတယ်။

**သဘာပတိကြီးခင်ဗျား–**

၁၉၉၆ခုနှစ် မတ်လ ၂၈ရက်နေ့က ကျင်းပခဲ့တဲ့ အမျိုးသားညီလာခံ စုံညီအစည်းအဝေးက ပြည်သူ့လွှတ်တော်ဖွဲ့စည်းခြင်းနဲ့ စပ်လျဉ်းပြီး–

"ပြည်သူ့လွှတ်တော်ကို လွှတ်တော်ကိုယ်စားလှယ်ဦးရေအများဆုံး ၄၄၀ဦး ဖြင့် အောက်ပါအတိုင်း ဖွဲ့စည်းရမည်–

(က) လူဦးရေကိုအခြေခံ၍ ရွေးကောက်တင်မြှောက်သည့် ၃၃၀ ဦးထက် မပိုသော ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ၊

(ခ) တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က ဥပဒေနှင့်အညီ အမည်စာရင်း တင်သွင်းသည့် ၁၁၀ဦးထက်မပိုသော တပ်မတော်သား ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်များ"

လို့ အသေးစိတ်အခြေခံရမယ့်မူ ချမှတ်ခဲ့ပါတယ်။

ယင်းသို့ ပြည်သူ့လွှတ်တော်အား လူဦးရေကိုအခြေခံသည့် လွှတ်တော်ဟု သုံးနှုန်းထားခြင်းအားဖြင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များကို ရွေးကောက်တင်မြှောက်ရာတွင် လူဦးရေကို အခြေခံ၍ ရွေးကောက်တင်မြှောက်ရန် ရှိနေမှာ ဖြစ်ပါတယ်။ အဲဒီလို ဖွဲ့စည်းပုံအခြေခံဥပဒေတွင် လူဦးရေကိုအခြေခံ၍ ရွေးကောက်တင်မြှောက်ရမည်ဟု မူတစ်ရပ်ပါရှိသွားပါက တစ်မြို့နယ်လျှင် တစ်ဦးကျစီ ရွေးကောက်တင်မြှောက်နိုင်ရန် မဖြစ်တော့ကြောင်း တွေ့ရှိရပါတယ်။

ပြည်ထောင်စုမြန်မာနိုင်ငံတော်ရှိ မြို့နယ်တွေမှာ တိုင်းရင်းသားလူမျိုးအားလုံး ရောကြည်ရာမြက်နုရာဆိုသလို သင့်တင့်မျှတစွာနေထိုင်လျက်ရှိရာ အချို့မြို့နယ်များမှာ လူဦးရေထူထပ်များပြားပြီး အချို့မြို့နယ်များတွင် လူဦးရေနည်းပါးကြောင်း တွေ့ရှိရပါတယ်။ ဒါကြောင့် လူဦးရေကို အခြေခံပြီး မြို့နယ်အလိုက် မဲဆန္ဒနယ်များကို သတ်မှတ်ရွေးကောက် တင်မြှောက်ခြင်းအားဖြင့် ပြည်သူ့လွှတ်တော်မှာ တိုင်းရင်းသားလူမျိုးအများအပြား ပါဝင်ခွင့်ရှိစေမှာ ဖြစ်ပါတယ်။ ဒါကြောင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များကို ရွေးကောက်တင်မြှောက်ရာမှာ မြို့နယ်ကို အခြေခံ၍လည်းကောင်း၊ လူဦးရေကို အခြေခံ၍လည်းကောင်း ရွေးကောက်တင်မြှောက်ရမည်လို့ ဖော်ပြသင့်ပါတယ်။

ယခုအခါ နိုင်ငံတော်မှာ လူဦးရေတိုးပွားလာတာနဲ့အမျှ အုပ်ချုပ်ရေးကဏ္ဍ၊ စီးပွားရေးကဏ္ဍနဲ့ လူမှုရေးကဏ္ဍများလည်း တိုးတက်လာတာကြောင့် မြို့နယ်အသစ်များ တိုးချဲ့ဖွဲ့စည်းမှုများလည်း ရှိနေပါတယ်။ အဲဒီလို တိုးချဲ့ဖွဲ့စည်းရာမှာ မြို့နယ်ပေါင်း ၃၃၀ထက်ကျော်လွန်လာတဲ့အခါ ပြည်သူ့လွှတ်တော်အတွက် တစ်မြို့နယ်လျှင် လွှတ်တော်ကိုယ်စားလှယ် တစ်ဦးကျစီ ရွေးကောက်တင်မြှောက်မယ်ဆိုရင် ပြည်သူ့လွှတ်တော်ဖွဲ့စည်းရေးအတွက် သတ်မှတ်ထားတဲ့ ကိုယ်စားလှယ်ဦးရေ ၃၃၀ထက်ကျော်လွန်သွားနိုင်တဲ့အတွက် အသစ်ဖွဲ့စည်းထားတဲ့ မြို့နယ်တွေကို ဆက်စပ်နေတဲ့ မြို့နယ်တစ်ခုခုနဲ့ ပူးပေါင်းပြီး ပြည်သူ့လွှတ်တော် မဲဆန္ဒနယ်များကို သတ်မှတ်ပေးသင့်ပါကြောင်း သုံးသပ်တွေ့ရှိရပါတယ်။ ဒါမှသာ သတ်မှတ်ထားတဲ့ ပြည်သူ့ လွှတ်တော်ကိုယ်စားလှယ်ဦးရေ ၃၃၀ကို ရွေးကောက်တင်မြှောက်နိုင်မှာ ဖြစ်ကြောင်း လေ့လာတွေ့ရှိရပါတယ်။ ဒါကြောင့် ရေရှည်အသုံးပြုနိုင်တဲ့ မူတစ်ရပ်ဖြစ်စေရေးအတွက် ပြည်သူ့လွှတ်တော်ဖွဲ့စည်းခြင်းနှင့် စပ်လျဉ်းပြီး–

**"ပြည်သူ့လွှတ်တော်ကို လွှတ်တော်ကိုယ်စားလှယ်ဦးရေ အများဆုံး ၄၄၀ဦးဖြင့် အောက်ပါအတိုင်း ဖွဲ့စည်းရမည်–**

**(က) မြို့နယ်ကိုအခြေခံ၍ လည်းကောင်း၊ လူဦးရေကို အခြေခံ၍လည်းကောင်း၊ မြို့နယ် ၃၃၀ ထက် ပိုမိုလာပါက အသစ်ဖွဲ့စည်းသည့် မြို့နယ်ကို တစ်ဆက်တစ်စပ်တည်းဖြစ်သော သင့်လျော်သည့် မြို့နယ်တစ်ခုခုနှင့် ပူးပေါင်းအခြေခံ၍လည်းကောင်း၊ ဥပဒေနှင့်အညီ မဲဆန္ဒနယ်သတ်မှတ်၍ ရွေးကောက်တင်မြှောက်သည့် ၃၃၀ ဦးထက် မပိုသော ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်များ၊**

**(ခ) တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က ဥပဒေနှင့်အညီ အမည်စာရင်း တင်သွင်းသည့် ၁၁၀ ဦးထက်မပိုသော တပ်မတော်သားပြည်သူ့လွှတ်တော် ကိုယ်စားလှယ်များ"**

လို့ အသေးစိတ်အခြေခံရမယ့်မူအဖြစ် ဖြည့်စွက်ချမှတ်သင့်ပါကြောင်း အကြံပြုတင်ပြအပ်ပါတယ်။

အထက်ပါအတိုင်း အသေးစိတ်အခြေခံရမယ့်မူအဖြစ် ချမှတ်မည်ဆိုပါက ယင်းချမှတ်မည့်မူနှင့် လိုက်လျောညီထွေဖြစ်စေရန် 'လူဦးရေကို အခြေခံ၍ ရွေးကောက်တင်မြှောက်သည့် လွှတ်တော်'ဆိုသည့် အသုံးအနှုန်းအစား**'မြို့နယ်ကို အခြေခံ၍လည်းကောင်း၊ လူဦးရေကို အခြေခံ၍လည်းကောင်း၊ ရွေးကောက်တင်မြှောက်သည့် လွှတ်တော်'**ဟု ပြင်ဆင် သုံးနှုန်းသွားရန်ဖြစ်ကြောင်းကိုလည်း တင်ပြအပ်ပါတယ်။

**သဘာပတိကြီးခင်ဗျား–**

အမျိုးသားလွှတ်တော် ဖွဲ့စည်းခြင်းနဲ့ စပ်လျဉ်းပြီး–

"အမျိုးသားလွှတ်တော်ကို လွှတ်တော်ကိုယ်စားလှယ်ဦးရေ အများဆုံး ၂၂၄ဦးဖြင့် အောက်ပါအတိုင်း ဖွဲ့စည်းရမည်–

(က) ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ တိုင်း သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ ဒေသတစ်ခုစီမှ ကိုယ်စားလှယ်တစ်ဦးစီ ပါဝင်စေပြီး ပြည်ထောင်စုနယ်မြေများ အပါအဝင် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်တစ်ခုစီအတွက် ကိုယ်စားလှယ် ၁၂ ဦးကျစီ တူညီစွာဖြင့် ရွေးကောက်တင်မြှောက်သည့် အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ၁၆၈ဦး၊

(ခ) ပြည်ထောင်စုနယ်မြေများ အပါအဝင် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် တစ်ခုစီအတွက် ကိုယ်စားလှယ် လေးဦးကျစီဖြင့် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က ဥပဒေနှင့်အညီ အမည်စာရင်းတင်သွင်းသည့် တပ်မတော်သား အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ၅၆ဦး။"

လို့ အသေးစိတ်အခြေခံရမယ့်မူများ ချမှတ်ခဲ့ပါတယ်။

အထက်အပိုဒ် (ခ)ပါ ပြည်ထောင်စုနယ်မြေများအပါအဝင် ဆိုရာမှာ လက်ရှိ ပြည်နယ်နှင့်တိုင်းများတွင် ပါဝင်ခဲ့ပြီး ပြည်ထောင်စုနယ်မြေအဖြစ် သတ်မှတ်ထားသည့် နယ်မြေများနဲ့ ဖွဲ့စည်းပုံအခြေခံဥပဒေ ပြဋ္ဌာန်းပြီးနောက် ထူးခြားသည့်အခြေအနေရှိ၍ ပြည်ထောင်စုလွှတ်တော်က ပြည်ထောင်စုနယ်မြေအဖြစ် ဥပဒေပြဋ္ဌာန်းပြီး သတ်မှတ်သည့်နယ်မြေကို ဖော်ညွှန်းခြင်းဖြစ်ပါတယ်။ ဒါကြောင့် ပြည်ထောင်စုနယ်မြေသည် တိုင်းဒေသကြီး အားလုံးနဲ့ ပြည်နယ်အားလုံးတွင် ပါဝင်နေမှာမဟုတ်ပါ။ ထူးခြားသည့် အခြေအနေရှိသည့် ဒေသတွင်သာ ပါဝင်မှာဖြစ်ပါတယ်။ ဒါကြောင့် "ပြည်ထောင်စုနယ်မြေများ" ရှေ့တွင် **"သက်ဆိုင်ရာ"** ဟူသောစကားရပ်ကို ဖြည့်စွက်ဖော်ပြပါက ပြည်ထောင်စုနယ်မြေ ပါဝင်နေတဲ့ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ကို ရည်ညွှန်းကြောင်း ပိုမိုတိကျတဲ့ အဓိပ္ပာယ်ပေါ်လွင်လာစေမှာ ဖြစ်ပါတယ်။

**"အမျိုးသားလွှတ်တော်ကို လွှတ်တော်ကိုယ်စားလှယ်ဦးရေ အများဆုံး ၂၂၄ဦးဖြင့် အောက်ပါအတိုင်း ဖွဲ့စည်းရမည်–**

**(က) ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ တိုင်း သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ ဒေသ တစ်ခုစီမှ ကိုယ်စားလှယ်တစ်ဦးစီ ပါဝင်စေပြီး သက်ဆိုင်ရာ ပြည်ထောင်စုနယ်မြေများ အပါအဝင် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်တစ်ခုစီအတွက် ကိုယ်စားလှယ် ၁၂ဦးကျစီ တူညီစွာဖြင့် ရွေးကောက် တင်မြှောက်သည့် အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ၁၆၈ဦး၊**

**(ခ) သက်ဆိုင်ရာ ပြည်ထောင်စုနယ်မြေများအပါအဝင် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်တစ်ခုစီအတွက် ကိုယ်စားလှယ်လေးဦးကျစီ ဖြင့် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က ဥပဒေနှင့်အညီ အမည် စာရင်းတင်သွင်းသည့် တပ်မတော်သား အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ၅၆ဦး၊"**

**(ဂ) အထက်အပိုဒ်ခွဲ(က)နှင့် (ခ)တွင် ဖော်ပြထားသည့်အတိုင်း ဖွဲ့စည်းရာတွင် သက်ဆိုင်ရာ ပြည်ထောင်စုနယ်မြေဆိုသည်မှာ ဤဖွဲ့စည်းပုံအခြေခံဥပဒေအရ သတ်မှတ်ထားသည့် ပြည်ထောင်စုနယ်မြေများသည်လည်းကောင်း၊ ပြည်ထောင်စု လွှတ်တော်က ဥပဒေပြဋ္ဌာန်း၍ သတ်မှတ်သော ပြည်ထောင်စု နယ်မြေများသည်လည်းကောင်း၊ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ရွေးကောက်တင်မြှောက်ရန် ကိစ္စအလို့ငှာ အဆိုပါ နယ်မြေ ပါဝင်ခဲ့သည့် ပြည်နယ် သို့မဟုတ် တိုင်းတွင်ဖြစ်စေ၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်တွင်ဖြစ်စေ ပါဝင်ခြင်းကို ဆိုသည်"**

လို့ အသေးစိတ်အခြေခံရမယ့်မူအဖြစ် ဖြည့်စွက်ချမှတ်သင့်ပါကြောင်း အကြံပြုတင်ပြအပ်ပါတယ်။

**သဘာပတိကြီးခင်ဗျား–**

ဆက်လက်ပြီး ပြည်ထောင်စုနယ်မြေသတ်မှတ်ခြင်းနဲ့စပ်လျဉ်းလို့ တင်ပြသွားမှာဖြစ်ပါတယ်။

၁၉၉၄ ခုနှစ် ဧပြီလ ၉ ရက်နေ့က ကျင်းပတဲ့ အမျိုးသားညီလာခံစုံညီအစည်းအဝေးက ပြည်ထောင်စုနယ်မြေသတ်မှတ်ခြင်းနဲ့စပ်လျဉ်းပြီး–

**"(က) နိုင်ငံတော်၏မြို့တော်ဖြစ်သည့် ရန်ကုန်မြို့တော်ကို နိုင်ငံတော်သမ္မတ၏ တိုက်ရိုက်အုပ်ချုပ်မှုအောက်တွင် ထားရှိသည့် ပြည်ထောင်စုနယ်မြေအဖြစ် သတ်မှတ်သည်၊**

**(ခ) ထူးခြားသော အခြေအနေရှိသည့် ကိုကိုးကျွန်းမြို့နယ်ကို နိုင်ငံတော်သမ္မတ၏ တိုက်ရိုက်အုပ်ချုပ်မှုအောက်တွင် ထားရှိသည့် ပြည်ထောင်စုနယ်မြေအဖြစ် သတ်မှတ်သည်၊**

**(ဂ) နိုင်ငံတော်ကာကွယ်ရေး၊ လုံခြုံရေး၊ အုပ်ချုပ်ရေး၊ စီးပွားရေး စသည်တို့နှင့် စပ်လျဉ်းပြီး ထူးခြားသော အခြေအနေရှိသည့် နယ်မြေများကို ပြည်ထောင်စု နယ်မြေအဖြစ် သတ်မှတ်ရန်လိုအပ်လျှင် ဥပဒေပြဋ္ဌာန်းပြီး နိုင်ငံတော်သမ္မတ၏ တိုက်ရိုက်အုပ်ချုပ်မှုအောက်တွင် ထားရှိသည့် ပြည်ထောင်စုနယ်မြေအဖြစ် သတ်မှတ်နိုင်သည်"**

လို့ အသေးစိတ်အခြေခံရမယ့်မူများ ချမှတ်ခဲ့ပါတယ်။

နိုင်ငံတကာအစဉ်အလာအရ ဗဟိုအစိုးရရုံးစိုက်ရာမြို့ကို နိုင်ငံတော်ရဲ့မြို့တော်အဖြစ်သတ်မှတ်ပြီး အချို့နိုင်ငံများမှာ ယင်းမြို့တော်ကို နိုင်ငံတော်သမ္မတ သို့မဟုတ် ဗဟိုအစိုးရက တိုက်ရိုက်အုပ်ချုပ်လေ့ ရှိကြပါတယ်။ ယခုအခါ ပြည်ထောင်စု မြန်မာနိုင်ငံတော်အစိုးရနဲ့တကွ ဗဟိုအစိုးရရုံးများက နေပြည်တော်တွင် ရုံးစိုက်လျက်ရှိနေကြပြီဖြစ်ပါတယ်။ ဒါ့အပြင် ၂၀၀၇ခုနှစ် ဩဂုတ်လ ၃ရက်နေ့က ကျင်းပတဲ့ အမျိုးသားညီလာခံ စုံညီအစည်းအဝေးက **"နေပြည်တော်သည် နိုင်ငံတော်၏ မြို့တော်ဖြစ်သည်"**လို့ အသေးစိတ်အခြေခံရမည့် မူတစ်ရပ် ချမှတ်ပြီးလည်းဖြစ်ပါတယ်။ ဒါကြောင့် ရန်ကုန်မြို့ဟာ နိုင်ငံတော်၏မြို့တော် မဟုတ်တော့တဲ့အတွက် ပြည်ထောင်စုနယ်မြေအဖြစ် သတ်မှတ်ခြင်းမှ ပယ်ဖျက်ပြီး နိုင်ငံတော်၏ မြို့တော်ဖြစ်တဲ့ နေပြည်တော်၏ စည်ပင်သာယာရေး နယ်နိမိတ်ကို ပြည်ထောင်စုနယ်မြေအဖြစ် နိုင်ငံတော်သမ္မတ၏ တိုက်ရိုက်အုပ်ချုပ်မှုအောက်တွင် ထားရှိသင့်ပါတယ်။ ထို့အတူ ကိုကိုးကျွန်းမြို့နယ်ကိုလည်း ပြည်ထောင်စုနယ်မြေအဖြစ် သတ်မှတ်ထားခြင်းမှ ပယ်ဖျက်သင့်ပါတယ်။

ဒါကြောင့် ပြည်ထောင်စုနယ်မြေသတ်မှတ်ခြင်းနှင့်စပ်လျဉ်းပြီး–

၅။ ပြည်ထောင်စုနယ်မြေများသတ်မှတ်ခြင်း–

**"(က) နိုင်ငံတော်၏မြို့တော်ဖြစ်သည့် နေပြည်တော်ကို နိုင်ငံတော် သမ္မတ၏ တိုက်ရိုက်အုပ်ချုပ်မှုအောက်တွင်ထားရှိသည့် ပြည်ထောင်စု နယ်မြေအဖြစ် သတ်မှတ်သည်။**

**(ခ) နိုင်ငံတော်ကာကွယ်ရေး၊ လုံခြုံရေး၊ အုပ်ချုပ်ရေး၊ စီးပွားရေး စသည်တို့နှင့် စပ်လျဉ်းပြီး ထူးခြားသော အခြေအနေရှိသည့် နယ်မြေများကို ပြည်ထောင်စုနယ်မြေအဖြစ် သတ်မှတ်ရန် လိုအပ်လျှင် ဥပဒေပြဋ္ဌာန်းပြီး နိုင်ငံတော်သမ္မတ၏ တိုက်ရိုက် အုပ်ချုပ်မှုအောက်တွင်ထားရှိသည့် ပြည်ထောင်စုနယ်မြေအဖြစ် သတ်မှတ်နိုင်သည်"**

လို့ အသေးစိတ်အခြေခံရမယ့်မူကို ပြင်ဆင်ချမှတ်သင့်ပါကြောင်း အကြံပြုတင်ပြပါတယ်။

**သဘာပတိကြီးခင်ဗျား–**

ပြည်ထောင်စုမြန်မာနိုင်ငံတော်၏ မြို့တော်ဖြစ်တဲ့ နေပြည်တော်ကို နိုင်ငံတော်သမ္မတ၏ တိုက်ရိုက်အုပ်ချုပ်မှုအောက်တွင် ထားရှိသည့် ပြည်ထောင်စုနယ်မြေအဖြစ် သတ်မှတ်လိုက်သည့်အခါ ရန်ကုန်မြို့တော်ကောင်စီနှင့်စပ်လျဉ်းပြီး ချမှတ်ထားတဲ့ အသေးစိတ်အခြေခံရမယ့်မူများကို နေပြည်တော်အတွက် ချမှတ်သွားရမှာဖြစ်ပါတယ်။ ဒါကြောင့် အပိုဒ်၃၅ပါ ပြည်ထောင်စုနယ်မြေဖြစ်တဲ့ ရန်ကုန်မြို့တော် အုပ်ချုပ်ရေးနှင့်စပ်လျဉ်း၍ လည်းကောင်း၊ အပိုဒ် ၃၆ပါ ရန်ကုန်မြို့တော်ကောင်စီဥက္ကဋ္ဌနှင့် ကောင်စီဝင်များ၏ အဆင့်သတ်မှတ်ခြင်းနှင့် စပ်လျဉ်း၍ လည်းကောင်း ချမှတ်သည့် အသေးစိတ်အခြေခံရမည့်မူများတွင် ရန်ကုန်မြို့တော်အစား **"နေပြည်တော်"**ဟု ဖြည့်စွက်သင့်ပါကြောင်းနှင့် ဘဏ္ဍာရေးကော်မရှင် ဖွဲ့စည်းခြင်းအတွက် အပိုဒ် ၁၆၊ အပိုဒ်ခွဲ(ဂ)၊ အပိုဒ်

**စာမျက်နှာ ၁၂ ကော်လံ ၁ သို့**

17-8 (11) 1 8/17/07, 1:27 AM

# တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ဥပဒေချုပ်သည် ပြည်ထောင်စုရှေ့နေချုပ်အား လည်းကောင်း သက်ဆိုင်ရာ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ဝန်ကြီးချုပ်အားလည်းကောင်း တာဝန်ခံရမည်




ရန်ကုန် ဩဂုတ် ၁၆

**အမျိုးသားညီလာခံက ချမှတ်ထားပြီးဖြစ်သည့် အခြေခံရမည့်မူများနှင့် အသေးစိတ် အခြေခံရမည့်မူများအနက် ပြင်ဆင်၊ ဖြည့်စွက်၊ ပယ်ဖျက်သင့်သည့် အခြေခံရမည့်မူများ၊ အသေးစိတ် အခြေခံရမည့်မူများနှင့် စပ်လျဉ်း၍ အခြားဖိတ်ကြားသင့်သည့် ပုဂ္ဂိုလ်များအစုအဖွဲ့၏ ဆွေးနွေးအကြံပြုချက်စာတမ်းမှာ အောက်ပါအတိုင်းဖြစ်သည်–**

လေးစားအပ်တဲ့ သဘာပတိကြီးနှင့် သဘာပတိအဖွဲ့ဝင်များ၊ အမျိုးသားညီလာခံကျင်းပရေးကော်မရှင်ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ အမျိုးသားညီလာခံကျင်းပရေးလုပ်ငန်းကော်မတီဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ အမျိုးသားညီလာခံစီမံခန့်ခွဲရေးကော်မတီဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ ဆပ်ကော်မတီအသီးသီးမှ ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ အမျိုးသားညီလာခံ ကိုယ်စားလှယ်တော်ကြီးများအားလုံး ကျန်းမာချမ်းသာကြပါစေကြောင်း ဦးစွာ ဆုတောင်းမေတ္တာပို့သအပ်ပါတယ်။

ကျွန်တော်ကတော့ အမျိုးသားညီလာခံ အခြားဖိတ်ကြားသင့်သည့် ပုဂ္ဂိုလ်များအစုအဖွဲ့ ကယားပြည်နယ် အထူးဒေသ(၁)မှ ဦးမှိုင်းဖြစ်ပါတယ်။

ဒီနေ့ ဒီအချိန်အခါဟာ ကျွန်တော်တို့ နိုင်ငံတော်အတွက် အမြဲမပြတ် ဂုဏ်ယူနေကြရမယ့် အချိန်အခါလည်းဖြစ်ပါတယ်။ ကျွန်တော်တို့နိုင်ငံဟာ ဖွဲ့စည်းပုံအခြေခံဥပဒေရဲ့ အရိပ်အာဝါသအောက်မှာ မနေရတာ ၁၉နှစ်နီးနီး ကာလကြာမြင့်ခဲ့ပြီး ဖြစ်ပါတယ်။ ယခုတော့ ရေးဆွဲဆဲ ဖွဲ့စည်းပုံအခြေခံဥပဒေရဲ့ နွေးထွေးသော အရိပ်အာဝါသအောက်မှာ လူတိုင်းလွတ်လပ်ခြင်း၊ ညီမျှခြင်း၊ တရားမျှတခြင်းဆိုတဲ့ အခြေခံလိုအပ်ချက်များကို ခံစားနိုင်တော့မှာ ဖြစ်ပါတယ်။

တူညီတဲ့အကြံပြုချက်များကို စုစည်းရယူခြင်း၊ မတူညီတဲ့အမြင်နဲ့ အကြံပြုချက်များကို ပူးပေါင်းညှိနှိုင်းဆောင်ရွက်နိုင်ခဲ့ခြင်းဟာ အောင်မြင်မှုရလဒ်ကောင်းများ ဖြစ်ကြပါတယ်။

ကျွန်တော်တို့ အခြားဖိတ်ကြားသင့်သည့်ပုဂ္ဂိုလ်များ အစုအဖွဲ့မှာ အထူးဒေသကြီးများ အပါအဝင် အဖွဲ့ပေါင်း ၂၇ဖွဲ့မှ ကိုယ်စားလှယ်များနှင့် တစ်ဦးချင်း ဖိတ်ကြားခံရတဲ့ ကိုယ်စားလှယ်များ ပါဝင်ကြပါတယ်။

အနာဂတ်နိုင်ငံတော်ရဲ့ စစ်မှန်ပြီး စည်းကမ်းပြည့်ဝတဲ့ ဒီမိုကရေစီစနစ်ကို ပုံဖော်တည်ဆောက်ရာမှာ အရေးပါလှတဲ့ အမျိုးသားညီလာခံကြီးကိုလည်း စတင်ကျင်းပခဲ့တဲ့ ၁၉၉၃ခုနှစ်ကစပြီး တက်ရောက်ခဲ့ကြပါတယ်။

ယနေ့အခါမှာဆိုရင် အမျိုးသားညီလာခံကြီးက အတည်ပြုချမှတ်နိုင်ခဲ့တဲ့ အခန်းအလိုက် ခေါင်းစဉ်များ၊ နိုင်ငံတော်အခြေခံမူများနှင့် အခန်းခေါင်းစဉ် ၁၅ ခုအတွက် အသေးစိတ်အခြေခံရမည့်မူများကို အောင်မြင်စွာ ချမှတ်နိုင်ခဲ့ပြီး ဖြစ်ပါတယ်။ ကျွန်တော်တို့အစုအဖွဲ့မှာ ပါဝင်တဲ့ ကိုယ်စားလှယ်များအားလုံးက ဘက်စုံထောင့်စုံမှ အချိန်ယူဆွေးနွေးသုံးသပ်ပြီး တညီတညွတ်တည်းချမှတ်နိုင်ဖို့ အကြံကောင်းဉာဏ်ကောင်းများ ပြုစုပေးပို့နိုင်ခဲ့ပါတယ်။

အဲဒါကြောင့်မို့ အခန်းခေါင်းစဉ်အလိုက် အသေးစိတ်အခြေခံရမည့်မူများ ချမှတ်ရာမှာ ကျွန်တော်တို့ အခြားဖိတ်ကြားသင့်သည့်ပုဂ္ဂိုလ်များ အစုအဖွဲ့ရဲ့ အကြံပြုချက်များကို အခန်းအချို့မှာ အချက်အလက်အတော်များများကို ထည့်သွင်းချမှတ်ခဲ့တာ လေ့လာတွေ့ရှိရပါတယ်။

**လေးစားအပ်တဲ့ သဘာပတိကြီးခင်ဗျား–**

၂၀၀၇ခုနှစ် ဩဂုတ်လ ၆ရက်နေ့က ကျင်းပခဲ့တဲ့ အမျိုးသားညီလာခံ စုံညီအစည်းအဝေးမှာ အမျိုးသားညီလာခံကျင်းပရေးလုပ်ငန်းကော်မတီဥက္ကဋ္ဌက လက်ရှိဖြစ်ပေါ်နေတဲ့ အခြေအနေ၊ အချိန်အခါနှင့် လိုက်လျောညီထွေရှိစေရန်အတွက်လည်းကောင်း၊ ချမှတ်ခဲ့တဲ့ အခြေခံမူများနဲ့ အသေးစိတ်အခြေခံရမယ့် မူများကို ရှေ့နောက်ညီညွတ် ဆီလျော်စေရန်အတွက်လည်းကောင်း၊ မူလက ချမှတ်ခဲ့တဲ့ ဦးတည်ချက်များနဲ့ ချမှတ်ခဲ့တဲ့ အသေးစိတ်အခြေခံရမယ့်မူများရဲ့ အဓိပ္ပာယ် ပိုမိုရှင်းလင်းစေရေးအတွက်လည်းကောင်း၊ ဖွဲ့စည်းပုံအခြေခံဥပဒေမူကြမ်းရေးဆွဲတဲ့အခါမှာ ပိုမိုတိကျရှင်းလင်းစွာ ရေးဆွဲနိုင်ရန်အတွက် လည်းကောင်း၊ ချမှတ်ပြီးဖြစ်တဲ့ အခြေခံမူများနဲ့ အသေးစိတ်အခြေခံရမယ့် မူများကို လိုအပ်သလို ပြန်လည်သုံးသပ်၍ ပြင်ဆင်ခြင်း၊ ပယ်ဖျက်ခြင်း၊ ပြောင်းရွှေ့ဖော်ပြခြင်း၊ ထပ်မံဖြည့်စွက်သင့်တဲ့ အသေးစိတ်အခြေခံရမယ့်မူများကို ဖြည့်စွက်ခြင်းနဲ့ ဆက်လက်ဖော်ပြရန် မလိုတော့တဲ့ အချက်များကို ချန်လှပ်ခြင်းတို့ကို ပြုလုပ်ဖို့ ရှင်းလင်းတင်ပြသွားခဲ့ပါတယ်။

အဲဒီ ရှင်းလင်းချက်ကို ကျွန်တော်တို့ အခြားဖိတ်ကြားသင့်သည့် ပုဂ္ဂိုလ်များ အစုအဖွဲ့ရဲ့ ၇-၈-၂၀၀၇ရက်နေ့မှာ ကျင်းပခဲ့တဲ့ အစုအဖွဲ့ အစည်းအဝေးမှာ အသေးစိတ်လေ့လာခဲ့ကြပြီး စာတမ်းပြုစုရေးအဖွဲ့ အစည်းအဝေးမှာလည်း ထပ်မံညှိနှိုင်းခဲ့ကြပါတယ်။

အဲဒီလို လေ့လာညှိနှိုင်းကြတဲ့အခါမှာ အမျိုးသားညီလာခံ ကျင်းပရေးလုပ်ငန်းကော်မတီဥက္ကဋ္ဌရဲ့ ရှင်းလင်းချက်မှာပါဝင်တဲ့ အချက် ၁၅ချက်နှင့် သဘောတူညီရမယ့် အချက် ၁ ချက်တို့ကို သဘောတူထောက်ခံပါကြောင်း ကိုယ်စားလှယ်များက ဆန္ဒပြုတင်ပြခဲ့ကြပါတယ်။ အဲဒီတင်ပြချက်ကို အကြံပြုချက်စာတမ်းပြုစုပြီး ၂၀၀၇ခုနှစ် ဩဂုတ်လ၉ရက်နေ့မှာ ကျင်းပခဲ့တဲ့ အခြားဖိတ်ကြားသင့်သည့်ပုဂ္ဂိုလ်များ အစုအဖွဲ့ရဲ့ အစည်းအဝေးမှာ ကိုယ်စားလှယ်အားလုံးထံမှ သဘောတူအတည်ပြုချက် ရရှိခဲ့ပါတယ်။

အဲဒီအချက်များကတော့–

၁။ **အထွေထွေပြဋ္ဌာန်းချက်များအခန်းရဲ့ စုစည်းချက်အပိုဒ်(၃)–**
**“နိုင်ငံတော်အခြေခံမူများသည် ဥပဒေပြုလွှတ်တော်များက ဥပဒေ ပြဋ္ဌာန်းရာတွင်လည်းကောင်း၊ ဤဖွဲ့စည်းပုံအခြေခံဥပဒေနှင့် အခြားဥပဒေများပါ ပြဋ္ဌာန်းချက်များကို သက်ဆိုင်ရာက အနက်အဓိပ္ပာယ် ဖွင့်ဆိုရာတွင် လည်းကောင်း လိုက်နာရမည့် လမ်းညွှန်များဖြစ်သည်”**

ဆိုတဲ့စကားရပ်နှင့် ဆက်၍–

**“နိုင်ငံတော်က ထိုအခြေခံမူများနှင့်အညီ အလေးဂရုပြုဆောင်ရွက်ရမည်။ သို့ရာတွင် ထိုသို့ဆောင်ရွက်စေရန် မည်သည့်တရားရုံးတွင်မျှ တရားစွဲဆိုခွင့် မရှိစေရ”**

ဆိုသောစကားရပ်ကို ဖြည့်စွက်၍ အသေးစိတ်အခြေခံရမည့်မူအဖြစ် ချမှတ်သင့်ပါကြောင်း အကြံပြုတင်ပြအပ်ပါတယ်။

**ဖတ်ကြားတင်ပြ**

**အခြား ဖိတ်ကြားသင့်သည့် ပုဂ္ဂိုလ်များ အစုအဖွဲ့၏ ဆွေးနွေး အကြံပြုချက် စာတမ်းကို ဦးမှိုင်း ဖတ်ကြားတင်ပြစဉ်။**
(သတင်းစဉ်)



၂။ နိုင်ငံသား၊ နိုင်ငံသားများ၏ မူလအခွင့်အရေးနှင့် တာဝန်များအခန်း စုစည်းဖော်ပြချက်အပိုဒ် ၅၀ တွင်

**“ဤအခန်းပါ ‘နိုင်ငံတော်’ဆိုသည်မှာ ရှေ့နောက်စကားရပ်တို့၏ အဓိပ္ပာယ်ကို ထောက်၍ ဤဖွဲ့စည်းပုံအခြေခံဥပဒေအရ ဥပဒေပြုမှု အခွင့်အာဏာကိုသော် လည်းကောင်း၊ အုပ်ချုပ်မှု အခွင့်အာဏာကို သော်လည်းကောင်း ကျင့်သုံးသော အဖွဲ့အစည်းကို ဆိုလိုသည်”**

ဆိုတဲ့စကားရပ်အစား–

**“ဤအခန်းနှင့် အခန်း(၁)၊ နိုင်ငံတော် အခြေခံမူများ အခန်းပါ ‘နိုင်ငံတော်’ဆိုသည်မှာ ရှေ့နောက်စကားရပ်တို့၏ အဓိပ္ပာယ်ကို ထောက်၍ ဤဖွဲ့စည်းပုံ အခြေခံဥပဒေအရ ဥပဒေပြုမှု အခွင့်အာဏာကိုသော် လည်းကောင်း၊ အုပ်ချုပ်မှု အခွင့်အာဏာကိုသော်လည်းကောင်း ကျင့်သုံးသော အဖွဲ့အစည်း သို့မဟုတ် ပုဂ္ဂိုလ်ကို ဆိုလိုသည်”**

လို့ အသေးစိတ်အခြေခံရမယ့်မူကို ဖြည့်စွက်၍ ချမှတ်သင့်ပါကြောင်း အကြံပြုတင်ပြအပ်ပါတယ်။

၃။ တရားစီရင်ရေးဆိုင်ရာ ဖွဲ့စည်းမှုအပိုင်းရှိ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်တရားသူကြီးများရဲ့ အရည်အချင်း အပိုဒ် ၁၁ အပိုဒ်ခွဲ (ဂ) အပိုဒ်ခွဲငယ်(၂)ရှိ “တရားလွှတ်တော်ရှေ့နေ(Advocate)အဖြစ် ၁၅ နှစ် အမှုလိုက်ပါဆောင်ရွက်ခဲ့သူ”ဆိုတဲ့ စကားရပ်အစား“တရားလွှတ်တော်ရှေ့နေ(Advocate) အဖြစ် အနည်းဆုံး၁၅နှစ် အမှုလိုက်ပါဆောင်ရွက်ခဲ့သူ”လို့ ဖြည့်စွက်၍ အသေးစိတ်အခြေခံရမယ့်မူအဖြစ် ချမှတ်သင့်ပါကြောင်း အကြံပြုတင်ပြအပ်ပါတယ်။

၄။ နိုင်ငံတော်အခြေခံမူများအခန်းရှိ အပိုဒ်(ခ) အပိုဒ်ခွဲ(၄)၊ အပိုဒ်(ဂ)နှင့် အပိုဒ်(လ)တို့ရှိ“စစ်မှန်သော ပါတီစုံဒီမိုကရေစီစနစ်”ဆိုတဲ့ စကားရပ်အစား “စစ်မှန်၍စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ်”လို့ ဖြည့်စွက်၍ အသေးစိတ်အခြေခံရမယ့်မူအဖြစ် ချမှတ်သင့်ပါကြောင်း အကြံပြုတင်ပြအပ်ပါတယ်။

၅။ နိုင်ငံတော်အခြေခံမူများ အခန်းအပိုဒ်(ဈ) အပိုဒ်ခွဲ(၁) (၂) (၃) တို့ရှိ “ပြည်ထောင်စု တရားလွှတ်တော်”ဆိုတဲ့ စကားရပ်အစား “ပြည်ထောင်စု တရားလွှတ်တော်ချုပ်”ဟု ဖြည့်စွက်၍ အသေးစိတ်အခြေခံရမည့်မူအဖြစ် ချမှတ်သင့်ပါကြောင်း အကြံပြုတင်ပြအပ်ပါတယ်။

၆။ အုပ်ချုပ်ရေးဆိုင်ရာ ဖွဲ့စည်းမှုအပိုင်း အပိုဒ် ၂၂၊ အပိုဒ်ခွဲ(ဇ)ရှိ“နိုင်ငံတော်သမ္မတသည် ဖွဲ့စည်းပုံအခြေခံဥပဒေတွင် သတ်မှတ်ထားသည့် အသက်ကန့်သတ်ချက်ကို လျှော့ပေါ့စဉ်းစားနိုင်သည်”ဆိုတဲ့ စကားရပ်အစား “နိုင်ငံတော်သမ္မတသည် ဖွဲ့စည်းပုံအခြေခံဥပဒေတွင် သတ်မှတ်ထားသည့် အသက်ကန့်သတ်ချက်ကို လျှော့ပေါ့ပေးရမည်”လို့ အသေးစိတ်အခြေခံရမယ့်မူအဖြစ် ပြင်ဆင်ချမှတ်သင့်ပါကြောင်း အကြံပြုတင်ပြအပ်ပါတယ်။

၇။ အပိုဒ် ၃၁ အပိုဒ်ခွဲ(င)တွင် “တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်စာရင်းစစ်ချုပ်သည် သက်ဆိုင်ရာ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ဝန်ကြီးချုပ်မှတစ်ဆင့် နိုင်ငံတော်သမ္မတအားလည်းကောင်း၊ ပြည်ထောင်စုစာရင်းစစ်ချုပ်အား လည်းကောင်း၊ သက်ဆိုင်ရာ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ဝန်ကြီးချုပ်အားလည်းကောင်း တာဝန်ခံရမည်”ဟု လည်းကောင်း ဖော်ပြခဲ့ပါတယ်။

ဖော်ပြပါ အသေးစိတ် အခြေခံရမယ့်မူများကို လေ့လာကြည့်ပါက တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ဝန်ကြီးများနဲ့ စပ်လျဉ်းတဲ့ အရေးအသား၊ အသုံးအနှုန်းများဟာ ရှင်းလင်းလွယ်ကူပြီး အဓိပ္ပာယ်ပေါ်လွင်စေတာ တွေ့ရှိရပါတယ်။ ဖွဲ့စည်းပုံအခြေခံဥပဒေ(မူကြမ်း)ရေးဆွဲရာမှာ ရှေ့နောက်စကားရပ်များ ညီညွတ်စေရန်လည်းကောင်း၊ အဓိပ္ပာယ်ရှင်းလင်းလွယ်ကူစေရန် လည်းကောင်း သုံးနှုန်းရေးသားသင့်ပါတယ်။

ဒါကြောင့် အပိုဒ် ၂၈၊ အပိုဒ်ခွဲ(စ)အဖြစ်–

“တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ဥပဒေချုပ်သည်–

(၁) သက်ဆိုင်ရာ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ဝန်ကြီးချုပ်မှ တစ်ဆင့် နိုင်ငံတော်သမ္မတအား တာဝန်ခံရမည်၊

**စာမျက်နှာ ၁၃ ကော်လံ ၁ သို့**

**စာမျက်နှာ ၁၁ မှ**

ခွဲငယ်(၆)တွင် အဖွဲ့ဝင်အဖြစ်“ရန်ကုန်မြို့တော်ကောင်စီဥက္ကဋ္ဌ”အစား**“နေပြည်တော်ကောင်စီဥက္ကဋ္ဌ”** လို့ ဖြည့်စွက်ရန် သင့်ပါကြောင်း အကြံပြုတင်ပြအပ်ပါတယ်။ အပိုဒ် ၃၇ ပါ ကိုကိုးကျွန်းမြို့နယ် အုပ်ချုပ်ရေးနှင့်စပ်လျဉ်း၍ ဆက်လက်ဖော်ပြရန် လိုအပ်တော့မည် မဟုတ်ပါကြောင်း တင်ပြအပ်ပါတယ်။

တစ်ဆက်တည်းမှာပဲ တရားစီရင်ရေးဆိုင်ရာ အာဏာခွဲဝေမှုအပိုင်းနဲ့ စပ်လျဉ်းပြီး–

တရားစီရင်ရေးဆိုင်ရာ အာဏာခွဲဝေမှုအပိုင်း အပိုဒ် ၆ အပိုဒ်ခွဲ(၄) အပိုဒ်ခွဲငယ်(က)ရှိ “တရားစီရင်ရေးဆိုင်ရာကိစ္စအလို့ငှာ ရန်ကုန်တိုင်းဒေသကြီး တရားလွှတ်တော်သည် ရန်ကုန်မြို့တော်နှင့် ကိုကိုးကျွန်းမြို့နယ်အတွင်းရှိ တရားရုံးများ၏ တရားလွှတ်တော်ဖြစ်သည်” ဆိုတဲ့ စကားရပ်အစား **“တရားစီရင်ရေးဆိုင်ရာ ကိစ္စအလို့ငှာ မန္တလေးတိုင်းဒေသကြီး တရားလွှတ်တော်သည် နေပြည်တော်အတွင်းရှိ တရားရုံးများ၏ တရားလွှတ်တော်ဖြစ်သည်”**လို့ အသေးစိတ်အခြေခံရမယ့်မူကို ပြင်ဆင်၍ ချမှတ်ရန်သင့်ပါကြောင်း အကြံပြုတင်ပြအပ်ပါတယ်။

**သဘာပတိကြီးခင်ဗျား–**

အမျိုးသားညီလာခံ ကျင်းပရေးလုပ်ငန်းကော်မတီ ဥက္ကဋ္ဌက နိုင်ငံတော်အခြေခံမူများအခန်းမှာပါရှိတဲ့ အချက်များအနက် အသေးစိတ်အခြေခံရမယ့်မူများအဖြစ် နိုင်ငံတော်အကြီးအကဲအခန်းသို့ ပြောင်းရွှေ့ဖော်ပြတဲ့အချက် ၂ချက်၊ နိုင်ငံသား၊ နိုင်ငံသားများ၏မူလအခွင့်အရေးနှင့်တာဝန်များအခန်းသို့ ပြောင်းရွှေ့ဖော်ပြတဲ့အချက် ၁၁ချက်၊ အထွေထွေပြဋ္ဌာန်းချက်များအခန်းသို့ ပြောင်းရွှေ့ဖော်ပြတဲ့ အချက် ၂ချက်တို့ကို သက်ဆိုင်ရာအခန်းသို့ ပြောင်းရွှေ့ဖော်ပြပြီး ဖြစ်တဲ့အတွက် နိုင်ငံတော်အခြေခံမူများ အခန်းတွင် ဆက်လက်ဖော်ပြရန် မလိုအပ်တော့လို့ ဆက်လက်ဖော်ပြခြင်းမပြုတော့ကြောင်း ရှင်းလင်းပြောကြားချက်မှာ နိုင်ငံတော်အခြေခံမူများအခန်းနှင့် စပ်လျဉ်းပြီး အခြေခံရမယ့်မူများ ချမှတ်ခဲ့စဉ်က အခြေခံမူ ၁၀၄ချက်အောက်တွင် မှတ်ချက်အဖြစ် ဖော်ပြချက်နှင့် အညီ ဆောင်ရွက်တာဖြစ်ကြောင်း တွေ့ရပါတယ်။ ဒါ့အပြင် အခြေခံမူပါအချက်များကို ၎င်းတို့နှင့် သက်ဆိုင်ရာအခန်းများသို့ ပြောင်းရွှေ့ဖော်ပြခြင်းကြောင့် လိုက်လျောညီထွေရှိတာ တွေ့ရပါတယ်။ ဒါကြောင့် သက်ဆိုင်ရာအခန်းသို့ ပြောင်းရွှေ့ဖော်ပြပြီးဖြစ်လို့ နိုင်ငံတော်အခြေခံမူများအခန်းတွင် ဆက်လက်ဖော်ပြခြင်း မပြုတော့ကြောင်း ရှင်းလင်းပြောကြားချက်မှာ လွန်စွာသင့်မြတ်ပါသဖြင့် ရှင်းလင်းပြောကြားချက်အတိုင်း ဆောင်ရွက်သင့်ပါကြောင်း တင်ပြအပ်ပါတယ်။

ဒါ့အပြင် ဥပဒေပြုရေးဆိုင်ရာ အာဏာခွဲဝေမှုအပိုင်းအတွက် အသေးစိတ်အခြေခံမူများချမှတ်စဉ်က အပိုဒ် (၁၅) အပိုဒ်ခွဲ (၅)တွင် ဖော်ပြချက်နဲ့ ၂၀၀၇ခုနှစ် ဩဂုတ်လ၂ ရက်နေ့က ကျင်းပတဲ့ အမျိုးသားညီလာခံ စုံညီအစည်းအဝေးမှာ ကူးပြောင်းရေးကာလ ပြဋ္ဌာန်းချက်များအခန်းအတွက် အသေးစိတ်အခြေခံရမည့်မူများ ချမှတ်စဉ်က အပိုဒ်(၅) တွင်ဖော်ပြသော **“တည်ဆဲဥပဒေများသည် ပြည်ထောင်စုလွှတ်တော်က ပယ်ဖျက်ခြင်း၊ ပြင်ဆင်ခြင်း မပြုသေးမီ ဤဖွဲ့စည်းပုံအခြေခံဥပဒေနှင့် မဆန့်ကျင်သမျှ အတည်ဖြစ်သည်”** ဆိုသော အသေးစိတ်အခြေခံရမယ့်မူများဟာ စကားရပ်အတူတူဖြစ်သလို အနှစ်သာရလည်း အတူတူဖြစ်ပြီး ကူးပြောင်းရေးကာလပြဋ္ဌာန်းချက်များအခန်းမှာ ဖော်ပြခြင်းက ပိုမိုဆီလျော်မည်ဖြစ်တာကြောင့် ဥပဒေပြုရေးဆိုင်ရာ အာဏာခွဲဝေမှုအပိုင်းမှာ ဆက်လက်ဖော်ပြရန် မလိုတော့တဲ့အတွက် ပယ်ဖျက်မည်ဖြစ်ပါကြောင်း ရှင်းလင်းပြောကြားချက်မှာလည်း ပြဋ္ဌာန်းချက်တစ်ခုတည်းကို ဥပဒေတစ်ခုတည်း၌ နှစ်ကြိမ်ဖော်ပြခြင်း မဖြစ်စေရန် ဆောင်ရွက်ခြင်းဖြစ်တာကြောင့် လျော်ကန်သင့်မြတ်မှုရှိပါကြောင်း တင်ပြအပ်ပါတယ်။

**သဘာပတိကြီးခင်ဗျား–**

အမျိုးသားညီလာခံကြီးက ချမှတ်ထားပြီးဖြစ်တဲ့ အခြေခံရမယ့်မူများနဲ့ အသေးစိတ်အခြေခံရမယ့်မူများအနက် ပြင်ဆင်၊ ဖြည့်စွက်၊ ပယ်ဖျက်သင့်သည့် အခြေခံရမည့်မူများ၊ အသေးစိတ်အခြေခံရမယ့်မူများနှင့်စပ်လျဉ်းပြီး အမျိုးသားညီလာခံ ကျင်းပရေးလုပ်ငန်းကော်မတီဥက္ကဋ္ဌ၏ ရှင်းလင်းပြောကြားချက်အပေါ် ကျွန်တော်တို့ နိုင်ငံ့ဝန်ထမ်းကိုယ်စားလှယ်များ အစုအဖွဲ့ရဲ့ အကြံပြုချက်များ ဖြစ်ပါတယ်။ အမျိုးသားညီလာခံကြီးက လိုအပ်သလို ပြင်ဆင်၊ ဖြည့်စွက်၊ ပယ်ဖျက်ခြင်းများပြုပြီးရင် အမျိုးသားညီလာခံကြီး အောင်မြင်စွာပြီးမြောက်ပြီး ဖြစ်ပါတယ်။ အဲဒီနောက် အမျိုးသားညီလာခံက ချမှတ်ပေးထားတဲ့ အခြေခံရမယ့်မူများနဲ့ အသေးစိတ်အခြေခံရမယ့်မူများနဲ့အညီ ဖွဲ့စည်းပုံအခြေခံဥပဒေမူကြမ်း ရေးဆွဲရမှာ ဖြစ်ပါတယ်။ ဖွဲ့စည်းပုံအခြေခံဥပဒေမူကြမ်း ရေးဆွဲရာမှာ ဥပဒေဝေါဟာရ၊ စကားအသုံးအနှုန်း၊ နေရာအထားအသို၊ သတ်ပုံသတ်ညွှန်းတို့ကို မှန်ကန်စွာ ရေးဖွဲ့သုံးနှုန်းရမှာဖြစ်လို့ ချမှတ်ထားပြီးဖြစ်တဲ့ အခြေခံရမယ့်မူများနှင့် အသေးစိတ်အခြေခံရမည့်မူများပါ ရည်ရွယ်ချက်နှင့်အနှစ်သာရ မထိခိုက်စေဘဲ ပြင်ဆင်သင့်သည်များကို လိုအပ်သလိုပြင်ဆင်ရေးဆွဲဖို့ အမျိုးသားညီလာခံကြီးက သဘောတူခွင့်ပြုကြောင်း ဆုံးဖြတ်ချက်တစ်ရပ်ချမှတ်ပေးသင့်ပါတယ်။ ဒါမှလည်း ဖွဲ့စည်းပုံအခြေခံဥပဒေမူကြမ်းရေးဆွဲရာမှာ ချောမွေ့လွယ်ကူစေမှာ ဖြစ်ပါတယ်။

ဒါကြောင့် ဖွဲ့စည်းပုံအခြေခံဥပဒေမူကြမ်းရေးဆွဲရာမှာ အမျိုးသားညီလာခံက ချမှတ်ပေးထားပြီးဖြစ်တဲ့ အခြေခံရမယ့်မူများနဲ့ အသေးစိတ်အခြေခံရမယ့်မူများပါ ရည်ရွယ်ချက်နှင့်အနှစ်သာရကို ထိခိုက်ခြင်းမရှိသည့် စကားအသုံးအနှုန်း၊ သတ်ပုံသတ်ညွှန်း၊ နေရာအထားအသိုတို့ကို လိုအပ်သလို ပြင်ဆင်ရေးဆွဲဆောင်ရွက်နိုင်ရေးအတွက် အမျိုးသားညီလာခံက သဘောတူခွင့်ပြုကြောင်း ဆုံးဖြတ်ချက်တစ်ရပ် ချမှတ်ပေးပါရန်လည်း တင်ပြအပ်ပါတယ်။

**သဘာပတိကြီးခင်ဗျား–**

ကျွန်တော်တို့ နိုင်ငံ့ဝန်ထမ်းကိုယ်စားလှယ်များ အစုအဖွဲ့မှာပါဝင်ကြတဲ့ အမျိုးသားညီလာခံကိုယ်စားလှယ်များဟာ နိုင်ငံ့ဝန်ထမ်းများပီပီ နိုင်ငံတော်နှင့် နိုင်ငံသားများရဲ့အကျိုးကို ရှေးရှုပြီး အနာဂတ်နိုင်ငံတော်သစ်အတွက် လျော်ကန်သင့်မြတ်တဲ့ အကြံပြုချက်များရရှိရေး အားသွန်ခွန်စိုက် ကြိုးစားဆောင်ရွက်ခဲ့ကြပါတယ်။ နောင်ပေါ်ပေါက်လာတော့မှာဖြစ်တဲ့ ဖွဲ့စည်းပုံအခြေခံဥပဒေမှာ ပျော့ကွက် ဟာကွက် မရှိစေရန်အတွက် ညီညီညွတ်ညွတ် စုပေါင်းတိုင်ပင်ဆွေးနွေးပြီး ပြင်ဆင်၊ ဖြည့်စွက်၊ ပယ်ဖျက်သင့်သည့်အချက်များဖြစ်ပါကြောင်း သုံးသပ်တင်ပြရင်း အကြံပြုချက်ကို နိဂုံးချုပ်အပ်ပါတယ်ခင်ဗျား။ ။

စာမျက်နှာ ၁၂ မှ

(၂) ပြည်ထောင်စုရှေ့နေချုပ်အား လည်းကောင်း၊ သက်ဆိုင်ရာ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ဝန်ကြီးချုပ်အား လည်းကောင်း တာဝန်ခံရမည်”ဟုလည်းကောင်း

အပိုဒ် ၃၁၊ အပိုဒ်ခွဲ(င)အဖြစ်–

“တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်စာရင်းစစ်ချုပ်သည်–

(၁) သက်ဆိုင်ရာ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ဝန်ကြီးချုပ်မှတစ်ဆင့် နိုင်ငံတော်သမ္မတအား တာဝန်ခံရမည်၊

(၂) ပြည်ထောင်စု စာရင်းစစ်ချုပ်အားလည်းကောင်း၊ သက်ဆိုင်ရာ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ဝန်ကြီးချုပ်အား လည်းကောင်း တာဝန်ခံရမည်”

ဟုလည်းကောင်း အသေးစိတ်အခြေခံရမယ့်မူများအဖြစ် ပြင်ဆင်ချမှတ်သင့်ပါကြောင်း အကြံပြုတင်ပြအပ်ပါတယ်။

၈။ ပြည်သူ့လွှတ်တော်ဖွဲ့စည်းခြင်းနဲ့ စပ်လျဉ်းပြီး–

**“ပြည်သူ့လွှတ်တော်ကို လွှတ်တော်ကိုယ်စားလှယ်ဦးရေ အများဆုံး ၄၄၀ဦးဖြင့် အောက်ပါအတိုင်း ဖွဲ့စည်းရမည်–**

**(က) မြို့နယ်ကို အခြေခံ၍လည်းကောင်း၊ လူဦးရေကို အခြေခံ၍ လည်းကောင်း၊ မြို့နယ် ၃၃၀ထက် ပိုမိုလာပါက အသစ်ဖွဲ့စည်းသည့် မြို့နယ်ကို တစ်ဆက်တစ်စပ်တည်း ဖြစ်သော သင့်လျော်သည့် မြို့နယ်တစ်ခုခုနှင့် ပူးပေါင်းအခြေခံ၍ လည်းကောင်း ဥပဒေနှင့်အညီ မဲဆန္ဒနယ် သတ်မှတ်၍ ရွေးကောက်တင်မြှောက်သည့် ၃၃၀ဦးထက် မပိုသော ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ၊**

**(ခ) တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က ဥပဒေနှင့်အညီ အမည်စာရင်းတင်သွင်းသည့် ၁၁၀ ဦးထက်မပိုသော တပ်မတော်သား ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ”**

လို့ အသေးစိတ် အခြေခံရမယ့်မူအဖြစ် ဖြည့်စွက်ချမှတ်သင့်ပါကြောင်း အကြံပြုတင်ပြအပ်ပါတယ်။

အထက်ပါအတိုင်း အသေးစိတ်အခြေခံရမယ့်မူအဖြစ် ချမှတ်ပါက ယင်းချမှတ်မည့်မူနှင့် လိုက်လျောညီထွေဖြစ်စေရန် ‘လူဦးရေကိုအခြေခံ၍ ရွေးကောက်တင်မြှောက်သည့် လွှတ်တော်’ဆိုသည့် အသုံးအနှုန်းအစား ‘မြို့နယ်ကို အခြေခံ၍လည်းကောင်း၊ လူဦးရေကိုအခြေခံ၍လည်းကောင်း ရွေးကောက် တင်မြှောက်သည့် လွှတ်တော်’ဟု ပြင်ဆင်သုံးနှုန်းသင့်ပါကြောင်း တင်ပြအပ်ပါတယ်။

၉။ အမျိုးသားလွှတ်တော်ဖွဲ့စည်းခြင်းနှင့်စပ်လျဉ်းပြီး–

**“အမျိုးသားလွှတ်တော်ကို လွှတ်တော်ကိုယ်စားလှယ်ဦးရေ အများဆုံး ၂၂၄ဦးဖြင့် အောက်ပါအတိုင်း ဖွဲ့စည်းရမည်–**

**(က) ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ တိုင်း သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ ဒေသတစ်ခုစီမှ ကိုယ်စားလှယ်တစ်ဦးစီ ပါဝင်စေပြီး သက်ဆိုင်ရာ ပြည်ထောင်စုနယ်မြေများ အပါအဝင် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်တစ်ခုစီအတွက် ကိုယ်စားလှယ် ၁၂ဦးကျစီ တူညီစွာဖြင့် ရွေးကောက်တင်မြှောက်သည့် အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ၁၆၈ဦး၊**

**(ခ) သက်ဆိုင်ရာ ပြည်ထောင်စုနယ်မြေများအပါအဝင် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်တစ်ခုစီအတွက် ကိုယ်စားလှယ် လေးဦးကျစီဖြင့် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က ဥပဒေနှင့်အညီ အမည်စာရင်း တင်သွင်းသည့် တပ်မတော်သား အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ၅၆ဦး၊”**

**(ဂ) အထက်အပိုဒ်ခွဲ (က)နှင့် (ခ)တွင် ဖော်ပြထားသည့်အတိုင်း ဖွဲ့စည်းရာတွင် သက်ဆိုင်ရာ ပြည်ထောင်စုနယ်မြေ ဆိုသည်မှာ ဤဖွဲ့စည်းပုံအခြေခံဥပဒေအရ သတ်မှတ်ထားသည့် ပြည်ထောင်စုနယ်မြေများသည် လည်းကောင်း၊ ပြည်ထောင်စုလွှတ်တော်က ဥပဒေပြဋ္ဌာန်း၍ သတ်မှတ်သော ပြည်ထောင်စုနယ်မြေများသည် လည်းကောင်း၊ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ရွေးကောက်တင်မြှောက်ရန် ကိစ္စအလို့ငှာ အဆိုပါနယ်မြေ ပါဝင်ခဲ့သည့် ပြည်နယ် သို့မဟုတ် တိုင်းတွင်ဖြစ်စေ၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်တွင်ဖြစ်စေ ပါဝင်ခြင်းကို ဆိုသည်”**

လို့ အသေးစိတ် အခြေခံရမယ့်မူအဖြစ် ဖြည့်စွက်ချမှတ် သင့်ပါကြောင်း အကြံပြုတင်ပြအပ်ပါတယ်။

၁၀။ ပြည်ထောင်စုနယ်မြေ သတ်မှတ်ခြင်းနဲ့ စပ်လျဉ်းပြီး–

၅။ ပြည်ထောင်စုနယ်မြေသတ်မှတ်ခြင်း–

**“(က) နိုင်ငံတော်၏မြို့တော်ဖြစ်သည့် ရန်ကုန်မြို့တော်ကို နိုင်ငံတော်သမ္မတ၏ တိုက်ရိုက်အုပ်ချုပ်မှုအောက်တွင် ထားရှိသည့် ပြည်ထောင်စုနယ်မြေအဖြစ် သတ်မှတ်သည်၊**

**(ခ) ထူးခြားသော အခြေအနေရှိသည့် ကိုကိုးကျွန်းမြို့နယ်ကို နိုင်ငံတော်သမ္မတ၏ တိုက်ရိုက်အုပ်ချုပ်မှုအောက်တွင်ထားရှိသည့် ပြည်ထောင်စုနယ်မြေအဖြစ် သတ်မှတ်သည်၊**

**(ဂ) နိုင်ငံတော်ကာကွယ်ရေး၊ လုံခြုံရေး၊ အုပ်ချုပ်ရေး၊ စီးပွားရေး စသည်တို့နှင့်စပ်လျဉ်းပြီး ထူးခြားသော အခြေအနေရှိသည့် နယ်မြေများကို ပြည်ထောင်စုနယ်မြေအဖြစ် သတ်မှတ်ရန် လိုအပ်လျှင် ဥပဒေပြဋ္ဌာန်းပြီး နိုင်ငံတော်သမ္မတ၏ တိုက်ရိုက် အုပ်ချုပ်မှုအောက်တွင် ထားရှိသည့် ပြည်ထောင်စုနယ်မြေအဖြစ် သတ်မှတ်နိုင်သည်”**

လို့ အသေးစိတ်အခြေခံရမယ့်မူများ ချမှတ်ခဲ့ပါတယ်။ ၎င်းကို ပြင်ဆင်ပြီး

၅။ ပြည်ထောင်စုနယ်မြေများသတ်မှတ်ခြင်း–

**“(က) နိုင်ငံတော်၏မြို့တော်ဖြစ်သည့် နေပြည်တော်ကို နိုင်ငံတော်သမ္မတ၏ တိုက်ရိုက်အုပ်ချုပ်မှုအောက်တွင် ထားရှိသည့် ပြည်ထောင်စုနယ်မြေအဖြစ် သတ်မှတ်သည်။**

**(ခ) နိုင်ငံတော်ကာကွယ်ရေး၊ လုံခြုံရေး၊ အုပ်ချုပ်ရေး၊ စီးပွားရေး စသည်တို့နှင့်စပ်လျဉ်းပြီး ထူးခြားသော အခြေအနေရှိသည့် နယ်မြေများကို ပြည်ထောင်စုနယ်မြေအဖြစ် သတ်မှတ်ရန် လိုအပ်လျှင် ဥပဒေပြဋ္ဌာန်းပြီး နိုင်ငံတော်သမ္မတ၏ တိုက်ရိုက် အုပ်ချုပ်မှုအောက်တွင်ထားရှိသည့် ပြည်ထောင်စုနယ်မြေ အဖြစ် သတ်မှတ်နိုင်သည်”**

လို့ အသေးစိတ် အခြေခံရမယ့်မူကို ပြင်ဆင်ချမှတ်သင့်ပါကြောင်း အကြံပြုတင်ပြအပ်ပါတယ်။

၁၁။ ပြည်ထောင်စုမြန်မာနိုင်ငံတော်၏ မြို့တော်ဖြစ်သည့် နေပြည်တော်ကို နိုင်ငံတော်သမ္မတ၏ တိုက်ရိုက်အုပ်ချုပ်မှုအောက်တွင် ထားရှိသည့် ပြည်ထောင်စုနယ်မြေအဖြစ်သတ်မှတ်ရန် သဘောတူညီပါက နေပြည်တော်အတွက် ရန်ကုန်မြို့တော် ကောင်စီနှင့်စပ်လျဉ်း၍ ချမှတ်ထားသည့် အသေးစိတ်အခြေခံရမည့်မူများအတိုင်း ချမှတ်သင့်ပါတယ်။

ထို့ကြောင့် ၁၉၉၆ခုနှစ် မတ်လ ၂၈၊ ၂၉နှင့် ၃၀ရက်နေ့များတွင် ကျင်းပပြုလုပ်ခဲ့တဲ့ အမျိုးသားညီလာခံစုံညီအစည်းအဝေးက ချမှတ်ခဲ့သော အသေးစိတ်အခြေခံရမည့်မူများအနက် အပိုဒ် ၃၅ပါ ပြည်ထောင်စုနယ်မြေဖြစ်သည့် ရန်ကုန်မြို့တော် အုပ်ချုပ်ရေးနှင့်စပ်လျဉ်းပြီး ချမှတ်ထားသည့် အသေးစိတ်အခြေခံရမည့်မူများတွင်လည်းကောင်း၊ အပိုဒ် ၃၆တွင် ဖော်ပြထားသည့် ရန်ကုန်မြို့တော်ကောင်စီဥက္ကဋ္ဌနှင့် ကောင်စီဝင်များ၏ အဆင့်သတ်မှတ်ခြင်းနှင့် စပ်လျဉ်းပြီး ချမှတ်ထားသော အသေးစိတ်အခြေခံရမည့်မူများတွင် လည်းကောင်း ပါရှိသည့် ရန်ကုန်မြို့တော်ဟူသော စကားရပ်အစား နေပြည်တော်ဟု ဖြည့်စွက်သင့်ပါကြောင်း အကြံပြုတင်ပြအပ်ပါတယ်။

၁၂။ ဘဏ္ဍာရေးကော်မရှင် ဖွဲ့စည်းခြင်းအတွက် ချမှတ်ထားသော အသေးစိတ်အခြေခံရမယ့်မူ အပိုဒ်၁၆၊ အပိုဒ်ခွဲ(ဂ)၊ အပိုဒ်ခွဲငယ်(၆)တွင် အဖွဲ့ဝင်အဖြစ် “ရန်ကုန်မြို့တော်ကောင်စီဥက္ကဋ္ဌ”ဟုဖော်ပြထားသည့်စကားရပ်အစား“နေပြည်တော်ကောင်စီဥက္ကဋ္ဌ”လို့ ဖြည့်စွက်သင့်ပါကြောင်း အကြံပြုတင်ပြအပ်ပါတယ်။

၁၃။ တရားစီရင်ရေးဆိုင်ရာ အာဏာခွဲဝေမှုအပိုင်း၊ အပိုဒ် ၆ အပိုဒ်ခွဲ(၄) အပိုဒ်ခွဲငယ်(က)ရှိ “တရားစီရင်ရေးဆိုင်ရာကိစ္စအလို့ငှာ ရန်ကုန်တိုင်းဒေသကြီး တရားလွှတ်တော်သည် ရန်ကုန်မြို့တော်နှင့် ကိုကိုးကျွန်းမြို့နယ်အတွင်းရှိ တရားရုံးများ၏ တရားလွှတ်တော်ဖြစ်သည်”ဆိုတဲ့ စကားရပ်အစား “တရားစီရင်ရေးဆိုင်ရာကိစ္စအလို့ငှာ မန္တလေးတိုင်းဒေသကြီး တရားလွှတ်တော်သည် နေပြည်တော်အတွင်းရှိ တရားရုံးများ၏ တရားလွှတ်တော်ဖြစ်သည်”လို့ အသေးစိတ် အခြေခံရမယ့်မူကို ပြင်ဆင်ချမှတ်သင့်ပါကြောင်း အကြံပြုတင်ပြအပ်ပါတယ်။

**အခြေခံဥပဒေဟာ တိုင်းပြည်တစ်ပြည်အတွက် အလွန်အရေးကြီးပါတယ်။ တိုင်းပြည်ရဲ့ အနာဂတ် နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးလုပ်ငန်းရပ်များမှာ အမြဲရှင်သန် တိုးတက်နေအောင် ဆောင်ကြဉ်းပေးနိုင်စွမ်းလည်း ရှိပါတယ်။**

၁၄။ ဖွဲ့စည်းပုံ အခြေခံဥပဒေရေးဆွဲရာတွင် ပါဝင်မယ့် အခန်းခေါင်းစဉ်(၁၅)ခုအနက် ‘နိုင်ငံတော်အခြေခံမူများ’ အခန်းနဲ့စပ်လျဉ်းပြီး အခြေခံရမယ့်မူများ ချမှတ်ခဲ့စဉ်က အခြေခံမူ၁၀၄ချက်ရဲ့အောက်တွင် မှတ်ချက်အဖြစ်–

“ထိုသို့ နိုင်ငံတော်အခြေခံမူများ သတ်မှတ်ရေးအတွက် ချမှတ်သည့် အခြေခံရမယ့်မူများကို အောက်ပါအတိုင်း ဆက်လက်ဆောင်ရွက်ရပါမည်–

- **သက်ဆိုင်ရာ အခန်းအတွက် အခြေခံရမယ့်မူများ ဆွေးနွေးသည့်အခါ ထိုချမှတ်ထားသည့် အခြေခံရမည့်မူများကို အခြေခံအဖြစ် ထားရှိဆောင်ရွက်ရန်၊**
- **ထိုချမှတ်ထားသည့် အခြေခံရမည့်မူများအနက်–**
  - **နိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေနိဒါန်းတွင် ဖော်ပြသင့်သည့်မူများကို နိဒါန်းမှာလည်း ဖော်ပြရန်၊**
  - **နိုင်ငံတော်နှင့် စပ်လျဉ်းသည့်မူများကို နိုင်ငံတော်အခန်းခေါင်းစဉ်ဖြင့် သီးခြားဖော်ပြရန်၊**
  - **သက်ဆိုင်ရာအခန်းနှင့် စပ်လျဉ်းသည့်မူများကို သက်ဆိုင်ရာအခန်းအတွက် ဆွေးနွေးသည့်အခါ ထိုအခန်းသို့ ပြောင်းရွှေ့ဖော်ပြရန်၊**
  - **နိုင်ငံတော် အခြေခံမူများအခန်းနှင့် စပ်လျဉ်းသည့်မူများကို နိုင်ငံတော် အခြေခံမူများအခန်းမှာပင် ဆက်လက်ဖော်ပြရန်”**

လို့ ဖော်ပြခဲ့ပါတယ်။

အဲဒီလိုဖော်ပြခဲ့တဲ့ အခြေခံမူအရ အခန်းခေါင်းစဉ်များနဲ့ စပ်လျဉ်းပြီး အသေးစိတ် အခြေခံရမယ့်မူများ ချမှတ်တဲ့အခါ သက်ဆိုင်ရာအခန်းနဲ့ စပ်လျဉ်းတဲ့မူများကို အသေးစိတ်အခြေခံရမယ့်မူများအဖြစ် ပြောင်းရွှေ့ဖော်ပြခဲ့ပါတယ်။ အသေးစိတ်အခြေခံရမယ့်မူအဖြစ် သက်ဆိုင်ရာအခန်းသို့ ပြောင်းရွှေ့ဖော်ပြထားတဲ့အခြေခံမူများအနက် အချို့အခြေခံမူများဟာ နိုင်ငံတော်အခြေခံမူများ အခန်းတွင်လည်း ဆက်လက်ဖော်ပြထားသင့်သလို အချို့အခြေခံမူများဟာ နိုင်ငံတော်အခြေခံမူများအခန်းတွင် ဆက်လက်ဖော်ပြရန် မလိုအပ်ဟု သုံးသပ်ရရှိပါတယ်။

အခြေခံရမည့်မူများတွင် ဆက်လက်ဖော်ပြရန် မလိုအပ်တော့လို့ ဆက်လက်ဖော်ပြခြင်း မပြုတော့တဲ့ အခြေခံမူများကို အသေးစိတ်တင်ပြရရင်–

**နိုင်ငံတော်အကြီးအကဲအခန်းသို့ ပြောင်းရွှေ့ဖော်ပြသည့်–**

၁။ နိုင်ငံတော်အကြီးအကဲသည် နိုင်ငံတော်သမ္မတဖြစ်သည်။

၂။ နိုင်ငံတော်သမ္မတကို သမ္မတရွေးချယ်တင်မြှောက်ရေးအဖွဲ့ဖြင့် ရွေးချယ်တင်မြှောက်မည်။

**နိုင်ငံသား၊ နိုင်ငံသားများ၏ မူလအခွင့်အရေးနှင့် တာဝန်များအခန်းသို့ ပြောင်းရွှေ့ဖော်ပြသည့်–**

၃။ တိုင်းရင်းသားမိဘနှစ်ပါးမှ မွေးဖွားသူအားလုံးသည် နိုင်ငံသားဖြစ်သည်။ နိုင်ငံတော်ဖွဲ့စည်းပုံ အခြေခံဥပဒေ အတည်ပြုပြဋ္ဌာန်းသည့်နေ့တွင် ဥပဒေအရ နိုင်ငံသားဖြစ်ပြီးသူများသည် နိုင်ငံသားများဖြစ်သည်။ နိုင်ငံသားဖြစ်ခြင်း၊ နိုင်ငံသားပြုခြင်းနှင့် နိုင်ငံသားအဖြစ်မှ ရုပ်စဲခြင်းတို့သည် ဥပဒေဖြင့် ပြဋ္ဌာန်းသည့်အတိုင်းဖြစ်မည်။

၄။ နိုင်ငံသားတိုင်းသည် ပြည်ထောင်စု မပြိုကွဲရေး၊ တိုင်းရင်းသား စည်းလုံးညီညွတ်မှု မပြိုကွဲရေးနှင့် အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေးတို့ကို စောင့်ထိန်းရန် တာဝန်ရှိသည်။

၅။ နိုင်ငံသားတိုင်းသည် နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေကို လိုက်နာစောင့်ထိန်းရန် တာဝန်ရှိသည်။

၆။ နိုင်ငံသားတိုင်းသည် ဥပဒေပြဋ္ဌာန်းချက်များနှင့်အညီ စစ်ပညာသင်ကြားရန်နှင့် နိုင်ငံတော်ကာကွယ်ရေးအတွက် စစ်မှုထမ်းရန် တာဝန်ရှိမည်။

၇။ ဘာသာ သာသနာရေးဆိုင်ရာ ကိုးကွယ်တည်ဆောက်မှုနှင့် ဆက်စပ်နေစေကာမူ ထိုသို့ ဆက်စပ်နေသော စီးပွားရေး၊ ဘဏ္ဍာရေး၊ နိုင်ငံရေးနှင့် အခြားလောကီရေး ဆောင်ရွက်မှုတို့ကို အထက်ပါ အခွင့်အရေးတွင် မပါဝင်စေရ။

၈။ ထိုသို့လွတ်လပ်သော အခွင့်အရေးများကို ပေးထားသော်လည်း ပြည်သူ့အကျိုးကိစ္စ၊ ပြုပြင်ရေးကိစ္စတို့အတွက် နိုင်ငံတော်၏ ဥပဒေပြုခြင်းကို မတားမြစ်ရ။

၉။ ဗုဒ္ဓဘာသာ သာသနာတော်သည် နိုင်ငံတော်၏ နိုင်ငံသားအများဆုံး ကိုးကွယ်ရာဖြစ်သော ဂုဏ်ထူးဝိသေသနှင့် ပြည့်စုံသည့် ဘာသာ သာသနာဖြစ်သည်ဟု နိုင်ငံတော်က အသိအမှတ်ပြုသည်။

၁၀။ နိုင်ငံတော်သည် အစ္စလမ်ဘာသာ သာသနာ၊ ခရစ်ယာန်ဘာသာ သာသနာ၊ ဟိန္ဒူဘာသာ သာသနာနှင့် နတ်ကိုးကွယ်သော ဘာသာတို့ကို နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေ အာဏာတည်သောနေ့၌ နိုင်ငံတော်တွင် ရှိနေကြသော ကိုးကွယ်ရာဘာသာ သာသနာများဟူ၍ အသိအမှတ်ပြုသည်။

၁၁။ နိုင်ငံတော်က အသိအမှတ်ပြုထားသော ဘာသာ သာသနာများကို နိုင်ငံတော်က တတ်နိုင်သမျှ ကူညီစောင့်ရှောက်မည်။

၁၂။ နိုင်ငံရေးကိစ္စအလို့ငှာ ဘာသာ သာသနာကို အလွဲသုံးစား မပြုရ၊ ထို့ပြင် လူမျိုးရေးကြောင့်သော်လည်းကောင်း၊ ဘာသာရေးကြောင့်သော်လည်းကောင်း တစ်ဖက်နှင့်တစ်ဖက်၊ တစ်ဂိုဏ်းနှင့်တစ်ဂိုဏ်း မုန်းတီးခြင်း၊ ရန်မူခြင်း၊ စိတ်ဝမ်းကွဲခြင်းတို့ ပေါ်ပေါက်လာစေရန် ရည်ရွယ်သော သို့မဟုတ် ပေါ်ပေါက်လာရန် အကြောင်းရှိသော အပြုအမူသည် နိုင်ငံတော်ဖွဲ့စည်းပုံ အခြေခံဥပဒေနှင့် ဆန့်ကျင်သည်၊ ထိုအပြုအမူမျိုးအတွက် အပြစ်ဒဏ် ပေးနိုင်ရန် ဥပဒေပြဋ္ဌာန်းနိုင်သည်။

၁၃။ နိုင်ငံတော်သည် အမျိုးသားစီးပွားရေး တိုးတက်ဖွံ့ဖြိုးမှုအတွက် နည်းပညာ၊ အရင်းအနှီး၊ စက်ပစ္စည်း၊ ကုန်ကြမ်းအစရှိသည်တို့ ရရှိစေရန်ကူညီမည်။

**အထွေထွေပြဋ္ဌာန်းချက်များအခန်းသို့ ပြောင်းရွှေ့ဖော်ပြသည့်–**

၁၄။ မြန်မာစာသည် ရုံးသုံးစာဖြစ်သည်။

၁၅။ နိုင်ငံတော် အခြေခံမူများသည် ဥပဒေပြုလွှတ်တော်များက ဥပဒေပြဋ္ဌာန်းရာတွင် လည်းကောင်း၊ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေနှင့် အခြားဥပဒေများပါ ပြဋ္ဌာန်းချက်များကို အနက်အဓိပ္ပာယ်ဖွင့်ဆိုရာတွင်လည်းကောင်း လိုက်နာရမည့် လမ်းညွှန်များဖြစ်သည်”

ဆိုတဲ့ အသေးစိတ်အခြေခံရမယ့်မူများပဲ ဖြစ်ပါတယ်။

ဒါကြောင့် အထက်မှာ တင်ပြထားတဲ့ အသေးစိတ်အခြေခံရမယ့်မူများကို သက်ဆိုင်ရာ အခန်းများသို့ ပြောင်းရွှေ့ဖော်ပြပြီးဖြစ်သည့်အတွက် နိုင်ငံတော်အခြေခံမူများအခန်းတွင် ဆက်လက်ဖော်ပြရန် မလိုတော့ကြောင်း သုံးသပ်ရရှိသဖြင့် ဆက်လက်ဖော်ပြခြင်း မပြုတော့ခြင်းကို ထောက်ခံပါကြောင်း တင်ပြအပ်ပါတယ်။

၁၅။ ၂၀၀၅ခုနှစ် မတ်လ ၃ရက်နေ့တွင် ကျင်းပခဲ့တဲ့ အမျိုးသားညီလာခံစုံညီအစည်းအဝေးမှာ ဥပဒေပြုရေးဆိုင်ရာ အာဏာခွဲဝေမှုအပိုင်းအတွက် အသေးစိတ်အခြေခံရမယ့်မူများ ချမှတ်စဉ်က အပိုဒ် ၁၅ အပိုဒ်ခွဲ(၅)တွင် “တည်ဆဲဥပဒေများသည် ပြည်ထောင်စုလွှတ်တော်က ပယ်ဖျက်ခြင်း၊ ပြင်ဆင်ခြင်း မပြုသေးမီ ဖွဲ့စည်းပုံအခြေခံဥပဒေနှင့် မဆန့်ကျင်သမျှ အတည်ဖြစ်သည်”လို့ ဖော်ပြခဲ့ပါတယ်။

၂၀၀၇ခုနှစ် ဩဂုတ်လ ၂ရက်နေ့တွင် ကျင်းပခဲ့တဲ့ အမျိုးသားညီလာခံစုံညီအစည်းအဝေးမှာ ကူးပြောင်းရေးကာလပြဋ္ဌာန်းချက်များ အခန်းအတွက် အသေးစိတ် အခြေခံရမယ့်မူများ ချမှတ်စဉ်က အပိုဒ်(၅)တွင် “တည်ဆဲဥပဒေများသည် ပြည်ထောင်စုလွှတ်တော်က ပယ်ဖျက်ခြင်း၊ ပြင်ဆင်ခြင်းမပြုသေးမီ ဤဖွဲ့စည်းပုံ အခြေခံဥပဒေနှင့် မဆန့်ကျင်သမျှ အတည်ဖြစ်သည်”လို့ ဖော်ပြခဲ့ပါတယ်။

ဖော်ပြပါ အသေးစိတ်အခြေခံရမည့်မူများဟာ စကားရပ်အတူတူ ဖြစ်သလို အနှစ်သာရလည်း အတူတူဖြစ်တာ တွေ့ရှိရပါတယ်။ ကူးပြောင်းရေး ကာလပြဋ္ဌာန်းချက်များအခန်းမှာ ဖော်ပြခြင်းက ပိုမိုဆီလျော်မည်ဟု သုံးသပ်ရရှိပါတယ်။ ၁၉၄၇ခုနှစ် ဖွဲ့စည်းအုပ်ချုပ်ပုံ အခြေခံဥပဒေတွင် ယင်းအသေးစိတ် အခြေခံရမယ့်မူနဲ့ သဘောအဓိပ္ပာယ်ချင်းတူညီသည့် ပြဋ္ဌာန်းချက်ဖြစ်တဲ့ ပုဒ်မ ၂၂၆ ပုဒ်မခွဲ(၁)ကို ကူးပြောင်းရေးကာလ ပြဋ္ဌာန်းချက်များ အခန်းမှာ ဖော်ပြထားတာ တွေ့ရှိရပါတယ်။

**စာမျက်နှာ ၁၄ ကော်လံ ၁ သို့**

17-8 (13) 1 8/17/07, 1:27 AM

## မြတ်ဗုဒ္ဓ၏ တရားစုများ စာအုပ်ဝယ်ယူနိုင်

သာသနာရေးဝန်ကြီးဌာနမှ နေ့စဉ်ထုတ်သတင်းစာများတွင် ရေးသား ဖော်ပြထားပြီးဖြစ်သည့် **"လောကသားများအား လိမ္မာယဉ်ကျေးစေရန် ရည်ရွယ်ဟောပြောထားသော မြတ်ဗုဒ္ဓ၏ တရားစုများ"** ပထမစာအုပ်ကို ရန်ကုန်မြို့ ကမ္ဘာအေး ဝိသုဒ္ဓါရုံနိဗ္ဗာန်ကုန် အရောင်းဆိုင်နှင့် ပဒေသရာဇာ စာအုပ်ဆိုင်တို့တွင် ဝယ်ယူအားပေးနိုင်ပါသည်။

## (၁)နှစ်ပြည့် မွေးနေ့ဆုမွန်လွှာ

၁၇-၈-၂၀၀၇ ရက်တွင် ကျရောက်သော သားသား ခန့်စစ်သွေး (၁)နှစ်ပြည့် မွေးနေ့ရက်မြတ်မှသည် နှစ်ပေါင်း များစွာတိုင်အောင် ချစ်သော ဖေဖေ၊ မေမေ၊ မမတို့နှင့်အတူ ပျော်ရွှင်ချမ်းမြေ့သောဘဝခရီးကို လျှောက်လှမ်းပြီး ထူးချွန် ထက်မြက်သော သားကောင်းရတနာလေးဖြစ်ပါစေ။

ဖေဖေ - ဗိုလ်မှူးရဲကျော်မိုး
မေမေ - ဒေါ်မြလှဲ့လှဲ့ခိုင်
မမ - မခိုင်ဆုသွယ်(Bright Pre School)

## အမည်ပြောင်း

အဖ ဦးသိန်းမြင့်၏သား အထက(ခွဲ) ကျည်ထောင်ရွာ ပျဉ်းမနား ပဋ္ဌမတန်း(A)မှ မောင်မျိုးမင်းသိန်းအား မောင်မျိုး ခန့်သိန်းဟု ပြောင်းလဲခေါ်ပါရန်။ **မောင်မျိုးခန့်သိန်း။**

## ဝယ်ယူလိုပါသလား/ရောင်းလိုပါသလား

လူကြီးမင်းတို့ထံမှ မော်ဒယ်အနိမ့် တီဗွီအဟောင်းများကို မော်ဒယ်အမြင့် တီဗွီအသစ်များဖြင့် လဲလှယ်လိုပါသလား

**ရွှေပြေး** တီဗွီရေခဲသေတ္တာ ရောင်းဝယ်ရေး

အမှတ်(၂၃၄)၊ မဟာဗန္ဓုလပန်းခြံလမ်း (အထက်ဘလောက်)၊ ရန်ကုန်မြို့။
Ph : 378113, 372404, 721632 သို့အရောက်ကြွလှမ်းခဲ့ပါ။
Auto Voltage TV အဟောင်းများကိုလည်း(၃)နှစ်အာမခံဖြင့်လဲလှယ်ရောင်းချပေးနေပါပြီ

## စနေနေ့တိုင်း လိုအပ်နေတဲ့ကွက်လပ်လေးကို ဖြည့်ဆည်းပေးမယ်....

SKY SPORTS

ဂျာနယ်ဖြန့်ချိရေး - Sky Sports ဂျာနယ်။ အမှတ်(၂၈၇)၊ ပထမထပ်၊ (၇)လမ်းထိပ်၊ အနော်ရထာလမ်း၊ လမ်းမတော်မြို့နယ်။ ဖုန်း - ၀၁ - ၂၂၉၃၇၁

ငွေမှုန်စာအုပ်

## မြတ်ငြိမ်း ကိုယ့်ဘဝကိုယ် စိတ်ကြိုက်ပုံဖော်ရေး

Before You Quit Your Job by *Robert T. Kiyosaki*

## Computer အသုံးပြုနေသူတိုင်းအတွက် ဦးစိုင်းသန်းမင်းလွင် အပျော့ထည်များ၏ လျို့ဝှက်ချက်

ဖြန့်ချိရေး -မျိုးဆက်သစ်စာပေ ဖုန်း ၃၇၇၃၆၉
(ရန်ကုန် - ၂၅ မြို့နယ်အတွက် ရောင်းဈေးအတိုင်း အိမ်အရောက်ပို့စနစ်) ဆက်သွယ်ရန် - Market Care (Distribution Services)
ဖုန်း ၂၂၃၉၇၃၊ ၀၉-၅၁၈၉၂၈၅၊ ၀၉-၅၀၀၈၀၄၇

## ဂုဏ်ရည် တိုင်းရင်းဆေးဝါးထုတ်လုပ်ရေး မှ

ဗဟန်း(၃)လမ်း၊ အမှတ်(၁၁)တွင် အောက်ပါဆေးများကိုရရှိနိုင်ပါသည်။

အတွင်းအပြင်လိပ်ခေါင်းဆေး၊ သွေးချို၊ ဆီးချိုကျဆေး၊ အဆစ်ရောင်ကိုက် လေးဖက်နာဆေး၊ အဆီပိတ်ခြင်း၊ အဝလွန်ခြင်းများ အတွက် အဆီချေဖျက်ပြာဆေး၊ သွေးတိုးကျဆေး၊ ချောင်းဆိုးရောဂါ ပျောက်ဆေး၊ အဖုအကျိတ်များအတွက် အဖုအကျိတ် ရောဂါ သောက်ဆေး၊ အစာအိမ်လေနာပျောက်ဆေးများကို ရရှိနိုင်ပါသည်။

ယာယီတိုင်းရင်းဆေးဝါးမှတ်ပုံတင်အမှတ်
၀၂၁၀ YR ၆၉၁၉၊ ၀၇၀၉ YR ၃၇၅၇၊ ၀၇၀၉ YR ၃၇၅၆၊ ၁၂၀၉ YR ၅၀၅၀
၁၂၀၉ YR ၀၇၇၈၊ ၁၂၀၉ YR ၅၀၁၁၊ ၁၂၀၉ YR ၅၁၁၊ ၁၂၀၉ YR ၅၀၆၀
ထုတ်လုပ်ခွင့်လိုင်စင်အမှတ် - ၁၁/၂၀၀၅၊ တဆထလ/တိုး(၀၂၉၉)

အချိန် ➢ နံနက် ၁၀:၀၀ နာရီ မှ ညနေ ၃:၀၀ နာရီ
နေ့ရက် ➢ တနင်္လာ၊ အင်္ဂါ၊ သောကြာ၊ စနေ
ပင်ရင်း ➢ ၈၅/၂ ၊ သာယာကုန်းလမ်း၊ နံ့သာကုန်းရပ်ကွက်၊ အင်းစိန်။
တနင်္ဂနွေနေ့ပိတ်သည်။ ☎ ၀၁-၆၄၁၅၀၁
(အမြို့မြို့ရှိ တိုင်းရင်းဆေးဆိုင်များတွင် ရရှိနိုင်ပါသည်။)


## နေပြည်တော်ဝန်ကြီးဌာနပေါင်းစုံဘောလုံးပြိုင်ပွဲ အားကစားဝန်ကြီးဌာနအသင်းအနိုင်ရရှိ

**နေပြည်တော် ဩဂုတ် ၁၆**

အားကစားဝန်ကြီးဌာနနှင့် မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်တို့ ပူးပေါင်းစီစဉ်ကျင်းပသည့် ၂၀၀၇ ခုနှစ် ပထမအကြိမ် နေပြည်တော်ဝန်ကြီးဌာနပေါင်းစုံ ဘောလုံးပြိုင်ပွဲ တတိယအဆင့် ရှုံးထွက်ပွဲစဉ် (၃)ပြိုင်ပွဲကို ယနေ့ညနေ ၃ နာရီခွဲတွင် နေပြည်တော်ပျဉ်းမနား ပေါင်းလောင်းအားကစားကွင်း၌ ဆက်လက်ကျင်းပသည်။

အဆိုပါဘောလုံးပြိုင်ပွဲသို့ မွေးမြူရေးနှင့်ရေလုပ်ငန်းဝန်ကြီးဌာနဝန်ကြီး ဗိုလ်မှူးချုပ်မောင်မောင်သိမ်း၊ အားကစားဝန်ကြီးဌာနဝန်ကြီး ဗိုလ်မှူးချုပ်သူရအေးမြင့်နှင့်ဇနီး၊ ဝန်ထမ်းမိသားစုများနှင့် အားကစားဝါသနာရှင်များ ကြည့်ရှုအားပေးကြသည်။

**ပေါင်းလောင်းအားကစားကွင်း**

**ယနေ့ညနေ ၃ နာရီခွဲ အုပ်စု (ဂဂ) နှင့် အုပ်စု (ကက)**

**အားကစားဝန်ကြီးဌာန ၇ - ၃ မွေးမြူရေးနှင့် ရေလုပ်ငန်းဝန်ကြီးဌာန**

ဩဂုတ် ၁၇ရက် **(ယနေ့)** ညနေ ၃ နာရီခွဲတွင် နေပြည်တော်ပျဉ်းမနား ပေါင်းလောင်း အားကစားကွင်း၌ တတိယအဆင့် ရှုံးထွက်နောက်ဆုံးပွဲစဉ်အဖြစ် (ဃဃ)အုပ်စုမှ အုပ်စုပထမ ကာကွယ်ရေးဝန်ကြီးဌာနအသင်းနှင့် (ခခ)အုပ်စုမှ အုပ်စုဒုတိယ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာနအသင်းတို့ ယှဉ်ပြိုင်ကစားကြမည်ဖြစ်သည်။ **(သတင်းစဉ်)**


## အမည်ပြောင်း

အဖဦးသိန်းဦး၏သား မောင်ငြိမ်းချမ်းဦး မှတ်ပုံတင်အမှတ် ၈/တတက (နိုင်) ၁၅၉၁၈၀ အား ယနေ့မှစ၍ မောင်ငြိမ်းချမ်းဟိန်းဟု ခေါ်ပါရန်။ **မောင်ငြိမ်းချမ်းဟိန်း။**

## အဲယားကွန်း

အဟောင်းအပျက်များ ဈေးကောင်းပေးဝယ်သည်။
ဖုန်း-၀၉-၈၀-၂၂၇၈၀။

## ကျေးဇူးဆပ်ပါမည်

ကျွန်တော် ဦးအိုက်ကွေ ကိုင်ဆောင်သော နိုင်ငံသားစိစစ်ရေးကတ်ပြား အမှတ် ၁၃/ပယန (နိုင်) ၀၀၀၂၃၉ နှင့်အတူ ယာဉ်အမှတ် ၃က/၃၄၂၉ (ကမ-၃)စာအုပ်နှင့်အတူ သက်ဆိုင်သော စာရွက်စာတမ်းများ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြား ပေးပါရန်။ **အလုံမြို့နယ်၊ ဗဟိုလမ်း၊ ခုပ်ဖူစားသောက်ဆိုင်။ ဖုန်း-၀၉-၅၁၅၆၈၆၊ ၀၉-၈၉၂၁၀၆၃၊ ၅၃၈၉၄၃။**

နိုင်ငံတကာ စံချိန်စံညွှန်းအဖွဲ့၏ ISO 9001:2000 အရည်အသွေးစီမံခန့်ခွဲမှုလက်မှတ်ရ

## လွင်မြင့်အောင် မြင်းခွာရွက်ဆေးရည်

စိတ်ဖိစီးမှုလျော့ပါးစေရန်၊ ဆီးရောဂါများကုသရန်၊ ခွန်အားသစ်ကိုဖြစ်ထွန်းစေရန်၊ မှတ်ဉာဏ်ကောင်းမွန်စေရန်၊ အရွယ်တင်နပျိုစေရန် သောက်သုံးနိုင်ပါသည်။

Lwin Myint Aung Industrial Co.,Ltd အမှတ်(၁၃၀/ ၇)၊ ဓါးထပ်ကြီးဘုရားလမ်း၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း ၅၄၈၈၇၄၊

Certificate TH06/0850.1QM


**စာမျက်နှာ ၁၃ မှ**

ဒါကြောင့် ဥပဒေပြုရေးဆိုင်ရာ အာဏာခွဲဝေမှုအပိုင်းရှိ အသေးစိတ် အခြေခံရမယ့်မူ အပိုဒ် ၁၅၊ အပိုဒ်ခွဲ(၅)ကို ဆက်လက်ဖော်ပြရန် မလိုအပ်တော့တဲ့ အတွက် ပယ်ဖျက်သင့်ပါကြောင်း အကြံပြုတင်ပြအပ်ပါတယ်။

**သဘာပတိကြီးခင်ဗျား–**

အမျိုးသားညီလာခံက သဘောတူချမှတ်မယ်ဆိုပါက နောင်ဖွဲ့စည်းပုံ အခြေခံဥပဒေရေးဆွဲရာမှာ အခြေခံရမယ့် အခန်း ၁၅ခန်းပါ အခြေခံမူများနဲ့ အသေးစိတ်အခြေခံရမည့်မူများကို အမျိုးသားညီလာခံက အောင်မြင်စွာ ချမှတ် နိုင်ခြင်း ဖြစ်ပါမယ်။ အဲဒီလို အမျိုးသားညီလာခံကြီးကို အောင်မြင်စွာ ကျင်းပ ပြီးတဲ့နောက် နိုင်ငံတော်၏ ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ်(၇)ရပ်အနက် ဒုတိယအဆင့်ဖြစ်တဲ့ "အမျိုးသားညီလာခံကြီး အောင်မြင်စွာ ကျင်းပပြီးစီး သည့်အခါ စစ်မှန်ပြီး စည်းကမ်းပြည့်ဝသော ဒီမိုကရေစီစနစ်ဖြစ်ထွန်းရေးအတွက် လိုအပ်သောဆောင်ရွက်ဖွယ်ရာ လုပ်ငန်းစဉ်များကို တစ်ဆင့်ပြီးတစ်ဆင့် ဆက်လက် ဆောင်ရွက်ခြင်း" နဲ့ တတိယအဆင့်ဖြစ်တဲ့ "အမျိုးသားညီလာခံကြီးက ချမှတ် ပေးသော အခြေခံရမည့်မူများနှင့် အသေးစိတ်အခြေခံရမည့်မူများနှင့်အညီ ဖွဲ့စည်းပုံ အခြေခံဥပဒေမူကြမ်းရေးဆွဲခြင်း"ကို ဆောင်ရွက်ရမှာ ဖြစ်ပါတယ်။

အဲဒီလို အမျိုးသားညီလာခံက ချမှတ်ပေးသော အခြေခံရမယ့်မူများနဲ့ အသေးစိတ် အခြေခံရမယ့်မူများနဲ့အညီ ဖွဲ့စည်းပုံအခြေခံဥပဒေ မူကြမ်းကို ရေးဆွဲတဲ့အခါမှာ စကားအသုံးအနှုန်း၊ သတ်ပုံသတ်ညွှန်း၊ နေရာအထားအသို တို့ကို အခြေခံရမည့်မူနှင့် အသေးစိတ်အခြေခံရမည့်မူများပါ ရည်ရွယ်ချက်နှင့် အနှစ်သာရကို မထိခိုက်စေဘဲ ပြင်ဆင်သင့်သည်များ ပြင်ဆင်၍ ဖွဲ့စည်းပုံအခြေခံ ဥပဒေမူကြမ်းကို ရေးဆွဲဆောင်ရွက်ဖို့ လိုအပ်မှာ ဖြစ်ပါတယ်။

ဒါကြောင့် ဖွဲ့စည်းပုံအခြေခံဥပဒေမူကြမ်းရေးဆွဲရာမှာ အမျိုးသားညီလာခံ မှတ်တမ်းများအရ ချမှတ်ထားတဲ့ အခြေခံရမယ့်မူများနဲ့ အသေးစိတ်အခြေခံ ရမယ့်မူများပါ ရည်ရွယ်ချက်နှင့် အနှစ်သာရကို ထိခိုက်ခြင်းမရှိစေသည့် စကား အသုံးအနှုန်း၊ သတ်ပုံသတ်ညွှန်း၊ နေရာအထားအသိုစသည်တို့ကို လိုအပ်သလို ပြင်ဆင်ရေးဆွဲ ဆောင်ရွက်နိုင်ရေးအတွက် အမျိုးသားညီလာခံက သဘောတူ ခွင့်ပြုကြောင်း ဆုံးဖြတ်ချက် ချမှတ်ပေးသင့်ပါကြောင်း အကြံပြုတင်ပြအပ် ပါတယ်။

**လေးစားအပ်တဲ့ သဘာပတိကြီးခင်ဗျား–**

**အခြေခံဥပဒေဟာ တိုင်းပြည်တစ်ပြည်အတွက် အလွန်အရေးကြီးပါတယ်။ တိုင်းပြည်ရဲ့ အနာဂတ်နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးလုပ်ငန်းရပ်များမှာ အမြဲရှင်သန် တိုးတက်နေအောင် ဆောင်ကြဉ်းပေးနိုင်စွမ်းလည်း ရှိပါတယ်။**

လူရဲ့ခန္ဓာကိုယ်မှာ ကျောရိုးဟာအရေးကြီးသလို၊ တိုင်းပြည်တစ်ပြည်၊ နိုင်ငံတစ်နိုင်ငံမှာလည်း အခြေခံဥပဒေက အရေးကြီးပါတယ်။ ခိုင်မာတဲ့ကျောရိုး ရှိမှ လူရဲ့ခန္ဓာကိုယ်ဟာ တောင့်တင်းသလို၊ အခြေခံဥပဒေကောင်းရှိမှ တိုင်းပြည် တစ်ပြည်ဟာလည်း ခိုင်မာတောင့်တင်းမှာ ဖြစ်ပါတယ်။

အခြေခံဥပဒေဟာ တိုင်းပြည်တစ်ပြည်၏ အစဉ်ရှင်သန်တိုးတက်မှုကို အထောက်အကူပြုသလို၊ နိုင်ငံသူ နိုင်ငံသားများအတွက်လည်း ဘဝအာမခံချက် ပေးနိုင်ပါတယ်။ ပြည်သူလူထုဟာလည်း အခြေခံဥပဒေကို အားကိုးအားထား ပြုနိုင်ကြပါတယ်။

ကမ္ဘာပေါ်မှာရှိကြတဲ့ နိုင်ငံအားလုံးလိုလိုမှာ အခြေခံဥပဒေကိုယ်စီ ရှိကြပါတယ်။ နိုင်ငံရဲ့ အနိမ့်အမြင့်၊ တိုးတက်မှု၊ ဆုတ်ယုတ်မှုတို့မှာ နိုင်ငံ၏ ပင်မကျောရိုးဖြစ်သော အခြေခံဥပဒေကိုကြည့်ရှုပါက သိသာနိုင်ပါတယ်။ အခြေခံ ဥပဒေဟာ ပြည်သူ့ဆန္ဒကို အမြဲဖြည့်ဆည်းပေးနိုင်ရပါမယ်။

တိုင်းပြည်တစ်ပြည်အတွက် အခြေခံဥပဒေဟာ လိုအပ်ချက်တစ်ရပ် ဖြစ်ပါတယ်။ ကျွန်တော်တို့နိုင်ငံဟာ အခြေခံဥပဒေနှစ်ကြိမ် ရှိခဲ့ဖူးပါတယ်။ ခိုင်မာတောင့်တင်းမှုမရှိခြင်း၊ တိုင်းသူပြည်သားများရဲ့ဘဝနှင့် သဟဇာတဖြစ်မှု မရှိခြင်း၊ ပြည်သူတို့ရဲ့ဘဝ ရှင်သန်တိုးတက်မှုအတွက် အာမခံချက်မပေးနိုင် တော့ခြင်းတို့ကြောင့် ပထမဖွဲ့စည်းအုပ်ချုပ်ပုံ အခြေခံဥပဒေဟာ ၁၉၄၇ခုနှစ်မှ ၁၉၆၂ခုနှစ်အထိသာ ခံနိုင်စွမ်းရှိခဲ့ပါတယ်။ ဒုတိယ ဖွဲ့စည်းပုံအခြေခံဥပဒေ ဟာလည်း ၁၉၇၄ခုနှစ်မှ ၁၉၈၈ခုနှစ်အထိသာ ခံနိုင်စွမ်းရှိခဲ့ပါတယ်။ တပ်မတော်က ကမကထပြုပြီး ထိန်းသိမ်းစောင့်ရှောက်ခဲ့လို့ တိုင်းပြည်မပြိုကွဲဘဲ ကမ္ဘာ့အလယ်မှာ အချုပ်အခြာအာဏာပိုင်အနေဖြင့် ရပ်တည်နိုင်ခဲ့ပါတယ်။

ဒီကနေ့ ကျွန်တော်တို့နိုင်ငံဟာ တောင့်တင်းခိုင်မာတဲ့ အခြေခံဥပဒေ လိုနေပါသလားလို့မေးရင် လိုအပ်နေပါတယ်လို့ ဖြေရပါမယ်။

နိုင်ငံတော်ရဲ့ အရေးတကြီးလိုအပ်ချက်နဲ့အညီ တပ်မတော်အစိုးရက နိုင်ငံတော်၏ ရေရှည်အကျိုးကို မျှော်မှန်းပြီး စေတနာ၊ သဒ္ဓါတရားအပြည့်အဝ ထားရှိကာ အခက်အခဲ၊ အနှောင့်အယှက်အမျိုးမျိုးကြားထဲမှ အချိန်ယူကာ တိုင်းရင်းသား ပြည်သူ့အလွှာအသီးသီးမှ ကိုယ်စားလှယ်တော်များနှင့် ဆွေးနွေး တိုင်ပင်လျက် တောင့်တင်းခိုင်မာတဲ့ အခြေခံဥပဒေကောင်းတစ်ရပ် ပေါ်ထွက် လာရေးအတွက် အမျိုးသားညီလာခံကြီး ခေါ်ယူကျင်းပခဲ့တာဖြစ်ပါတယ်။

အလွှာအသီးသီးမှ ကိုယ်စားလှယ်အားလုံးကလည်း ဇွဲ၊ လုံ့လ၊ ဝီရိယရှိရှိနဲ့ နေ့မအား၊ ညမနား အိုးပစ်အိမ်ပစ်ပြီး မိမိတို့ရဲ့ ဘဝအတွေ့အကြုံ၊ ဖြတ်သန်း လာခဲ့ရတဲ့ သမိုင်းအတွေ့အကြုံများ၊ လေ့လာဆည်းပူးခဲ့သည့် နိုင်ငံတကာ အတွေ့အကြုံများနဲ့ အကြံကောင်းဉာဏ်ကောင်းများ ပေးခဲ့ကြပါတယ်။

ဒီကနေ့ အချိန်အခါမှာဆိုရင် အမျိုးသားညီလာခံကြီးရဲ့ လုပ်ငန်းစဉ်များ ဖြစ်တဲ့ အခန်းခေါင်းစဉ်အလိုက် အခြေခံမူများ၊ အသေးစိတ်အခြေခံရမည့်မူများ ထပ်မံပြင်ဆင်၊ ဖြည့်စွက်၊ပယ်ဖျက်ရန် အချက်များလည်းရရှိခဲ့ပြီမို့ အပြီးသတ်လို့ အချောသပ်ကာ ဖွဲ့စည်းပုံအခြေခံဥပဒေရေးဆွဲရေးအတွက် ချမှတ်ရမည့်အခြေခံ မူများ အောင်မြင်ပြီးမြောက်ခဲ့ပြီလို့ ပြောနိုင်ပြီဖြစ်ပါတယ်။

အမျိုးသားညီလာခံကြီးကျင်းပခဲ့တဲ့ကာလတစ်လျှောက် ဆောင်ရွက်ခဲ့တဲ့ လုပ်ငန်းများကို ပြန်လည်သုံးသပ်ကြည့်ပါကလည်း ဒီအမျိုးသားညီလာခံကြီးမှာ လူတန်းစားအလွှာပေါင်းစုံ၊ တိုင်းရင်းသားလူမျိုးပေါင်းစုံ၊ မြို့နယ်ပေါင်းစုံမှ ကိုယ်စားလှယ်ပေါင်းစုံများဟာ စုစုစည်းစည်း၊ တိုင်တိုင်ပင်ပင်၊ ညှိညှိနှိုင်းနှိုင်းနဲ့ ဆွေးနွေးအကြံပြုခဲ့ကြတာ တွေ့ရမှာဖြစ်ပါတယ်။

ဖွဲ့စည်းပုံအခြေခံဥပဒေရေးဆွဲရာမှာ ပါဝင်ရမယ့် အခြေခံမူများ၊ အသေးစိတ် အခြေခံရမည့်မူများဟာ ၁၉၄၇ခုနှစ် ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေ၊ ၁၉၇၄ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေများနဲ့ နိုင်ငံတကာမှာရှိကြတဲ့ ကျင့်သုံးနေဆဲဖြစ်တဲ့ အခြေခံဥပဒေများရဲ့ ပျော့ကွက်၊ ဟာကွက်များကို သင်ခန်းစာယူပြီး မိမိတို့ နိုင်ငံနဲ့ ကိုက်ညီမယ့် အခြေခံမူများ၊ အသေးစိတ်အခြေခံရမည့်မူများကို ရေးဆွဲ ခဲ့တာဖြစ်ခြင်းစတဲ့ ကောင်းခြင်းများနဲ့ ပြည့်စုံနေတာ တွေ့ရပါတယ်။

ဒါကြောင့် မဝေးတော့တဲ့ ကာလအတွင်းမှာ ဒီကနေ့အောင်မြင်ပြီးမြောက် တော့မယ့် အမျိုးသားညီလာခံကြီးရဲ့ အသီးအပွင့်များကို ပြည်သူအများ ခံစား ကြရတော့မှာဖြစ်ကြောင်း မင်္ဂလာနိမိတ်စကားပြောကြားရင်း ကျွန်တော်တို့ အခြားဖိတ်ကြားသင့်သည့် ပုဂ္ဂိုလ်များအစုအဖွဲ့ရဲ့ အကြံပြုချက် စာတမ်းကို နိဂုံးချုပ်အပ်ပါတယ်ခင်ဗျား။ ။

# ဒေသခံပြည်သူတို့အတွက် လမ်းပန်းဆက်သွယ်မှုနှင့် ကုန်စည်ပို့ဆောင်မှုတို့ကို

# အဆင်ပြေစွာ ဆောင်ကြဉ်းပေးလျက်ရှိသော ဖားတစ်ရှဉ်းတံတား

**မောင်ပေဒါ** ( မော်တင် )

စာရေးသူသည် ရောဝတီတိုင်းသို့ ခရီးထွက်ဖြစ်ခဲ့သည်။ ဖားတစ်ရှဉ်းတံတားကို ဦးတည်၍သွားခဲ့ခြင်း ဖြစ်သည်။ ဗိုလ်မြတ်ထွန်းတံတားကြီးကို ဖြတ်ကျော်စဉ် ငဝန်(ရောဝတီမြစ်)ထဲမှာ ငါးကြင်းတွေ ဆန်၍ ငါးတန်တွေမြူးနေသည်ကို ကြည်နူးဖွယ်တွေ့မြင်ရသည်။ ငါးတန်ဟူသည်မှာ မြန်မာ့ရေထွက်ကုန်တစ်ခု ဖြစ်သည်။ ကမ္ဘာမှာ ကျော်ကြားသော ဟင်းလျာကောင်းအဖြစ် လူပြောများလှသည်။

ရောဝတီ ပြည်တော်ပြန် ဇလွန်မြို့ သမိုင်းဝင်မာရ်အောင်မြင်မြတ်စွာဘုရားကြီးကို ဝင်ရောက်ဖူးမြော်ဖြစ်ခဲ့သည်။ မြတ်စွာဘုရားသခင် ကိုယ်တော်မြတ်ကြီး သက်တော်ထင်ရှားရှိစဉ် စန္ဒသူရိယ ဘုရင်မင်းမြတ်လက်ထက် မြတ်စွာဘုရားသခင် ရင်ငွေ့လှုံ၍ သွန်းလုပ်တည်ထားကိုးကွယ်ခဲ့သော မန္တလေး မဟာမုနိ၏ လက်ယာတော်ရံ ဖြစ်သည်။ ဆုတောင်းလည်းပြည့်သည်။ ဇလွန်မြို့ကို မွန်မိဖုရားဥမ္မာဒန္တီတည်ထားခဲ့သည်။ ရောဝတီမြစ်ကြီးက ဇလွန်မြို့ကို ဖြတ်ကျော်စီးဆင်းနေသည်။ ရေတိုက်စားကမ်းပြိုမှုဒဏ်ကို ကြံ့ကြံ့ခံရင်း ရေကာတာများတည်ဆောက်၍ ရောဝတီအနောက်ခြမ်းက စပါးအထူးအထွက်တိုးရေး၊ နိုင်ငံတော်မှ ထွက်ရှိသော စပါးအားလုံး၏ သုံးပုံတစ်ပုံကျော် စိုက်ပျိုးထွက်ရှိနိုင်ရေး ရောဝတီသားတို့ ကြိုးစားနေသည်။ ရောဝတီသည် အရှေ့ခြမ်းတွင်သာမက အနောက်ခြမ်းပါ ဖွံ့ဖြိုးတိုးတက်နေသည်။

စာရေးသူတို့ ကားလေးသည် ဇလွန်မှ ၁၈မိုင်အကွာ ဟင်္သာတမြို့ကို မောင်းနှင်ခဲ့သည်။ ဒူးရားအင်းကြီး အရောက်တွင် ငါးမြစ်ချင်းများ ကင်စားဖြစ်ခဲ့သည်။ ပုစွန်တုပ်ကြီးမီးဖုတ်၍ သံပရာရည် ဆမ်းစားရသည်မှာလည်း ခံတွင်းတွေ့လှသည်။ ဟင်္သာတမြို့သည် ရောဝတီမြစ် အနောက်ဘက်ကမ်းတွင် တည်ရှိသော ဆိပ်ကမ်းမြို့တစ်မြို့ ဖြစ်သည်။ ပုသိမ်–ဟင်္သာတ၊ ဟင်္သာတ–ကြံခင်း မီးရထားလမ်းဟောင်းကို ဖောက်လုပ်ပြီးစီးခဲ့သည်။

စာရေးသူတို့ ကားလေးသည် ကြံခင်းမြို့သို့ ဆက်လက်ထွက်ခွာခဲ့သည်။ ကြံခင်းမြို့ရှိ ဘိလပ်မြေထုတ်လုပ်ရေး စက်ရုံကြီးနှင့် ဆိပ်သာမက်သနော စက်ရုံကြီးတို့သို့ ရောက်ရှိခဲ့သည်။ ကြံခင်းမြို့သည် ရောဝတီ အနောက်ဘက်ကမ်းရှိ မြို့နယ်ရုံးစိုက်ရာ မြို့ဖြစ်သည်။

ရထားပို့ဆောင်ရေးဝန်ကြီးဌာန မြန်မာ့မီးရထားက တာဝန်ယူတည်ဆောက် ပြီးစီးသွားသည့် ပုသိမ်–ဟင်္သာတ–ကြံခင်း ရထားလမ်းပိုင်း၊ မြန်အောင်ဘူတာနှင့် ကြံခင်းဘူတာအကြား မိုင်တိုင်အမှတ် ၁၇၄/၁၄–၁၅ မိုင်တွင် တည်ရှိသည့် ဖားတစ်ရှဉ်းတံတားဖွင့်ပွဲ အခမ်းအနားကို ယခုနှစ် မတ်လ ၂၅ရက်နေ့က ကျင်းပခဲ့ရာ အဆိုပါအခမ်းအနားသို့ စာရေးသူတို့ တက်ရောက်ခွင့် ရရှိခဲ့သည်။

နိုင်ငံတော် ဖွံ့ဖြိုးတိုးတက်ရေးတွင် လမ်းပန်းဆက်သွယ်ရေးသည် အခြေခံကျသဖြင့် လမ်းများဖောက်၊ တံတားများ တည်ဆောက်နေခြင်း ဖြစ်သည်။ နိုင်ငံတော်အစိုးရသည် ပြည်ထောင်စုကြီး၏ နယ်မြေဒေသအားလုံး ဖွံ့ဖြိုးတိုးတက်လာစေချင်သည်။ ထို့ကြောင့်လည်း နိုင်ငံတော် ဖွံ့ဖြိုးတိုးတက်ရေးနှင့် ဒေသဖွံ့ဖြိုးတိုးတက်ရေးတို့အတွက် အခြေခံလိုအပ်ချက်ဖြစ်သည့် လမ်းပန်းဆက်သွယ်မှုဆိုင်ရာ ရထားလမ်း၊ ကားလမ်းတို့ကို တိုးချဲ့ဖောက်လုပ်နေခြင်းဖြစ်သည်။ ဒေသတစ်ခုနှင့်တစ်ခု ဆက်သွယ်သွားလာရေး လွယ်ကူမှသာ တရားဥပဒေစိုးမိုးရေးနှင့် ဖွံ့ဖြိုးရေးလုပ်ငန်းများကို ဆောင်ရွက်နိုင်မည်ဖြစ်သည်။

ရောဝတီတိုင်းသည် ယခင်က ရေလမ်းခရီးကိုသာ အဓိကအသုံးပြုခဲ့ရသည်။ သို့ဖြစ်၍ ဒေသတစ်ခုနှင့်တစ်ခု ကုန်စည်စီးဆင်းမှု နှောင့်နှေးကြန့်ကြာမှုများရှိခဲ့ပြီး ပညာရေး၊ လူမှုရေး၊ စီးပွားရေး၊ ကျန်းမာရေးတို့သည်လည်း ဖွံ့ဖြိုးသင့်သလောက် မဖွံ့ဖြိုးခဲ့ပေ။ တပ်မတော်အစိုးရလက်ထက်တွင် ဒေသအားလုံး တစ်ပြေးညီ ဖွံ့ဖြိုးတိုးတက်ရေးအတွက် အခြေခံကျသည့် လမ်းပန်းဆက်သွယ်မှု လုံခြုံချောမွေ့ အဆင်ပြေရေးကို အလေးထားဆောင်ရွက်ခဲ့သည့်အတွက် ယနေ့အချိန်အခါတွင် ရောဝတီတိုင်းအတွင်း ဒေသတစ်ခုနှင့်တစ်ခု လမ်းပန်းဆက်သွယ်ရေးသည် အထူးဖွံ့ဖြိုးတိုးတက်ခဲ့သည်။

နိုင်ငံတော်အကြီးအကဲ ဗိုလ်ချုပ်မှူးကြီးသန်းရွှေ၏ လမ်းညွှန်မှုဖြင့် လမ်းပန်းဆက်သွယ်မှု အခက်အခဲများကြောင့် ဖွံ့ဖြိုးတိုးတက်မှု နောက်ကျခဲ့ရသည့် ရောဝတီမြစ် အနောက်ဘက်ခြမ်းဒေသများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် အလေးထားဆောင်ရွက်ခဲ့ရာ ပုသိမ်–မုံရွာ ကားလမ်းကို ဖောက်လုပ်ပေးခဲ့ပြီး ဖြစ်သည်။ ယခုအခါ စရိတ်စက သက်သာစွာဖြင့် ကုန်စည်နှင့် ခရီးသည်များကို အချိန်တိုအတွင်း များများသယ်ယူပို့ဆောင်နိုင်သည့် ရောဝတီမြစ်အနောက်ဘက်ခြမ်း၏ အဓိကရထားလမ်းကြီးဖြစ်သည့် ပုသိမ်–ကြံခင်း၊ ပခုက္ကူ–ကလေး ရထားလမ်းကို ရထားပို့ဆောင်ရေးဝန်ကြီးဌာန မြန်မာ့မီးရထား ဝန်ထမ်းများက အားကြိုးမာန်တက် တာဝန်ယူဖောက်လုပ်လျက်ရှိသည်။ ရောဝတီတိုင်းအတွင်း ကြံခင်း–ဉသျှစ်ပင်လမ်းပိုင်း ၄၀ဒသမ၅ မိုင်ကို အမြန်ဆုံး ဖောက်လုပ်ဖွင့်လှစ်နိုင်ရေး ဆောင်ရွက်လျက်ရှိသည်။

ဤ ပုသိမ်–ကြံခင်း–ပခုက္ကူ–ကလေး ရထားလမ်းကြီးသည် ရောဝတီတိုင်း၊ ပဲခူးတိုင်း၊ မကွေးတိုင်း၊ စစ်ကိုင်းတိုင်း တိုင်းကြီးလေးတိုင်းတို့၏ နယ်မြေဒေသများကို ဖြတ်သန်းဖောက်လုပ်ထားခြင်း ဖြစ်သည့်အတွက် အဆိုပါဒေသများ၏ စီးပွားရေး၊ လူမှုရေး အပြန်အလှန် ကူးလူးဆက်ဆံမှုကို များစွာ အထောက်အကူပြုမည် ဖြစ်သည်။

ဖားတစ်ရှဉ်းတံတားသည် ဤရထားလမ်းအတွက် အဓိကကျသည့် တံတားတစ်ခုဖြစ်သကဲ့သို့ မြန်အောင်၊ ကြံခင်းကားလမ်းအတွက် ကားပါ ဖြတ်ကူးနိုင်သည့် တံတားတစ်ခုလည်းဖြစ်သည်။ လမ်းပန်းဆက်သွယ်ရေးအတွက် အရေးပါသည့် တံတားပြိုလဲခဲ့ချိန်တွင် မြန်အောင်မြို့နယ်၊ ကြံခင်းမြို့နယ်ဘက်ခြမ်းက ပြည်သူလူထုသည် စီးပွားရေး၊ လူမှုရေး၊ ကူးသန်းဆက်သွယ်သွားလာမှု အဆက်ပြတ်ခဲ့သည်။

ဒေသခံပြည်သူများ ကြုံတွေ့နေရသည့် အခက်အခဲများကို ရထားပို့ဆောင်ရေးဝန်ကြီးဌာန မြန်မာ့မီးရထား ဝန်ထမ်းများက ဖားတစ်ရှဉ်းတံတားသစ်ကြီးကို အသစ်ပြန်လည်တည်ဆောက် ဖွင့်လှစ်ပေးခြင်းဖြင့် ဖြည့်ဆည်းပေးနိုင်လိုက်ပြီ ဖြစ်သည်။

ဖားတစ်ရှဉ်း တံတားဟောင်းသည် ၁၉၂၃ခုနှစ်က တည်ဆောက်ခဲ့ခြင်းဖြစ်သည့်အတွက် သက်တမ်းကာလ ၈၃နှစ်ရှိပြီး ဖြစ်ခဲ့သည်။ ကားရော ရထားပါသွားလာနိုင်အောင် တည်ဆောက်ထားသည့် တံတားဖြစ်သည်။ ယခင်ကားလမ်းအကျယ်မှာ ၁၀ ပေရှိသည်။ မာလာမုန်တိုင်းတိုက်ခတ်ပြီး ရေကြီးမှုကြောင့် တံတားပြိုလဲခဲ့ရသည့်အတွက် မြန်အောင်–ကြံခင်းလမ်းပိုင်းတွင် ရထားသာမက ကားများပါ သွားလာမှု ပြတ်တောက်ခဲ့ရသည့် အခြေအနေများ ဖြစ်ပေါ်ခဲ့ရသည့်အတွက် မြန်မာ့မီးရထားဝန်ထမ်းများအနေဖြင့် လမ်းပန်းဆက်သွယ်မှု အမြန်ဆုံးကောင်းမွန်ရေး၊ ရေရှည်တည်တံ့ခိုင်မြဲရေးအတွက် နေ့မအား၊ ညမနား အသစ်တစ်ဖန်ပြန်လည် တည်ဆောက်ခဲ့သည်။

အဆိုပါတံတားကို အသစ်တစ်ဖန် ပြန်လည်တည်ဆောက်ရာတွင် ရေရှည်တည်တံ့ခိုင်မြဲစေရန် Bore Pile အုတ်မြစ်၊ အပေါ်ပိုင်း သံကူကွန်ကရစ်တိုင်ဖြင့် တည်ဆောက်ထားပြီး တန်ချိန် ၃၀ အထိရှိသော ကားများပါ ဖြတ်သန်းသွားလာနိုင်ရန် သစ်သားကြမ်းခင်းဖြင့် ဆောက်လုပ်ထားသည်။ ကားလမ်းအကျယ် ၁၃ပေဖြစ်ပြီး၊ တံတားအရှည် ၄၆၉ ပေရှိသည်။ ၃၀–၄–၂၀၀၆ရက်တွင် တံတားပြိုလဲခဲ့သဖြင့် ဖွင့်လှစ်နိုင်ခဲ့သည်အထိ ပြုပြင်တည်ဆောက်ချိန် ၁၁လနီးပါး ကြာမြင့်ခဲ့သည်။

**ရထားပို့ဆောင်ရေးဝန်ကြီးဌာန မြန်မာ့မီးရထားအနေဖြင့် နိုင်ငံတော်အကြီးအကဲ၏ လမ်းညွှန်ချက်နှင့်အညီ ရထားလမ်းများ ပိုမို တိုးတက်ကောင်းမွန်အောင် ပြုပြင်ခြင်း၊ အဆင့်မြှင့်တင်ခြင်း၊ လမ်းပန်းဆက်သွယ်မှု ပိုမိုကောင်းမွန်စေရန်နှင့် ဒေသဖွံ့ဖြိုးတိုးတက်မှုများ ပိုမိုဖြစ်ထွန်းလာစေရန်အတွက် ရထားလမ်းသစ်များ တိုးချဲ့ဆောက်လုပ်ပေးခြင်း၊ လူစီးတွဲနှင့် ကုန်တွဲများ ကုန်ကျစရိတ်သက်သာစွာ ပြည်တွင်း၌ ထုတ်လုပ်နိုင်ရေးစသည့် ရုပ်ပိုင်းဆိုင်ရာ တိုးတက်ကောင်းမွန်ရေးသာမက ခရီးသွားပြည်သူများ အဆင်ပြေစွာ သွားလာနိုင်ရေးအတွက်ပါ ကြိုးပမ်း ဆောင်ရွက်လျက်ရှိသည်။**

သက်တမ်းရှည်ကြာခဲ့ပြီဖြစ်၍ ပြိုလဲပျက်စီးသွားသော ဖားတစ်ရှဉ်းတံတားကို အသစ်တစ်ဖန် ခိုင်ခိုင်မာမာ ပြန်လည်တည်ဆောက်ပေးနိုင်ခဲ့ခြင်းကြောင့် ဒေသခံပြည်သူတို့အတွက် လမ်းပန်းဆက်သွယ်မှု လုံခြုံချောမွေ့စေသည့်အပြင် ကုန်စည်ပို့ဆောင်မှုကိုလည်း သွက်လက်မြန်ဆန်စွာ ဆောင်ကြဉ်းလျက်ရှိပါကြောင်း ရေးသားလိုက်ရပါသည်။ ။



**ခရီးသွား ပြည်သူများ အချိန်တိုအတွင်း လုံခြုံချောမွေ့ စိတ်ချမ်းမြေ့စွာ သွားလာနိုင်မည့် အရှည်၄၆၉ပေ၊ အကျယ် ၁၃ပေရှိ ရောဝတီတိုင်း မြန်အောင်မြို့နယ်ရှိ ဖားတစ်ရှဉ်း တံတားပေါ်မှ ရထားဖြတ်သန်း ခုတ်မောင်းလာစဉ်။** (သတင်းစဉ်)

17-8 (15) 1 8/17/07, 1:27 AM

**နိုင်ငံရေးဦးတည်ချက်(၄)ရပ်**

- နိုင်ငံတော် တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေ စိုးမိုးရေး
- အမျိုးသား ပြန်လည် စည်းလုံး ညီညွတ်ရေး
- ခိုင်မာသည့် ဖွဲ့စည်းပုံ အခြေခံ ဥပဒေသစ် ဖြစ်ပေါ်လာရေး
- ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံ အခြေခံ ဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

**စီးပွားရေးဦးတည်ချက်(၄)ရပ်**

- စိုက်ပျိုးရေးကိုအခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး
- ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- နိုင်ငံတော် စီးပွားရေး တစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသား ပြည်သူတို့၏လက်ဝယ်တွင် ရှိရေး

**လူမှုရေးဦးတည်ချက်(၄)ရပ်**

- တစ်မျိုးသားလုံး၏စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး
- အမျိုးဂုဏ် ဇာတိဂုဏ် မြင့်မားရေးနှင့် ယဉ်ကျေးမှု အမွေအနှစ်များ၊ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
- မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
- တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည် မြင့်မားရေး

# နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးစိုးဝင်း အင်ဒိုနီးရှားနိုင်ငံ လွတ်လပ်ရေးနေ့ သဝဏ်လွှာပေးပို့

**နေပြည်တော် ဩဂုတ် ၁၇**

၂၀၀၇ ခုနှစ် ဩဂုတ် ၁၇ ရက်တွင် ကျရောက်သော အင်ဒိုနီးရှားသမ္မတနိုင်ငံ၏ (၆၂)နှစ်မြောက် လွတ်လပ်ရေးနေ့ အခါသမယ၌ ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးစိုးဝင်းထံမှ အင်ဒိုနီးရှားသမ္မတနိုင်ငံ သမ္မတ ဒေါက်တာဆူဆီလိုဘန်းဘန်း ယူဒိုယိုနိုထံသို့ ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့သည်။ **(သတင်းစဉ်)**

# နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဝင် ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်း တရုတ်ပြည်သူ့လွတ်မြောက်ရေးတပ်မတော် ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့အား နေပြည်တော်လေဆိပ်၌ ကြိုဆိုနှုတ်ဆက်

**နေပြည်တော် ဩဂုတ် ၁၆**

နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဝင် ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်းသည် ယမန်နေ့နံနက် ၉နာရီ ၁၀မိနစ်တွင် နေပြည်တော်သို့ တပ်မတော်လေယာဉ်ဖြင့် ရောက်ရှိလာသော တရုတ်ပြည်သူ့သမ္မတနိုင်ငံ တရုတ်ပြည်သူ့လွတ်မြောက်ရေးတပ်မတော် Jinan Military Region Command မှ Political Commissar General, Liu Dongdong ဦးဆောင်သော ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့ဝင်များအား နေပြည်တော်လေဆိပ်၌ ကြိုဆိုနှုတ်ဆက်သည်။**(ယာပုံ)**



**မိုးရွာသွန်းလေသမျှ**

**(၁၆-၈-၂၀၀၇)**

| |
|---|
| ကျောက်ကြီး |
| ၅ ဒသမ ၆၃ လက်မ |
| မိုးကုတ် |
| ၅ ဒသမ ၅၆ လက်မ |
| ပူတာအို |
| ၂ ဒသမ ၅၆ လက်မ |
| ကျော့သောင်း |
| ၁ ဒသမ ၉၇ လက်မ |
| ခန္တီး |
| ၁ ဒသမ ၈၉ လက်မ |
| ကသာ |
| ၁ ဒသမ ၈၅ လက်မ |

**ကြိုဆိုနှုတ်ဆက်**

ဧည့်သည်တော် Political Commissar General, Liu Dongdong ဦးဆောင်သော ချစ်ကြည်ရေးကိုယ်စားလှယ် အဖွဲ့ဝင်များအား နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်းနှင့်အတူ နေပြည်တော်တိုင်းစစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ်ဝေလွင်နှင့် တပ်မတော်အရာရှိကြီးများက နေပြည်တော်လေဆိပ်တွင် ကြိုဆိုနှုတ်ဆက်ကြသည်။

**(သတင်းစဉ်)**

# ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်းအား တရုတ်ပြည်သူ့လွတ်မြောက်ရေးတပ်မတော် ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့ တွေ့ဆုံနှုတ်ဆက်



**နေပြည်တော် ဩဂုတ် ၁၆**

နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဝင် ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်းအား နေပြည်တော်၌ ချစ်ကြည်ရေးခရီး အလည်အပတ်ရောက်ရှိနေသော တရုတ်ပြည်သူ့သမ္မတနိုင်ငံ တရုတ်ပြည်သူ့လွတ်မြောက်ရေးတပ်မတော် Jinan Military Region Command မှ Political Commissar General, Liu Dongdong ဦးဆောင်သည့် ချစ်ကြည်ရေး ကိုယ်စားလှယ်အဖွဲ့သည် ယမန်နေ့ညနေ ၆ နာရီခွဲတွင် နေပြည်တော် ဟိုတယ်ဇုန်ရှိ ရွှေနန်းတော် ဟိုတယ်သို့ လာရောက်တွေ့ဆုံသည်။ **(ဓါတ်ပုံ)**

**တက်ရောက်**

ထိုသို့တွေ့ဆုံရာတွင် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်းနှင့် အတူ နေပြည်တော်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ဝေလွင်၊ စစ်ဦးစီးအရာရှိချုပ်(ရေ) ဗိုလ်ချုပ်ဉာဏ်ထွန်း၊ စစ်ဦးစီးအရာရှိချုပ်(လေ) ဗိုလ်မှူးချုပ်ခင်အောင်မြင့်၊ ဒုတိယတပ်မတော်လေ့ကျင့်ရေးအရာရှိချုပ် ဗိုလ်ချုပ်ဇော်ဝင်း၊ တွဲဖက်စစ်ရေးချုပ် ဗိုလ်ချုပ်လှရွှေနှင့် တွဲဖက်စစ်ထောက်ချုပ် ဗိုလ်ချုပ်ခင်မောင်ထွန်းတို့ တက်ရောက်ကြပြီး ဧည့်သည်တော် တရုတ်ပြည်သူ့သမ္မတနိုင်ငံ တရုတ်ပြည်သူ့လွတ်မြောက်ရေးတပ်မတော် Jinan Military Region Command မှ *စာမျက်နှာ ၉ ကော်လံ ၃*